# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော်(၇)ရက် ၊ သောကြာနေ့ ၊ (22-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၀၆)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနား ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်ရုပ်တုနှင့် Naypyitaw State Polytechnic University ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ အင်ဂျင်နီယာပညာရှင်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်၊


**စာမျက်နှာ ၁၆ ကော်လံ ၁**





ရတနာပုံ
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် နိုင်ငံ့သားကောင်းများ

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)ထိ ဖွင့်လှစ်၍စစ်ပညာများသင်ကြားပေးလျက်ရှိပေသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်လာခဲ့ခြင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေရှည်တစိုက်မတ်မတ်လုပ်ရမည့် အထူးကောင်းမွန်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပေသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်လာသောကြောင့် နိုင်ငံသားအားလုံး မဖြစ်မနေတာဝန်ထမ်းဆောင်ရမည် မဟုတ်ဘဲ လိုသလောက်အကန့်အသတ်ဖြင့် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏လွတ်လပ်ရေးအချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ကာ ယခုအခါ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်ပေသည်။

စစ်မှုထမ်းခြင်းမှရရှိလာမည့် အတွေ့အကြုံနှင့် အသိပညာများကြောင့် အနာဂတ်လူငယ်များ၏ ဘဝရပ်တည်မှုကို များစွာအထောက်အကူပေးနိုင်မည်ဖြစ်သကဲ့သို့ ကိုယ်ပိုင်လုပ်ငန်းခွင်နယ်ပယ်တွင်လည်း ရင်ဆိုင်ကြုံတွေ့လာရမည့် အခက်အခဲများစွာကို ဖြေရှင်းနိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်စွမ်းမှုများလည်း ရရှိစေမည်ဖြစ်ပေသည်။

ယခုအခါ သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည် အဖွဲ့အစည်းဖြင့် စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များရရှိပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ်အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်းတပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းသည် နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံသားအားလုံးအတွက်ပင် ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များသင်ကြားခြင်းဖြင့် လူငယ်များသည် မိမိကိုယ်ကိုယုံကြည်မှု၊ မိမိအဖွဲ့အစည်းအပေါ် ယုံကြည်မှု၊ မိမိနိုင်ငံအပေါ် ယုံကြည်မှုများ တိုးမြင့်လာမည်ဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအကောင်အထည်ပေါ်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ကာကွယ်ရေးနှင့် လုံခြုံရေးအသိရှိသည့် နိုင်ငံသားများ ပိုမိုများပြားလာမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ဖြစ်တည်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုတို့ ရေရှည်တည်တံ့မည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့တော်ခန်းမ၌ ကမ္ဘာ့ကလေးများနေ့အခမ်းအနားကျင်းပ




**မန္တလေး နိုဝင်ဘာ ၂၁**

၃၅ နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ကလေးလူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်း၊ အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်ကိုအတည်ပြု ပြဋ္ဌာန်းခဲ့သည့် နိုဝင်ဘာ ၂၀ ရက်ကို ကမ္ဘာ့ကလေးများနေ့ (World Children's Day)အဖြစ် သတ်မှတ်ကာ ကမ္ဘာတစ်ဝန်းအခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၁ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး ကလေးသူငယ်များ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးများ၏ အနာဂတ် ကောင်းကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် ဘက်စုံ၊ ကဏ္ဍစုံမှ စဉ်ဆက်မပြတ်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ Video clip ပြသခြင်း၊ ကလေးပြုစုရေးဌာနရှိ ကလေးများနှင့် မူလတန်းကြိုကျောင်းများရှိ ကလေးများက တင်ဆက်ကပြခြင်းများကိုကြည့်ရှုအားပေးပြီးနောက် သရုပ်ဖော်တင်ဆက်ကပြခဲ့ကြသည့် ကလေးများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများကဂုဏ်ပြုငွေများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မျိုးကျော်**

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး နိုဝင်ဘာ ၂၁**

မန္တလေး ကားဈေးကွက်တွင် ကားဈေးများ မြင့်တက်နေဆဲဖြစ်ရာ ကားဈေးများပြန်လည်ကျဆင်းရန်အတွက် ဂျပန် Use ကားများ ပြန်တင်သွင်းခွင့်ပြုရန် လိုအပ်ကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ကားတင်သွင်းခွင့်ပြုထားရာတွင်လည်း ၂၀၂၂ မော်ဒယ် ဘယ်မောင်းတစ်မျိုးတည်းကိုသာ တင်သွင်းခွင့် ပေးထားကြောင်း၊ လက်ရှိအခြေအနေတွင် ပွိုင့်သရီး ကားအမျိုးအစားများ၌ ဟွန်ဒါဖစ်၊ တိုယိုတာဝှစ်၊ တိုယိုတာဗစ်၊ တိုယိုတာရက်တစ်၊ တိုယိုတာဘယ်တာ ကားအမျိုးအစားများ အရောင်းအဝယ် ရှိနေကြောင်း သိရသည်။

"အခုက ကားတင်သွင်းခွင့်ပြုထားတယ်ဆိုပေမဲ့ ၂၀၂၂ မော်ဒယ်ကစပြီး ဘယ်မောင်းတစ်မျိုးတည်း တင်သွင်းနေရတယ်။ ၂၀၂၂ မော်ဒယ်ပဲသွင်းရမယ်ဆိုရင် ကားတန်ဖိုးက မြင့်နေမှာပဲဖြစ်တယ်။ အဲဒီတော့ ပြည်တွင်းမှာ ကားဈေးတွေ ကျဖို့ဆိုရင် အရင်လို ဂျပန် Use ကားတွေကို ပြန်တင်သွင်းခွင့် ပြုပေးဖို့လိုပါတယ်"ဟု ကားဝယ်ရောင်းပြုလုပ်သူ ဦးဇော်ကြီးက ပြောသည်။

၆၆၀ စီစီ ပစ်ကပ်ကားများတွင် ဟိုက်ဂျက်အော်တို ငွေကျပ်သိန်း ၂၀၀ ခန့်၊ Manual ငွေကျပ် ၁၆၅ သိန်း၊ အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၃၀၊ Auto ငွေကျပ်သိန်း ၁၅၀ ခန့်ရှိကြောင်း သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင်လည်း ဆိုင်ကယ်အရောင်းအဝယ်များ အေးနေမှုကြောင့် ဈေးတန်းမြင့် တစ်ပတ်ရစ်ဘီးများပါ ဈေးလျှော့ရောင်းချနေရကြောင်း ဆိုင်ကယ်ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ဆိုင်ကယ်တင်သွင်းမှုများ လျော့ကျလာမှုနှင့်အတူ အသစ်ဘီးများ ဈေးကျလာသော်လည်း အရောင်းအဝယ်ဖြစ်မှုနည်းနေသေးကာ တစ်ပတ်ရစ်ဘီးများတွင် ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဈေးနှုန်းတွေအနေနဲ့ အသစ်ဘီးတွေမှာ ကျနေတယ်ဆိုပေမဲ့ အရောင်းအဝယ်ကတော့ နည်းနေပါတယ်။ ဈေးတန်းမြင့်တစ်ပတ်ရစ်ဘီးတွေကိုလဲ ဈေးလျှော့ရောင်းနေတာမျိုးတွေရှိလာပါတယ်"ဟု ၅၉ လမ်းဆိုင်ကယ်ဝိုင်းမှ ဆိုင်ကယ်ဝယ်ရောင်းပြုလုပ်သူ ဦးမင်းနိုင်က ပြောပြ၍ သိရသည်။

**(၁၇၃)**

# ရေတာကောင်းမြို့၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၃၁၁၂ ဧက စိုက်ပျိုးမည်

**ပေတော နိုဝင်ဘာ ၂၁**

ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၃၁၁၂ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၁၁၂ ဧက စိုက်ပျိုးရန်လျာထားကြောင်း၊ အဆိုပါမြေပဲများကို ပြည်သူများ ဆီစားသုံးမှုဖူလုံစေရန်၊ ဘေးကင်းလုံခြုံသည့်ဆီများ စားသုံးနိုင်ရန်၊ဒေသနှင့်နိုင်ငံတော်၏စားသုံးဆီ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းကဖြည့်ဆည်းပေးနိုင်ရန်အတွက် စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငရုတ်ကောင်းမြို့အတွင်း မြေပဲ ၃၁၁၂ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်''ဟု ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် မြေပဲ စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေး၊ မြေပဲမျိုးစေ့ရွေးချယ်မှု မှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးသုံးစွဲမှုမှန်ကန်စေရေး စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောက်ပန်းတောင်းမြို့နယ် သံဘိုရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် သံဘိုရွာသစ်ကျေးရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်း ဆောက်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်၊ အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင်များနှင့်အတူ သံဘိုရွာသစ်ကျေးရွာ၌ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၂၄ ပေရှိ ရေစင်တည်ဆောက်ခြင်း၊ အချည်ပေ ၁၀၅၀ ရှိ နှစ်လက်မ ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သံဘိုရွာသစ်ကျေးရွာရှိ အဆိုပါ ရေရရှိရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်း၊ စုစုပေါင်းရန်ပုံငွေကျပ် ၁၉၅ သိန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၆၉ လမ်း၊ ၃၇-၃၈ လမ်းကြားနေ ဦးသန်းငွေအောင်-ဒေါ်သင်းသင်းကြူ၊ သမီး-မသုတခေတ်ကျော်၊ သား-မောင်သားမြတ်ဘုန်းကျော် မိသားစုက ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၈၀၉၂ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မော်လိုက် နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးမော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၈၀၉၂ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၃၄၅၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၈၀၉၂ ဧကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကေလျှင် ၇၄ ဒသမ ၃၂ တင်းထွက်ရှိကြောင်း သိရသည်။

"ဖောင်းပြင်မြို့နယ်အတွင်း ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးဧကေ ၅၃၀၀၀ ကျော်ထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မိုးစပါးခင်းတွေ အခုလက်ရှိမှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧကေ ၈၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကျန်တဲ့ဧကေတွေကို ဆက်လက်ရိတ်သိမ်းနေပါတယ်။ စပါးစိုက်ပျိုးရာမှာလိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဖောင်းပြင်မြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ညောင်ဦးမြို့နယ် ပျဉ်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်းချောင်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ချေးငွေအတိုးနှုန်းများနှင့် ပြန်လည်ပေးဆပ်ရမည့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပျဉ်းချောင်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၆၀ ကို ငွေကျပ် ၄၁ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ခုနစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်၄၈ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ညောင်တုန်းမြို့နယ်တွင် ဒေသထွက်ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**ညောင်တုန်း နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဒေသထွက် ခဝဲသီးများ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမာက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ဒေသထွက်ခဝဲသီးများ ကုန်စိမ်းဈေးကွက်တွင် နိုဝင်ဘာလ ပထမပတ်မှစတင်၍ ယနေ့ထိ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းနေကြောင်း၊ လက်ရှိတစ်ရက်လျှင် ခဝဲသီးအလုံးရေ ၂၀၀၀၀ မှ ၂၅၀၀၀ ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းလာကြောင်း၊ အဆိုပါ ခဝဲသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၇၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများပြားနေပါတယ်။ လက်ရှိ တစ်ရက်ကို ခဝဲသီးအလုံးရေ ၂၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ခဝဲသီးက ညောင်တုန်းမြို့နယ်က ဒေသထွက်ကုန်တစ်ခုဖြစ်ပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက အရည်အသွေးကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ ဈေးသက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကိုစားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေက ဒီက ကုန်စိမ်းဈေးကွက်က ခဝဲသီးတွေကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက် ခဝဲသီးတွေ ဝယ်ယူမှုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်းပိုမိုကောင်းမွန်လာပါတယ်"ဟု ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမာက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် လက်ရှိ ခဝဲသီးများ အပါအဝင် ဒေသထွက် ရာသီကုန် ဟင်းသီးဟင်းရွက်များပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ ခဝဲသီးများ ဝယ်ယူမှု အားကောင်းလာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# စွယ်စုံရအနုပညာရှင် ဂန္ထဝင်စာရေးဆရာကြီး အောင်လင်းရဲ့ ကလောင်သစ်အယူအဆ

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ စာရေးနည်း အခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ်(၁၁)ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၄ ရက်မှ ၂၈ ရက်ထိ ဖွင့်လှစ်သင်ကြား ပို့ချလျက်ရှိရာ သင်တန်းသား၊ သင်တန်းသူ ၆၃ ဦး တက်ရောက်သင်ကြားနေကြသဖြင့် မျှော်မှန်းထားသည် ထက်ပင် အောင်မြင်အားရကျေနပ်နေကြပါသည်။

အောင်မြင်အားရ ကျေနပ်နေကြရာတွင် သင်ကြားပို့ချမျှဝေပေးနေကြသော သမ္မာရင့်ဝါရင့် စာရေးဆရာကြီးများကိုယ်တိုင်ရော၊ သင်တန်းသား သင်တန်းသူများကိုယ်တိုင်ပါ နှလုံးစိတ်ဝမ်းချမ်းမြေ့ နေကြရပါသည်။ သင်တန်းတိုင်းတွင် သင်တန်းမှူး အဖြစ် အစဉ်အလာမပျက်ထမ်းရွက်ခဲ့သော စာရေးသူ အနေဖြင့် ပို၍ပင် ကြည်နူးဝမ်းသာပီတိဖြာနေရပါ သည်။ ကြည်နူးဝမ်းသာပီတိဖြာမှုနှင့်အတူ စွယ်စုံရ အနုပညာရှင် ဂန္ထဝင်စာရေးဆရာကြီးအောင်လင်းကို လည်း လွမ်းဆွတ်တမ်းတ မှန်းဆရည်စူး ကျေးဇူး အထူးတင်နေခဲ့ပါသည်။ ၁၉၂၈ ခုနှစ် မတ် ၁၀ ရက် တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့၌မွေးဖွားခဲ့ပြီး ၁၉၈၄ ခုနှစ်တွင်ကွယ်လွန်သွားရှာသော ဦးတင်ဖေ **"ဂန္ထဝင်စာပေပညာရှင်ကြီးအောင်လင်း"** ကွယ်လွန် သွားခဲ့သည်မှာ နှစ် ၄၀ ပြည့်ခဲ့လေပြီ။ သို့သော် စာချစ်သူတိုင်းက **"စွယ်စုံရအနုပညာရှင် ဂန္ထဝင် စာရေးဆရာကြီးအောင်လင်း"**ကို အောက်မေ့သတိရ ပြီး လွမ်းဆွတ်တမ်းတနေကြဆဲပင်။

ဆရာအောင်လင်းသည် ဆန်းသစ်ဆန်းအဖွဲ့၊ တေးသစ်လွင် အပျော်တမ်းတူရိယာအဖွဲ့များကို ဦးဆောင်ပြီး သီချင်းအပုဒ်ရေ ၆၀ ကျော်ရေးသားကာ အသံလွှင့်ခဲ့ကြောင်း၊ **"မေတ္တာရေလှိုင်း"**၊ **"တေးပန်းလွှာ"**၊ **"မေတ္တာရွှေစောင်း"** သီချင်းများသည် နာမည်ကျော်ခဲ့ ကြောင်း၊ ကိုစောညိန်း၏ ဂီတနက်သန်တီးဝိုင်းတွင် လည်း သီချင်းများဆိုခဲ့ကြောင်း ၁၉၄၇ ခုနှစ်မှစ၍ "ပခုက္ကူ၊ အပုလေး၊ ရွှေကူတင်၊ တက္ကသိုလ်ငတိ၊ ဆူးညှော့်၊ အောင်လင်း"ဟူသော ကလောင်မျိုးစုံဖြင့် ရေးသားခဲ့ကြောင်း၊ လုံးချင်းဝတ္ထု ၅၀ ကျော်ရေးသား ခဲ့ရာ အားလုံးလိုလို လူကြိုက်များပြားခဲ့ကြောင်း၊ နာမည်အကြီးဆုံး **"အရိုင်းစံပယ်"**ဝတ္ထုသည် ၁၉၆၁ ခုနှစ်တွင် စာပေဗိမာန်စာမူဆုရခဲ့ကြောင်း၊ ဆရာအောင်လင်းသည် ဂီတနှင့်စာပေသာမက ရုပ်ရှင် မင်းသားလည်းလုပ်ခဲ့သေးကြောင်း၊ ပြဇာတ်များရေး ပြီး ပြဇာတ်ဒါရိုက်တာလည်းလုပ်ခဲ့ကြောင်း စသည် ဖြင့် စွယ်စုံရအနုပညာရှင်ကြီး၊ ဂန္ထဝင်စာရေးဆရာကြီး ဖြစ်ကြောင်း ဆရာဟိန်းလတ် က အမှတ်တရရေးသား ခဲ့သကဲ့သို့ စာချစ်သူများကလည်း ဟောပြောရေးသား ဂုဏ်ပြုနေခဲ့ကြပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း၏သက်တမ်းကို ၁၉၄၀ ပြည့်နှစ်တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော ဒီးဒုတ်ဦးဘချို၏ လက်ထက်မှစ၍ ၁၉၆၃ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော ဥက္ကဋ္ဌဦးသိန်းဖေမြင့် လက်ထက်ထိ ၂၂ နှစ်ကာလကို **"ပထမပိုင်း"**ဟု သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံစာရေးဆရာ အသင်း၏အမွေခံ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌ ဆရာကြီးမင်းသုဝဏ်တာဝန်ယူခဲ့သည့် ၁၉၆၆ ခုနှစ်မှစ၍ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းအဆက်ဆက်၊ ၂၀၂၄ ခုနှစ် မြန်မာ နိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ မြင်းမူမောင်နိုင်မိုး လက်ထက်ထိ ၅၈ နှစ်ကာလကို **"ဒုတိယပိုင်း"**ဟု သတ်မှတ်ထားပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံစာရေး ဆရာအသင်း၏သက်တမ်းမှာ နှစ် ၈၀ ခရီးသို့ရောက်ရှိ ခဲ့လေပြီ။

ဆရာကြီးအောင်လင်း စာပေတာဝန်များကို ထမ်းဆောင်ခဲ့သောကာလမှာ မြန်မာနိုင်ငံစာရေး ဆရာအသင်း၏ ပထမပိုင်းကာလဖြစ်သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ၁၉၅၇- ၁၉၅၈ နှစ်ပတ်လည်အစီရင်ခံစာနှင့် ၁၉၆၂ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာများတွင် ဆရာအောင်လင်း သည် အသင်း၏အမှုဆောင်ကော်မတီဝင်အဖြစ် တောက်လျှောက် တာဝန်ထမ်းဆောင်ခဲ့ပြီး အသင်း၏ စာပေလှုပ်ရှားမှုများတွင် စဉ်ဆက်မပြတ်အကျိုးဆောင် ပေးခဲ့ကြောင်း မှတ်တမ်းတင်ထားခဲ့ကြပါသည်။

၁၉၅၂ ခုနှစ် မေ ၁၁ ရက်က ကျင်းပခဲ့သော **"ကလောင်သစ်ညီလာခံ"**တွင် ဆရာအောင်လင်းသည် စာရေးဆရာအသင်း **"အထွေထွေအတွင်းရေးမှူး"** တာဝန်ဖြင့် **"ကလောင်သစ်ပညာရေး"** ကဏ္ဍကို ဟောပြောခဲ့ကြောင်း၊ ၁၉၅၂ခုနှစ်၊ ဇွန်လထုတ် **"စာပေ သစ်မဂ္ဂဇင်း"** စာမျက်နှာ (၇၄၊ ၇၅၊ ၇၆)တို့တွင် ဖော်ပြ ထားရာ ဆရာအောင်လင်းသည် စာရေးဆရာအသင်း အတွင်းရေးမှူးတာဝန်ထမ်းဆောင်ခဲ့ကြောင်း ခိုင်မာ သောသက်သေဖြစ်ပါသည်။

**❖စာရေးဆရာဆိုတာ ဆေးဆရာဝန်တို့ထက် မနိမ့်တဲ့တာဝန်တွေကို ထမ်းဆောင်နေရတယ်ဆိုတာ နားလည်ထားရမယ်။ ဆရာဝန်ဟာ ဆေးမှားရင်အဆိပ်ဖြစ်သလို စာရေးဆရာရဲ့စာပေဟာလဲ မှောက်မှားရင် စာဖတ်သူရဲ့အသိဉာဏ်ထဲမှာ အဆိပ်အတောက်ဖြစ်စေတယ်။ ဆရာဝန်ဟာ ခန္ဓာကိုယ်မှာရှိတဲ့ ရောဂါပိုးကိုသတ်ဖြတ်ပြီး လူနာကို ကျန်းမာသန်စွမ်းအောင်ကုရသလို စာရေးဆရာဟာ လူတွေရဲ့ အသိဉာဏ်စိတ်ဓာတ်မှာစွဲနေတဲ့ရောဂါပိုးကို နှိမ်နင်းချေဖျက်ပြီး စာဖတ်သူတွေကို အသိဉာဏ်ဖွံ့ဖြိုးမှုကိုရအောင် ရေးသားပြုစုရတာပဲ။ ❖**

ဤနေရာတွင် အဓိကထား မျှဝေပေးချင်သည်မှာ ဆရာအောင်လင်း၏ **"ကလောင်သစ်ပညာရေး"** ဟောပြောချက် အယူအဆများပင်ဖြစ်ပါသည်။ ထိုကလောင်သစ်ပညာရေး ဟောပြောချက်များမှာ စာရေးခါစ ကလောင်သစ်များနှင့် ဝါရင့်သမ္မာရင့် စာရေးဆရာ ကြီး၊ ငယ် အသွယ်သွယ်တို့အတွက် အလေးအနက်ထား၊ စဉ်းစားဆင်ခြင်၊ ရှောင်ကြဉ်ဖွယ်ရာ များနှင့် လိုက်နာကျင့်သုံးကြရမည့် မှတ်သားနာယူ ဖွယ်ရာများပါရှိနေလေရာ ဆရာကြီးအောင်လင်းကို တမ်းတ၊ အမှတ်တရဂုဏ်ပြုသည့်အနေဖြင့် ဟောပြော ချက်များထဲမှ ကောက်နုတ်၍ မျှဝေပေးလိုပါသည်။

ကလောင်သစ်ဆိုတော့ အပျံသင်ခါစ ကလောင် သမားလေးတွေပဲလို့ စာပေလောကမှာ တစ်စိတ် တစ်ပိုင်းက ဒီလိုထင်မှတ်နေကြတယ်။ ဒါကို ကျွန်တော်က မငြင်းလိုပါဘူး။ ကလောင်သစ်ဆိုတာ စာပေနယ်မှာ ဝင်ရောက်လာကြတဲ့ လူသစ် စာရေး ဆရာသစ်တွေလို့လဲ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဒီထင်မြင်ချက်ကို ဖြည့်စွက်ချင်ပါသေး တယ်။ **ပထမအဆင့်**မှာ ကလောင်သစ်ဆိုတာ စာရေး ဆရာသစ်တွေလို့ အဓိပ္ပာယ်ရပါတယ်။ ဒါပေမဲ့ ဒါနဲ့ တင်မရပ်သေးဘူး၊ မကုန်ဆုံးသေးဘူး။ ကလောင်သစ် ဆိုတာ ခုဝင်လာစမှာလဲ သစ်တယ်၊ နောင်လဲ သစ်ဦး မယ်လို့လဲ အဓိပ္ပာယ်ကျန်သေးတယ်။ ဒါကို ခင်ဗျားတို့ ရှင်းအောင် ဥပမာတစ်ခုပြမယ်။ အခုရှိနေတဲ့ စာရေး ဆရာကြီးများကကော ရေးစတုန်းက ကလောင်သစ်ပဲ မဟုတ်လား။ ဒါဟာ ငြင်းနေစရာမလိုဘူး။ သူတို့လဲ ရေးစတုန်းက အသစ်တွေပဲ။ ကောင်းပြီ။ အခု ကြာတော့ ဟောင်းသွားပြီလား။ အဲဒီမေးခွန်းဟာ အလိုလိုပေါ်နေတယ်။ အသစ်ရှိရင် အဟောင်းရှိရမယ် လေ။ ဒီအမေးနဲ့အဖြေကတော့ ဟောင်းကုန်တဲ့ စာရေးဆရာတွေလဲရှိတယ်။ သေသွားသည့်တိုင် အောင်မဟောင်းသေးတဲ့စာရေးဆရာတွေလဲရှိတယ်။ အခုစာပေလောကမှာ အင်နဲ့အားနဲ့ တစ်စုတည်း တစ်စည်းတည်းပေါ်လာကြတဲ့ကလောင်သစ်တွေဟာ နောက်ကြာရင် ဟောင်းသွားမှာလား။ စာပေဂန္ထဝင် တစ်လျှောက်လုံးမှာ ဘယ်တော့မှမဟောင်းဘဲ သစ်သွားတာကိုသာ ခင်ဗျားတို့ လိုလားသင့်ပါတယ်။ ဒီနေရာမှာ အဓိပ္ပာယ်ချင်းကွဲသွားပြီနော်။ ပထမ အဆင့်မှာ ပြောခဲ့တဲ့ စာရေးဆရာအသစ်၊ အရေးသင်စ ကလောင်အသစ်ဆိုတဲ့အဓိပ္ပာယ်နဲ့ **ဒုတိယ** ကလောင် သစ်အဓိပ္ပာယ်ဟာ လုံးလုံးခြားနားသွားပြီ။ အရည် အချင်းချင်းလည်းမတူဘူး။ ဒုတိယဆိုလိုတဲ့ ကလောင်သစ်ကတော့ စာပေဂန္ထဝင်မှာ ဘယ်တော့မှ မဟောင်းဘဲ ထွန်းတောက်သစ်လွင်နေမယ့်အဓိပ္ပာယ် ကို ဆောင်နေတယ်။

ဒီတော့ အခုမျက်မှောက်စာပေလောကမှာ ယူဆ နေကြတဲ့ ကလောင်သစ်ရဲ့ အဓိပ္ပာယ်ကို ကျွန်တော်က အနာဂတ်စာပေလောကမှာ ထွန်းပြောင်စေလိုတဲ့ဆန္ဒ နဲ့ အခုလို အဓိပ္ပာယ်ဖြည့်စွက်ပေးလိုက်ပါတယ်။

ဒီတော့ အခုပြောပြတဲ့အဆင့်ကိုရောက်လာ အောင် အောက်ပါအချက်သုံးချက်ဟာ အဓိကလိုအပ် နေတာကို တွေ့ရတယ်။

ပထမအချက်အားဖြင့် ကလောင်ကိုကိုင်လိုသော **စာပေသမားတစ်ယောက်ဟာ ဘဝနှင့်ပတ်သက်ပြီး ကြွယ်ဝတဲ့ဗဟုသုတရှိရမယ်၊ ခေတ်နှင့်အတူ တက်လှမ်းနိုင်ရမယ်။** ဆိုလိုတာကတော့ လူ့ဘဝမှာ ဖြစ်ပျက်နေတဲ့ အကြောင်းခြင်းရာတွေကို အတွေ့ အကြုံအားဖြင့် ကြွယ်ဝစေရမယ်။ ဘာကြောင့်လဲ ဆိုတော့ **ဒီဘဝအတွေ့အကြုံတွေဟာ စာပေရဲ့ ကုန်ကြမ်းတွေဖြစ်လို့ပဲ၊ စာပေဆိုတာ အနုပညာ ကုန်ချောပစ္စည်းပဲ။** ကုန်ကြမ်းမရှိရင် ကုန်ချောမထုတ် နိုင်ဘူး။ ဒါကြောင့် ရေးဖော်ကလောင်သစ်တွေဟာ စာပေအနုပညာပစ္စည်းတွေထုတ်လုပ်မယ့် စာပေ လုပ်သားကလေးတစ်ဦးဖြစ်လိုရင် စာရေးဆရာ တစ်ယောက်ဖြစ်လိုရင် ရှေးဦးစွာ ဘဝအတွေ့အကြုံ အားဖြင့် ကြွယ်ဝပေါ်များပါစေ။ ဒါမှသာ စာပေ ကုန်ချောပစ္စည်းတွေကို ထုတ်လုပ်နိုင်မယ်။ တကယ့် ဘဝကိုပေါက်ဖွားလာတဲ့ စာရေးဆရာကောင်း တစ်ယောက်ဖြစ်လာနိုင်မယ်။ ဘယ်တော့မှမဟောင်း တဲ့ ကလောင်သစ်၊ စာပေသစ်စာရေးဆရာကောင်း တစ်ယောက် ဖြစ်လာနိုင်မယ်။

ဒုတိယအားဖြင့် **မိမိရေးမယ့်စာပေရဲ့ ရည်ရွယ် ချက်ကို နားလည်ထားရမယ်။** ပြတ်ပြတ်သားသား လဲသဘောပေါက်ထားရမယ်။ ဆိုလိုချက်က စာဘာကြောင့်ရေးသလဲ၊ ဘယ်သူ့အတွက်ရေးသလဲ ဆိုတာကို အဖြေရှိနှင့်ထားရမယ်။ မိမိရဲ့ချစ်သူက စိမ်းကားသွားလို့ လွမ်းဆွေးပြီး စိတ်အယားဖြေတာ ဟာ စာရေးခြင်းရဲ့ရည်ရွယ်ချက်ပဲလို့ ပြောလို့ရမလား၊ ဧရာမ လန်ဘားကြီးတွေရေးပြီး ကိုယ့်အစုကလေး လောက်သာ နားလည်ကျေနပ်နေခြင်းဟာလဲ ပြည့်စုံ ပြီလို့ဆိုနိုင်ပါ့မလား။ တွေ့ကရာရှစ်သောင်းတွေ လျှောက်ရေး၊ စာဖြစ်ပြီးရောဆိုပြီး စွံတဲ့ဟာစွံ၊ မစွံ တဲ့ဟာမစွံ၊ ဒီလိုနဲ့ ကျေနပ်ကြမလား။ ပိုက်ဆံရပြီး ရောဆိုပြီး လူကြိုက်အောင်စွတ်ရေးနေတာလဲ စာရေး ဆရာရဲ့ရည်ရွယ်ချက်မြောက်ရောလား။ ဒါတွေ အားလုံးဟာ သဘောနဲ့လုပ်နည်းကိုင်နည်းမှာလွဲပြီး စာရေးဆရာရဲ့တာဝန်ကို ချိုးဖျက်ရာမှာတော့ အတူတူ ချည်းပါပဲ။ ဒီတော့ ကျွန်တော်တို့ဟာ တကယ့် စာဖတ်သူတွေက ယုံကြည်ကိုးစားထိုက်တဲ့ စာရေး ဆရာကောင်းတစ်ယောက်ဖြစ်ဖို့ ရှေးဦးစွာ သူတို့ အပေါ်မှာ မွန်မြတ်တဲ့စေတနာတွေ ထားရှိရမယ်၊ မှန်ကန်တဲ့ ရည်ရွယ်ချက်တွေ ရှိရမယ်။ ကျွန်တော် တို့ရေးတဲ့စာပေတွေအတွက် စာဖတ်သူမှာ အကျိုးခံစား ခွင့်ရှိပါစေ၊ စာဖတ်သူရဲ့အကျိုးစီးပွားကိုဆောင်ယူ ဖို့ အဓိကတာဝန်အဖြစ်ရှိပါစေ။ စာရေးဆရာဆိုတာ ဆေးဆရာဝန်တို့ထက် မနိမ့်တဲ့တာဝန်တွေကို ထမ်းဆောင်နေရတယ်ဆိုတာ နားလည်ထားရမယ်။ ဆရာဝန်ဟာ ဆေးမှားရင်အဆိပ်ဖြစ်သလို စာရေးဆရာ ရဲ့စာပေဟာလဲ မှောက်မှားရင် စာဖတ်သူရဲ့အသိဉာဏ် ထဲမှာ အဆိပ်အတောက်ဖြစ်စေတယ်။ ဆရာဝန်ဟာ ခန္ဓာကိုယ်မှာရှိတဲ့ ရောဂါပိုးကိုသတ်ဖြတ်ပြီး လူနာကို ကျန်းမာသန်စွမ်းအောင်ကုရသလို စာရေးဆရာဟာ လူတွေရဲ့ အသိဉာဏ်စိတ်ဓာတ်မှာ စွဲနေတဲ့ရောဂါပိုး ကို နှိမ်နင်းချေဖျက်ပြီး စာဖတ်သူတွေကို အသိဉာဏ် ဖွံ့ဖြိုးမှုကိုရအောင် ရေးသားပြုစုရတာပဲ။

ဒါကြောင့် ကျွန်တော်တို့ဟာ စာဖတ်သူတွေရဲ့ ယုံကြည်ကိုးစားမှုကို ခံယူရရှိနိုင်အောင် အထက်ပါ ရည်ရွယ်ချက်မျိုးကိုလည်း ရှိရဦးမယ်။

**တတိယ**ကတော့ **စာအရေးအသားဟန်**နဲ့ ပတ်သက်ပြီးလည်း စာရေးဆရာတစ်ယောက်ဖြစ်ဖို့ လိုအပ်တဲ့အချက်တစ်ခုပဲ။ အခုပြောခဲ့တဲ့ အချက်နှစ်ချက် ကိုမြောက်ဖို့က အရေးအသားပိုင်းမှာလဲ လိုလိမ့်အုံး မယ်။ **စာရေးဆရာဆိုတာလဲ ယဉ်ကျေးမှုအလုပ် သမားပဲ။** ဒီတော့ ပန်းရန်၊ ပန်းပု၊ ပန်းချီဆရာတွေ လို လက်ရာကောင်းအောင်လဲ ကြိုးစားရမယ်။ စိတ်မပျက်တမ်း တကယ့်ဇွဲနဲ့ အရေးအသားတိုးတက်မှု ကိုကြိုးစားရမယ်။ စာအရေးအသားတိုးတက်မှုဟာ အမှန်တော့ အားကျင့်သလိုပါပဲ။ ကြွက်သားလေ့ကျင့် ခန်းလိုပဲ အလေ့အကျင့်လဲလိုတယ်၊ စနစ်ကျဖို့လဲလို တယ်။ ဆိုလိုတာက လေ့ကျင့်မှုမရှိဘဲ စနစ်မကျရင် တကယ်တမ်း တိုးတက်မှုကိုမရနိုင်ဘူး။ ဥပမာ အဖွဲ့ အနွဲ့ကောင်းတဲ့ စာရေးဆရာတစ်ယောက်ဟာ နင်းကန်ဖွဲ့နွဲ့နေရင် နောက်တော့ ဘာမှမသိအောင် ရှုပ်ထွေးပြီး လုံးလည်လိုက်သွားမှာပဲ။ ဒါကြောင့် အရေးအသားဟန်မှာလဲ မိမိလိုတဲ့နေရာကို လေ့ကျင့် ပြင်ဆင်ခြင်းအားဖြင့် တိုးတက်လာဖို့လိုတယ်။ နောက်ပြီး ရေးဟန်ရေးနည်းနဲ့ပတ်သက်ပြီး အတွေး မခေါင်ကြပါနဲ့။ ကြီးကြီးကျယ်ကျယ်တွေ လှမ်းတွေး မနေပါနဲ့။ စာပေဟန်ဆိုတာ စာဖတ်သူနဲ့ဆက်သွယ် ရေးပေါင်းကူးတံတားပါပဲ။ စာဖတ်သူက တွေ့ထိနိုင်ရ မယ်။ နားလည်နိုင်ရမယ်။ စာဖတ်သူကို ဩဇာ ညောင်းစေရမယ်။ ဆွဲဆောင်နိုင်ရမယ်။ ဒါဟာ စာပေ ဟန်ရဲ့သဘောပဲ။

**အတွေ့အကြုံတွေကြွယ်ဝခဲ့ပေမယ့်ဒီအတွေ့အကြုံ တွေကို ဖောက်သည်ချရာမှာ ရည်ရွယ်ချက်မမှန်ရင်၊**

**စာမျက်နှာ ၅ သို့ ➤**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၄၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၄၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ဧက ၁၂၂၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ဂျုံဧက ၁၂၂၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၄၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဂျုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေးဆွေးနွေးတာတွေလုပ်တယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့နှုန်းထားတွေ၊ ပေါင်းရှင်းဖို့လုပ်ငန်းတွေနဲ့ ဂျုံအထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံများအားလုံး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဂျုံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းဂျုံများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဂျုံသီးနှံစိုက်ပျိုးမှုအနေဖြင့် တစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းခန့် ကုန်ကျပြီး ၂၁ တင်းခန့် ထွက်ရှိကြောင်း သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

**စေတနာမသန့်ရင် အလကားပဲ။ အတွေ့အကြုံလဲ ချမ်းသာ၊ ရည်ရွယ်ချက်လဲမှန်၊ ဒါပေမဲ့ ရေးသားရာမှာ စာဖတ်သူတွေနဲ့ မဟပ်မိ မပေါင်းစပ်မိရင်လဲ အလကားပဲ။ ရည်ရွယ်ချက်လဲမှန် အရေးအသားလဲကောင်းပြီး အတွေ့အကြုံအရ ခေါင်းပါးနေလို့ရှိရင် ဘိုင်စကုတ်က ခိုးချ၊ နိုင်ငံခြားစာပေတွေက ခိုးချနေရတဲ့ စာပေသမားတွေဖြစ်သွားမှာပဲ။** အရေးအသားမှာကောင်းပြီး အတွေ့အကြုံအရ ခေါင်းပါးနေလို့ ဒီတစ်ပတ်တော့ဗျာ ဘာရေးရမယ် မသိပါဘူးလို့ စာရေးဖို့စိတ်ညစ်နေရတဲ့ စာရေးဆရာတွေလိုလဲ မဖြစ်ကြဖို့လဲလိုပါတယ်။ အတွေ့အကြုံမှန်ပြီး ရည်ရွယ်ချက်မမှန်လို့ဖြစ်ကတတ်ဆန်းစာပေတွေရေးနေကြတဲ့ စာရေးဆရာတွေလိုလဲ မဖြစ်ကြဖို့လိုအပ်တယ်။ အဲဒီလိုပဲ ရေးနည်းသားနည်းမှာ မကျွမ်းကျင်လို့ စာမရေးတဲ့ စာရေးဆရာလဲ မဖြစ်ကြပါစေနဲ့။

**အတွေ့အကြုံလဲကြွယ်ဝအောင်၊ ဘဝမှာ စုဆောင်းကြပါ။ ရည်ရွယ်ချက်ကောင်း၊ စိတ်ကောင်းစေတနာကောင်းလဲထားကြပါ။ အရေးအသားစာပေဟန်မှာလဲ တိုးတက်ရင့်သန်အောင် ကြိုးစားကြပါ။** အခု ကလောင်သစ်တွေထဲက ဒီအချက်တွေနဲ့ ပြည့်စုံအောင် ကြိုးစားကြမယ်၊ ပြည့်စုံလာကြမယ်ဆိုရင် လာမယ့်အနာဂတ်စာပေမှာ ကလောင်သစ်တွေဟာ တကယ့်စာပေသူရဲကောင်းတွေအဖြစ် မားမားမတ်မတ် ပေါက်လာကြမယ်။ အနာဂတ်စာပေဟာလဲ ဖွံ့ဖြိုးဝေဆာတဲ့ အမျိုးသားစာပေတစ်ရပ်အဖြစ် ထွန်းပြောင်လာမယ်ဆိုတာ ကျွန်တော် သံသယကင်းရှင်းစွာ ယုံကြည်ပါတယ်။ ဒါကြောင့် ဒီနေ့ ကလောင်သစ်တွေကို တစ်စုတစ်စည်းနဲ့ ထက်ထက်သန်သန်တွေ့မြင်ရခြင်းဟာ ဆန်းသစ်လာမယ့် စာပေအတွက် မင်္ဂလာနိမိတ်ကြီးတစ်ရပ်ဖြစ်တယ်ဆိုတဲ့ မင်္ဂလာစကားနဲ့ ကျွန်တော် နိဂုံးချုပ်ပါတယ်။

အောင်လင်း
အထွေထွေအတွင်းရေးမှူး
စာရေးဆရာအသင်း

ဆရာကြီးအောင်လင်း၏ ကလောင်သစ်အယူအဆများသည် ကျွန်တော်တို့စာရေးဆရာအသင်းက နှစ်စဉ်ဖွင့်လှစ်ပို့ချနေခဲ့သော **"စာရေးနည်းအခြေခံသင်တန်းများ"**နှင့် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနတွင်ဖွင့်လှစ်ပို့ချခဲ့သော **"စာပေဖန်တီးရေးသားမှုနှင့်တည်းဖြတ်ထုတ်ဝေမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းများ"**တွင် ကျွန်တော်ကိုယ်တိုင်ပါဝင်ပို့ချခဲ့တိုင်း လက်ကိုင်လမ်းညွှန်အဖြစ် ခံယူမျှဝေပို့ချပေးနေခဲ့ပါသည်။ ဆရာသော်တာဆွေ၏ **"သင် စာရေးဆရာဖြစ်ချင်သလား"** အယူအဆလဲ အပါအဝင်ဖြစ်ပါသည်။

ဆရာအောင်လင်း၏ ကလောင်သစ်အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အတွေးအခေါ်အယူအဆများသည် ယနေ့ထိ သစ်လွင်ခေတ်မီနေဆဲပင်။ စာပေရေးသားရန် ကြံရွယ်နေကြသူများ၊ ယနေ့ခေတ်စားနေကြသော စာအုပ်မိတ်ဆက်ပွဲကျင်းပနေကြသည့် ကလောင်သစ်များနှင့် စာရေးဆရာ ကြီး၊ ငယ်များအပါအဝင် စာပေလောကအတွက် အလွန်ပင်အကျိုးပြုနိုင်စွမ်းရှိလှပါပေသည်။ အလေးအနက်ထားပြီး စဉ်းစားလေလေ တန်ဖိုးရှိလေလေပင်။

အချုပ်ဆိုရလျှင် စာပေအကျိုး၊ အနုပညာအကျိုးကို တစိုက်မတ်မတ် စဉ်ဆက်မပြတ် တာဝန်ကျေပွန်စွာ အကျိုးဆောင်ပေးခဲ့သော ဂန္ထဝင်စာပေပညာရှင်ကြီးဆရာအောင်လင်းသည် လူသာသေဆုံးကွယ်လွန်သွားခဲ့သော်လည်း သူ့အမည်၊ သူ့လက်ရာ ဂန္ထဝင်စာပေများသည် သူ့ကလောင်သစ်အယူအဆနှင့်အညီ စာပေလောကသားများ၏ နှလုံးသားထဲတွင် မည်သည့်အခါမျှ ဟောင်းနွမ်းဆွေးမြည့်ပျောက်ကွယ်သွားမည်မဟုတ်ဘဲ ထာဝစဉ်ရှင်သန်သစ်လွင် တောက်ပတည်တံ့နေမည်သာတည်း။

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

## ကောက်ဦးပေါ်ချိန် ရွှေရည်ထိန်

- သိင်္ဂီရွှေစင် မြကောက်ပင်တို့
  သစ်လွင်တောက်ပ ခေါင်းပြူကြွသို့
  လောကဝမ်းစာ ကောက်နှံဝါသည်
  ရိက္ခာစပါး ဖြစ်စေငြားတွက်
  ခွန်အားပြည့်ဝ အားမာန်ပြသည်
  အလှကြွယ်သည့် ထိုအချိန်။

- ကောက်နှံ့သင်းသင်း စပါးခင်းသည်
  ဝါဝင်းစိုပြည် အလှဝေကာ
  ရွှေရည်ရွှေသွေး လှပဂေးသို့
  လေသွေးရာကြူ ယိမ်းနွဲ့မူသည်
  ညီတူလှပ ကောက်ဦးပေါ်စ
  ချိန်အလှ။

- တံစဉ်ကိုင်ဆွဲ လယ်ပြင်ထဲဝယ်
  ပျံ့ဝဲတေးသံ တောလုံးညံအောင်
  ကောက်နှံစပါး တောက်လျှံကြွားစွာ
  အားသွန်ကြိုးပမ်း လုပ်ငန်းကိုယ်စီ
  အလုပီသည် ရာသီခါမီ
  လှပန်းချီတည့်။

- ကောက်ဦးအလှူ မုန့်ဆန်းဖြူကို
  ရပ်သူရွာသား ဝိုင်းဖွဲ့စား၍
  စပါးကောင်းကြောင်း လယ်အောင်ကြောင်းကို
  စုပေါင်းတိုင်ပင် လုပ်ငန်းတွင်၍
  ကြည်လင်ဝင်းပ ကောက်ဦးပေါ်စ
  ချိန်ကာလ။

- ဖိတ်စဉ်မရှိ ရိတ်သည့်စပါး
  ကျီလှောင်ထား၍ စားစပါးချန်
  လှူဒါန်းရန်ဟု အားမာန်ပြကာ
  စိတ်မှာပေါ်ကြ မြတ်ပေစွ
  ကောက်ဦးပေါ်စ လှူဒါန
  မြန်မာ့အလှ သဘာဝ။ ။

မောင်လေပြေ(တောင်တွင်း)

# နိုင်ငံတကာ သတင်းများ

## အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်နှင့် တွေ့ဆုံဆွေးနွေးရန် တရုတ်ကာကွယ်ရေးဝန်ကြီးငြင်းပယ်

**ဗီယန်ကျန်း နိုဝင်ဘာ ၂၁**

လာအိုနိုင်ငံ၌ ကျင်းပနေသည့် ကာကွယ်ရေးဝန်ကြီးများအစည်းအဝေးတစ်ခုတွင် အမေရိကန် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်နှင့် တွေ့ဆုံဆွေးနွေးရေး ဖိတ်ခေါ်ချက်ကို တရုတ်ကာကွယ်ရေးဝန်ကြီး တောင်ကျွန်းက ငြင်းပယ်ခဲ့ကြောင်း နိုဝင်ဘာ ၂၀ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

လာအိုနိုင်ငံ၌ ယခုရက်သတ္တပတ်အတွင်းကျင်းပမည့် အာဆီယံကာကွယ်ရေး ဝန်ကြီးများနှင့် မိတ်ဖက်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတွင် တွေ့ဆုံဆွေးနွေးရန် မိမိ၏ဖိတ်ခေါ်ချက်ကို တရုတ်ကာကွယ်ရေးဝန်ကြီးက ငြင်းပယ်ထားကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

ရှေးယခင်က အာရှ၌ကျင်းပသည့် နိုင်ငံတကာကာကွယ်ရေးညီလာခံများသည် တရုတ်နှင့်အမေရိကန် စစ်ရေးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးနိုင်သည့်နေရာများဖြစ်သည်။

သို့ရာတွင် လာအိုကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး၌ တွေ့ဆုံ ဆွေးနွေးရေးအတွက် မိမိ၏ဖိတ်ခေါ်ချက်ကို တရုတ်ကာကွယ်ရေးဝန်ကြီးက ငြင်းပယ်ခဲ့သည့်အတွက် မိမိအနေဖြင့် စိတ်မကောင်းဖြစ်ရကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်သည် ယခုနှစ်အစောပိုင်းက စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော လုံခြုံရေးညီလာခံတစ်ခုတွင် တရုတ်ကာကွယ်ရေးဝန်ကြီးတောင်ကျွန်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ဖူးသည်။

တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြားဆက်ဆံရေးမှာ တရုတ်(တိုင်ပေ)ပြဿနာနှင့် ကုန်သွယ်ရေးပြဿနာအပါအဝင် ပြဿနာအမျိုးမျိုးကြောင့် တင်းမာလျက်ရှိကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

## ယခုနှစ် ထိုင်းစီးပွားရေးဖွံ့ဖြိုးမှုနှုန်း ၂ ဒသမ ၇ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်

**ဗန်ကောက် နိုဝင်ဘာ ၂၁**

ထိုင်းနိုင်ငံ၏ ယခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ၂ ဒသမ ၇ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း ထိုင်းဝန်ကြီးချုပ် ပေတွန်သန်ရှင်နာဝပ်က ယနေ့တွင် ပြောကြားခဲ့သည်။

ဗန်ကောက်မြို့၌ ကျင်းပခဲ့သော စီးပွားရေးဖိုရမ်တစ်ခုတွင် ထိုင်းနိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းအလားအလာနှင့်ပတ်သက်၍ ထိုင်းဝန်ကြီးချုပ်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ခရီးသွားလုပ်ငန်းအားကောင်းလာမှုကြောင့်ထိုင်းနိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်း မြင့်တက်လာနိုင်ခြင်းဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ခရီးသွားလုပ်ငန်းအားကောင်းလာသည်နှင့်အမျှ ယခုနှစ်အတွင်း ထိုင်းနိုင်ငံအတွင်းသို့ ပြည်ပခရီးသွားဧည့်သည်အရေအတွက် ၃၆ သန်းထိဝင်ရောက်နိုင်ကြောင်း ထိုင်းအစိုးရက ခန့်မှန်းထားသည်။

ထိုင်းနိုင်ငံ၏ ၂၀၂၅ ခုနှစ် စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းမှာလည်း မျှော်လင့်ထားသည်ထက် မြင့်မားနိုင်ကြောင်း ထိုင်းဝန်ကြီးချုပ် ပေတွန်သန်ရှင်နာဝပ်က မျှော်လင့်ထားသည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှဒေသ၏ ဒုတိယမြောက် စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



## စက်မှုလုပ်ငန်းများ၌ စက်ရုပ်လုပ်သားအသုံးပြုမှု တတိယအများဆုံးနိုင်ငံအဖြစ် ဂျာမနီကို တရုတ်ကျော်ဖြတ်



**ဘာလင် နိုဝင်ဘာ ၂၁**

စက်မှုလုပ်ငန်းနယ်ပယ်များ၌ စက်ရုပ်အလုပ်သမားသုံးစွဲမှုအဆင့်တွင် တရုတ်နိုင်ငံက ဂျာမနီနိုင်ငံကို ကျော်ဖြတ်၍ ကမ္ဘာ့အဆင့် ၃ နေရာတွင် ရပ်တည်နေကြောင်း နိုင်ငံတကာစက်မှုလုပ်ငန်းစက်ရုပ်နည်းပညာအဖွဲ့ချုပ် (အိုင်အက်ဖ်အာရ်)က နိုဝင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

ကမ္ဘာပေါ်၌ စက်မှုလုပ်ငန်းများအတွက် စက်ရုပ်အလုပ်သမားအသုံးအများဆုံးနိုင်ငံမှာ တောင်ကိုရီးယားနိုင်ငံဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် အလုပ်သမား၁၀၀၀၀လျှင် စက်ရုပ်လုပ်သား ၁၀၁၂ ဦးနှုန်းရှိသည်။

အိုင်အက်ဖ်အာရ်၏ စက်ရုပ်လုပ်သားအသုံးအများဆုံး ကမ္ဘာ့နိုင်ငံများစာရင်း ၂၀၂၃ ၌ ဒုတိယနေရာတွင် ရှိနေသောနိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်သည်။

စက်မှုလုပ်ငန်း စက်ရုပ်နည်းပညာကဏ္ဍ၌ အကြီးအကျယ်ရင်းနှီးမြှုပ်နှံထားသည့် တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ဂျာမနီကိုကျော်ဖြတ်၍ စက်ရုပ်လုပ်သား တတိယအများဆုံး နိုင်ငံအဖြစ် ရပ်တည်နေကြောင်း အိုင်အက်ဖ်အာရ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

အိုင်အက်ဖ်အာရ်အဖွဲ့၏ အဆိုအရ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ လုပ်သား ၁၀၀၀၀လျှင် စက်ရုပ်လုပ်သား ၄၇၀ ဦးထိရှိသည်။

ဂျာမနီနိုင်ငံ၌ ၂၀၂၃ ခုနှစ်တွင် အလုပ်သမား ၁၀၀၀၀လျှင် စက်ရုပ်လုပ်သား ၄၂၉ ဦးထိ ရှိသည်ဟု အိုင်အက်ဖ်အာရ်အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

## ဂါဇာစစ်ပွဲဆိုင်ရာ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ဗီတိုအာဏာဖြင့် အမေရိကန်ပိတ်ပင်

**နယူးယောက် နိုဝင်ဘာ ၂၁**

ဂါဇာကမ်းမြောင်စစ်ပွဲ အပစ်အခတ်ရပ်စဲရေးအတွက် တောင်းဆိုထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကို အမေရိကန်နိုင်ငံက နိုဝင်ဘာ ၂၀ ရက်တွင် ဗီတိုအာဏာဖြင့် ပယ်ချခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အလှည့်ကျအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံတို့ ပူးတွဲရေးဆွဲထားသည့် အဆိုပါလုံခြုံရေးကောင်စီဆုံးဖြတ်ချက်တွင် ဂါဇာစစ်ပွဲ၌ ခြွင်းချက်မရှိ အပစ်အခတ်ရပ်ရန်နှင့် ဖမ်းဆီးထားသည့်ဓားစာခံများကို ပြန်လွှတ်ပေးရန် တောင်းဆိုထားသည်။




ယင်းလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကို နိုဝင်ဘာ ၂၀ ရက်တွင် မဲခွဲခဲ့ရာ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ ၁၄ နိုင်ငံတို့က ထောက်ခံမဲပေးခဲ့သော်လည်း အမေရိကန်နိုင်ငံက ဗီတိုအာဏာဖြင့် ပယ်ချခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးကောင်စီ၏ ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေးဆုံးဖြတ်ချက်အား ဗီတိုအာဏာဖြင့် ပိတ်ပင်ခဲ့သည့်အတွက် အမေရိကန်နိုင်ငံကို လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများက ဝေဖန်ခဲ့ကြသည်။

အမေရိကန်နိုင်ငံ၏ ဗီတိုအာဏာကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မိမိ၏ အဓိကတာဝန်ဖြစ်သော နိုင်ငံတကာလုံခြုံရေးနှင့်တည်ငြိမ်မှုကို ထိန်းသိမ်းပေးနိုင်စွမ်း ပျက်ပြားသွားနိုင်ကြောင်း လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံအချို့က ထုတ်ဖော်ပြောကြားထားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စတင်ခဲ့သည့် ဂါဇာစစ်ပွဲကာလအတွင်း ဂါဇာကမ်းမြောင်ဒေသ၌ လူပေါင်း ၄၄၀၀၀နီးပါးသေဆုံးခဲ့ရကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

## တိုက်ချင်းပစ်ဒုံးကျည်ဖြင့် ယူကရိန်းကို ရုရှားတိုက်ခိုက်

**မော်စကို နိုဝင်ဘာ ၂၁**

ရုရှားနိုင်ငံသည် ယနေ့တွင် ယူကရိန်းနိုင်ငံကို တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ယူကရိန်းတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံသည် သုံးနှစ်နီးပါးကြာမြင့်နေပြီဖြစ်သည့် ယူကရိန်းစစ်ပွဲကာလအတွင်း ယူကရိန်းပစ်မှတ်များကို တိုက်ချင်းပစ်ဒုံးကျည်ဖြင့်ပထမဆုံးအကြိမ်ပစ်လွှတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် အဆိုပါတိုက်ချင်းပစ်ဒုံးကျည်ကို ရုရှားအနောက်ပိုင်း အက်စထရာခန်းဒေသမှ တစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံက အမေရိကန်နိုင်ငံထုတ်တာဝေးပစ်ဒုံးကျည်များဖြင့် ရုရှားအတွင်းပိုင်းပစ်မှတ်များကို တိုက်ခိုက်ခဲ့ပြီးနောက် ရုရှားနိုင်ငံက တိုက်ချင်းပစ်ဒုံးကျည်သုံး၍ တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ရုရှားအနေဖြင့် ယနေ့တွင် မည်သည့် တိုက်ချင်းပစ်ဒုံးကျည်များအသုံးပြုခဲ့သည်၊ ယင်းဒုံးကျည်ကြောင့် ယူကရိန်းဘက်၌ အပျက်အစီးအထိအခိုက်မည်မျှရှိခဲ့သည်ကို မသိရသေးကြောင်း သိရသည်။

တိုက်ချင်းပစ် ဒုံးကျည်များသည် နျူကလီးယားထိပ်ဖူးများကိုသာမက သမားရိုးကျထိပ်ဖူးများကိုလည်း သယ်ဆောင်နိုင်ကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## နိုင်ငံတကာအာကာသစခန်းက အာကာသအမှိုက်စတစ်ခု ဝင်တိုက်နိုင်ခြေကို ရှောင်ရှားရေးအတွက် ပတ်လမ်းနေရာရွှေ့ပြောင်းမှု ပြုလုပ်ခဲ့ရ



**ဝါရှင်တန် နိုဝင်ဘာ ၂၁**

နိုင်ငံတကာ အာကာသစခန်း (ISS) သည် အာကာသအမှိုက်စတစ်ခုဝင်တိုက်နိုင်ခြေကို ရှောင်ရှားရေးအတွက် ပတ်လမ်းနေရာရွှေ့ပြောင်းမှု ပြုလုပ်ခဲ့ရကြောင်း နိုဝင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

နိုင်ငံတကာ အာကာသစခန်းသည် ရုရှားပရိုဂရက်စ် အာကာသကုန်တင်ယာဉ်၏ အကူအညီဖြင့် နိုဝင်ဘာ ၁၉ ရက်တွင် ပတ်လမ်းနေရာရွှေ့ပြောင်းမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်း၌ ဆိုက်ကပ်ထားသော ပရိုဂရက်စ် အာကာသ ကုန်တင်ယာဉ်သည် ဒုံးကန်အားစနစ်များကို ၅ ဒသမ ၅ မိနစ်ကြာဖွင့်ခဲ့ပြီး အာကာသစခန်း ပတ်လမ်းနေရာကို ရွှေ့ပြောင်းပေးခဲ့ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က သတင်းထုတ်ပြန်ထားသည်။

နိုင်ငံတကာ အာကာသစခန်းသည် ၂၀၁၅ ခုနှစ်တွင် ပြိုကွဲသွားသော မိုးလေဝသဂြိုဟ်တုတစ်စင်း၏ အစိတ်အပိုင်းတစ်ခုကို ရှောင်ရှားရေးအတွက် ပတ်လမ်းမြှင့်တင်မှု ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း နာဆာ တာဝန်ရှိသူများက ပြောကြားသည်။

ပတ်လမ်းမြှင့်တင်မှု မလုပ်ခဲ့ပါက အထက်ပါဂြိုဟ်တုပျက်အပိုင်းအစသည် နိုင်ငံတကာ အာကာသစခန်းနှင့် ၂ ဒသမ ၅ မိုင်အကွာအတွင်း ရောက်လာနိုင်ကြောင်း နာဆာကျွမ်းကျင်သူများက တွက်ချက်ထားသည်။

နိုင်ငံတကာ အာကာသစခန်းသည် အာကာသအမှိုက်များ ဝင်တိုက်မည့်အရေးကို ရှောင်ရှားရေးအတွက် ၁၉၉၉ ခုနှစ်မှစ၍ လက်ရှိအချိန်ထိ ပတ်လမ်းမြှင့်တင်မှုပေါင်း ၃၂ ကြိမ်ထိပြုလုပ်ခဲ့ရပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ရုရှားအာကာသအေဂျင်စီက ပရိုဂရက်စ်-၉၀ အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့လွှတ်တင်ရန် စီစဉ်

**မော်စကို နိုဝင်ဘာ ၂၁**

ရုရှား အာကာသအေဂျင်စီသည် ပရိုဂရက်စ်-၉၀ အမည်ရှိ အာကာသ ကုန်တင်ယာဉ်ကို ယနေ့တွင် နိုင်ငံတကာအာကာသစခန်းသို့လွှတ်တင်ရန် စီစဉ်ထားကြောင်း နိုဝင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

ပရိုဂရက်စ်-၉၀ အာကာသ ကုန်တင်ယာဉ်ကို ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှတစ်ဆင့် ဆိုယုဇ်ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်သည်။

လွှတ်တင်ပြီး သုံးရက်အကြာ နိုဝင်ဘာ ၂၃ ရက်တွင် ပရိုဂရက်စ်-၉၀ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပရိုဂရက်စ်-၉၀ အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့် အခြားအထောက်အပံ့ပစ္စည်းများ သယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။



ပရိုဂရက်စ်-၉၀ အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ခြောက်လကြာ ဆိုက်ကပ်ထားမည်ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီတာဝန်ရှိသူများက ပြောကြားသည်။

ကမ္ဘာ့လေထုလွှာအတွင်း ပြန်ဝင်ချိန်တွင် ပရိုဂရက်စ်-၉၀ အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းပေါ်မှ မလိုအပ်သည့် အမှိုက်သရိုက်များကို ပြန်လည်သယ်ယူလာမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဥရောပအာကာသအေဂျင်စီ၏ Solar Orbiter အာကာသယာဉ်က ပုံရိပ်အရည်အသွေးအမြင့်မားဆုံး နေမျက်နှာပြင်ဓာတ်ပုံများကို ရိုက်ကူးပေးနိုင်ခဲ့

**ပဲရစ် နိုဝင်ဘာ ၂၁**

ဥရောပ အာကာသအေဂျင်စီ၏ Solar Orbiter အာကာသယာဉ်သည် ပုံရိပ်အရည်အသွေးအမြင့်မားဆုံးနေမျက်နှာပြင်ဓာတ်ပုံများကို ရိုက်ကူးပေးနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

Solar Orbiter အာကာသယာဉ်က ရိုက်ကူးပေးခဲ့သည့် နေမျက်နှာပြင် ဓာတ်ပုံများသည် လူသားတို့ ရယူနိုင်ခဲ့သမျှ ဓာတ်ပုံများအနက် ပုံရိပ်အရည်အသွေး အမြင့်မားဆုံးဖြစ်ကြောင်း ဥရောပ အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ နေမျက်နှာပြင်ဓာတ်ပုံများကို Solar Orbiter အာကာသယာဉ်က နေမျက်နှာပြင်နှင့် မိုင်ပေါင်း ၄၄ သန်းအကွာမှ ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Solar Orbiter အာကာသယာဉ်သည် ၎င်းဓာတ်ပုံများကို PHI အမည်ရှိ ကင်မရာစနစ်ဖြင့် ၂၀၂၃ ခုနှစ် မတ်လအတွင်းရိုက်ကူးပေးခဲ့ခြင်းဖြစ်သည်။

Solar Orbiter အာကာသယာဉ်သည် လက်ရှိအချိန်တွင် နေနှင့်မိုင်ပေါင်း ၁၅ သန်းအကွာ သောကြာဂြိုဟ် နေပတ်လမ်းအလွန်တွင် ရှိနေကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် နေ၏ဝင်ရိုးစွန်းနယ်မြေများကို လေ့လာရေးအတွက် Solar Orbiter အာကာသယာဉ်ကို ၂၀၂၀ ပြည့်နှစ်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အူမကြီးကင်ဆာရောဂါကိုကုသရာတွင် ဗက်တီးရီးယားတစ်မျိုးကို အသုံးပြုနိုင်ဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၂၁**

အူမကြီးကင်ဆာ ရောဂါကို ကုသရာတွင် Salmonella ခေါ် ဗက်တီးရီးယားတစ်မျိုးကို အသုံးပြုနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

Salmonella ဗက်တီးရီးယားများသည် အစာအဆိပ်သင့်မှုဖြစ်ပွားစေတတ်သော ဗက်တီးရီးယားတစ်မျိုးဖြစ်သည်။

သို့ရာတွင် Salmonella ဗက်တီးရီးယားသည် အူမကြီးကင်ဆာဆဲလ်များကြီးထွားမှုကို ဖိနှိပ်ပေးထားနိုင်သည့် အစွမ်းသတ္တိရှိကြောင်း ဗြိတိန်ကင်ဆာရောဂါ သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ Salmonella ဗက်တီးရီးယားများကို ဇီဝနည်းပညာဖြင့်ပြုပြင်၍ အူမကြီးကင်ဆာရောဂါကိုကုသရာတွင် အသုံးချနိုင်ဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

Salmonella ဗက်တီးရီးယားများသည် ကင်ဆာဆဲလ်များကို ရှင်းလင်းရာတွင် အရေးကြီးသည့် တီဆဲလ်ခေါ် ခုခံအားစနစ်များ၏ အလုပ်လုပ်ပုံကို ဖိနှိပ်တတ်ရာ ၎င်းပြဿနာကို ဇီဝနည်းပညာဖြင့် ဖြေရှင်းနိုင်ပါက အူမကြီးကင်ဆာကုသရာတွင် Salmonella ဗက်တီးရီးယားကို အသုံးပြုနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

ကင်ဆာရောဂါကို ကုသရာတွင် ဗက်တီးရီးယားများ အသုံးပြု၍ရမရကို နိုင်ငံတကာ ဆေးပညာရှင်များက ၁၉ ရာစုခေတ်ကပင် သုတေသနပြုခဲ့ကြကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## လူငယ်များကြား ပန်ကရိယကင်ဆာဖြစ်ပွားနှုန်း မြင့်မားလာမှုက ရောဂါကိုကြိုတင်ဖော်ထုတ်နိုင်မှုနှုန်း မြင့်တက်လာသည့်သဘောပြသနေ

**နယူးယောက် နိုဝင်ဘာ ၂၁**

လူငယ်များကြား ပန်ကရိယကင်ဆာရောဂါဖြစ်ပွားနှုန်းမြင့်မားလာမှုသည် ရောဂါကို စောစောစီးစီးကြိုတင်ရှာဖွေဖော်ထုတ်နိုင်မှုနှုန်း မြင့်တက်လာသည့်သဘောကို ပြသနေကြောင်း နိုဝင်ဘာ ၂၀ ရက်သတင်းများအရသိရသည်။

လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာအရ လူငယ်များကြား ပန်ကရိယကင်ဆာဖြစ်ပွားနှုန်း မြင့်တက်လာမှုကြောင့် ဆေးပညာရှင်များက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

သို့ရာတွင် လူငယ်များကြား ပန်ကရိယကင်ဆာ ဖြစ်ပွားနှုန်း မြင့်တက်လာသော်လည်း၎င်းရောဂါကြောင့် အသက်ဆုံးပါးမှုနှုန်းမှာမူ မြင့်တက်လာခြင်းမရှိသည်ကို တွေ့ရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အသက် ၄၀ အောက် လူငယ်များကြား ပန်ကရိယကင်ဆာဖြစ်ပွားနှုန်း မြင့်တက်လာသော်လည်း သေဆုံးမှုနှုန်း မမြင့်တက်ရခြင်းသည် ရောဂါကိုစစချင်းအဆင့်မှာပင် စစ်ဆေးရှာဖွေနိုင်မှုနှုန်း မြင့်တက်လာသည့် သဘောကို ပြသနေကြောင်း သိရသည်။

ပုံရိပ်ဖော် အာရုံခံနိုင်စွမ်းမြင့်မားသည့် ယနေ့ခေတ် ရောဂါစစ်ဆေးမှုစနစ်များသည် ပန်ကရိယကင်ဆာကို ဘေးအန္တရာယ် မရှိသေးသည့်အဆင့်မှာပင် ရှာဖွေဖော်ထုတ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဖျက်သိမ်းခဲ့သည့် ရိုမေးနီးယားနှင့် ကိုဆိုဗိုတို့ပွဲစဉ်တွင် ရိုမေးနီးယားကို သုံးဂိုးပြတ်အနိုင်သတ်မှတ်ခဲ့



**ဘူခါရက်စ် နိုဝင်ဘာ ၂၁**

ယူအီးအက်ဖ်အေနေးရှင်းလိဂ် အုပ်စုပွဲစဉ်အဖြစ် ရိုမေးနီးယား အသင်းနှင့် ကိုဆိုဗိုအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သော်လည်း ပွဲပြီးဆုံးခါနီးတွင် ကိုဆိုဗိုကစားသမားများက လမ်းလျှောက်နေခြင်းကြောင့် ကွင်းလယ်ဒိုင်က ပြိုင်ပွဲကို ဖျက်သိမ်းခဲ့ပြီး ယခုအခါ ရိုမေးနီးယားအသင်းကို ယူအီးအက်ဖ်အေက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်သတ်မှတ်ပေးခဲ့သည်။

ရိုမေးနီးယားနှင့် ကိုဆိုဗိုအသင်းတို့သည် နေးရှင်းလိဂ်(C) အုပ်စု(၂)တွင် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး ရိုမေးနီးယားအသင်းက အုပ်စုပထမနေရာတွင် ဦးဆောင်နေခဲ့ရာ သောကြာနေ့က ပွဲစဉ်သည် နှစ်သင်းစလုံးအတွက် အဆုံးအဖြတ် ဖြစ်ခဲ့သော်လည်း မိနစ် ၉၀ ထိ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ပြီး နာကျင်အချိန်ပိုတွင် ကိုဆိုဗိုကစားသမားများက ကွင်းအတွင်း လမ်းလျှောက်နေခဲ့ခြင်းကြောင့် ကွင်းလယ်ဒိုင်က ပြိုင်ပွဲကို ဖျက်သိမ်းခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် ပြိုင်ပွဲအတွင်း လမ်းလျှောက်ခဲ့မှုကြောင့် ဖျက်သိမ်းခဲ့ရသည့်အတွက် ယူအီးအက်ဖ်အေက ရိုမေးနီးယားအသင်းကို သုံးဂိုးပြတ်အနိုင်သတ်မှတ်ပေးခဲ့ပြီး အုပ်စုပွဲစဉ်များတွင် အားကစားနှင့်သက်ဆိုင်သည့် နိုင်ငံရေးအသုံးအနှုန်းများ ပြောဆိုခဲ့သည့် ရိုမေးနီးယားအသင်းကို ထိန်းသိမ်းရန်ပျက်ကွက်ခဲ့မှုဖြင့် ယူရို ၁၂၈၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါနိုင်ပွဲကြောင့် နေးရှင်းလိဂ်(C) အုပ်စု(၂) တွင် ရိုမေးနီယားအသင်းသည် ခြောက်ပွဲကစားခဲ့ရာတွင် ခြောက်ပွဲစလုံးအနိုင်ရရှိခဲ့သောကြောင့် ရမှတ် ၁၈ မှတ်ဖြင့် အုပ်စုပထမနေရာမှ လိဂ်(B)သို့ တက်ရောက်နိုင်ခဲ့ပြီး ကိုဆိုဗိုအသင်းက ရမှတ် ၁၂ မှတ်ဖြင့် ဒုတိယ၊ ဆိုက်ပရက်စ်အသင်းက ရမှတ်ခြောက်မှတ်ဖြင့် တတိယ၊ လစ်သူယေးနီးယားအသင်းက ရမှတ်မရရှိဘဲ လိဂ်(D)သို့ တန်းဆင်းခဲ့ရကြောင်း သိရသည်။

Ref : ESPN
Trs : ML

# အာရှုဂျို၏ဒဏ်ရာအတွက် ဘာစီလိုနာအသင်း လျော်ကြေးငွေ ယူရို သုံးသန်းရရှိ

**ဘာစီလိုနာ နိုဝင်ဘာ ၂၁**

ဘာစီလိုနာအသင်း ခံစစ်ကစားသမား အာရှုဂျိုသည် နိုင်ငံအသင်းဖြစ်သည့် ဥရုဂွေးအသင်းတွင် ကစားခဲ့သည့်ပွဲစဉ်၌ ဒဏ်ရာရရှိခဲ့ပြီး ကာလရှည် အနားယူခဲ့ရသောကြောင့်ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လျော်ကြေး ယူရို သုံးသန်းဝန်းကျင်ကို ဘာစီလိုနာအသင်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

အာရှုဂျိုသည် ပြီးခဲ့သည့် ဇူလိုင်လက ကိုပါအမေရိကဖလား ပြိုင်ပွဲအဖြစ် ဥရုဂွေးအသင်းအတွက် ပါဝင်ကစားပေးခဲ့ရာ ပေါင်ကြွက်သား ဒဏ်ရာရရှိခဲ့ပြီးနောက် ဒဏ်ရာခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ရသဖြင့် ဘာစီလိုနာအသင်းနှင့် လက်ရှိအချိန်ထိ ပူးပေါင်းနိုင်ခြင်းမရှိသဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က အာရှုဂျိုအတွက် လျော်ကြေးငွေ ယူရို ၂၇၅၃၄၃၂ သန်း ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့်နှစ်ကလည်း ကွင်းလယ်ကစားသမား ဂါဗီနှင့် ပက်ထရီတို့အနေဖြင့် စပိန်အသင်းအတွက် ပါဝင်ကစားပေးခဲ့ချိန်တွင် ဒဏ်ရာရခဲ့ကာ ကာလရှည် အနားယူခဲ့ရသောကြောင့် လျော်ကြေးငွေ ရရှိခဲ့ပြီးနောက် ယခုအခါ အာရှုဂျို၏ဒဏ်ရာအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံမှ လျော်ကြေးငွေ ထပ်မံရရှိခဲ့သဖြင့် ကစားသမား သုံးဦးပေါင်း လျော်ကြေးငွေ ယူရို ၁၀ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

ဘာစီလိုနာ အသင်းသည် ခံစစ်ပိုင်းတွင် အာရှုဂျိုကို လက်လွှတ်ခဲ့ရပြီးနောက် ခံစစ်ပိုင်းပြဿနာနှင့် ရင်ဆိုင်ခဲ့ရပြီး ပေးဂိုးများခဲ့သော်လည်း တိုက်စစ်ကစားပုံကောင်းမွန်မှုကြောင့် ရလဒ်ကောင်းပိုင်ဆိုင်ခဲ့ကာ အမှတ်ပေးဇယား အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML




# ဘန်တန်ကာ၏ ပြစ်ဒဏ်အတွက် စပါးအသင်းက အက်ဖ်အေကို အယူခံတင်သွင်း

**လန်ဒန် နိုဝင်ဘာ ၂၁**

စပါးအသင်း ကွင်းလယ်ကစားသမားဘန်တန်ကာသည် လူမျိုးရေးခွဲခြားမှုပြုလုပ်သည့် အပြောအဆိုကြောင့် ခုနစ်ပွဲပယ်ပြစ်ဒဏ်ကျခံရသောကြောင့် စပါးအသင်းက ကစားသမားအတွက် အက်ဖ်အေသို့ အယူခံတင်သွင်းခဲ့သည်။

ဘန်တန်ကာသည် ယခုနှစ် ဘောလုံးရာသီ အစောပိုင်းတွင် အသင်းဖော်ကစားသမား ဆွန်ဟောင်မင်နှင့်ပတ်သက်၍ ဥရုဂွေး တီဗီအစီအစဉ်မှ တင်ဆက်သည့် အင်တာဗျူးအစီအစဉ်၌ ဖြေကြားခဲ့ရာတွင် လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းများကြောင့်အက်ဖ်အေက စစ်ဆေးမှုပြုလုပ်၍ ခုနစ်ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေ စတာလင်ပေါင် ၁၀၀၀၀၀ ထိ ပြစ်ဒဏ်ချမှတ်ခံရကြောင်း သိရသည်။

သို့သော် အသက် ၂၇ နှစ်ရှိ ကွင်းလယ် ကစားသမားက အဆိုပါ ပြောကြားချက်ကို ငြင်းပယ်မှု ပြုလုပ်ခဲ့သော်လည်း စပါးအသင်းက အက်ဖ်အေ၏ စွပ်စွဲချက်ကို လက်ခံပေးခဲ့ပြီး ပြစ်ဒဏ်မှာ ကြီးလေးသည့်အတွက် လျော့ပေါ့ပေးနိုင်ရန် အယူခံတင်သွင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပြစ်ဒဏ်သည် ဥရောပ ပြိုင်ပွဲများတွင် သက်ရောက်မှုရှိမည် မဟုတ်ဘဲ ပရီးမီးယားလိဂ် ပြိုင်ပွဲနှင့် ပြည်တွင်း ဖလားပြိုင်ပွဲများတွင်သာ သက်ရောက်မည်ဖြစ်သောကြောင့် ကစားသမားအနေဖြင့် အမှတ်ပေးပြိုင်ပွဲတွင် ပွဲစဉ်အများအပြားကို လွဲချော်မည်ဖြစ်ကာ မန်စီးတီး၊ ချဲလ်ဆီး၊ လီဗာပူး၊ မန်ယူအသင်းတို့နှင့် ကစားရမည့် အဓိကပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

Ref : ESPN
Trs : ML

## အားကစားသတင်းအတိုအထွာများ

- ခံစစ်ကစားသမား ရီစီဂျိမ်းသည် ပေါင်ကြွက်သားဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီတွင် လေးကြိမ်ထိ အနားယူခဲ့ရသဖြင့် ချဲလ်ဆီးအသင်းပရိသတ်များက ၎င်းကို ကစားသမားဘဝမှအနားယူရန် တိုက်တွန်းခဲ့ကြသည်။
- လီဗာပူးအသင်းသည် အသင်းကထွက်ခွာမည့် တိုက်စစ်မှူး ဆာလာဟ်နေရာတွင် ဘရန့်ဖို့ဒ်အသင်းတိုက်စစ်မှူး မီအူမိုနှင့်အစားထိုးရန် ပစ်မှတ်ထားကြိုးပမ်းနေကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက တိုက်စစ်မှူး အန်းဒရစ်ကို အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မပေးနိုင်သော်လည်း ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ထွက်ခွာခွင့်ပြုမည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်။
- ၂၀၂၅ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် She Believes Cup ပြိုင်ပွဲတွင် အမေရိကန်အမျိုးသမီးအသင်းနှင့် ဂျပန်အမျိုးသမီးအသင်း၊ ကိုလံဘီယာအမျိုးသမီးအသင်းနှင့် ဩစတြေးလျအမျိုးသမီးအသင်းတို့ တွေ့ဆုံနေကြောင်း အမေရိကန်ဘောလုံးအဖွဲ့ချုပ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်းကိုရှုံးနိမ့်ပြီး မြန်မာအသင်း စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အာဆီယံအမျိုးသမီး ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ တတိယနေရာလုပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ အုပ်စုပွဲစဉ်များအပြီးတွင် အင်ဒိုနီးရှားအသင်းက အုပ်စုတတိယနေရာတွင် ရပ်တည်ခဲ့ပြီး မြန်မာအသင်းက စတုတ္ထနေရာတွင် ရပ်တည်နိုင်ခဲ့သည့်အတွက် တတိယလုပွဲစဉ်အဖြစ် ကစားခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းအနေဖြင့် အင်ဒိုနီးရှားအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားခဲ့သော်လည်း အင်ဒိုနီးရှားအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပထမပိုင်းတွင် အင်ဒိုနီးရှားအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် အင်ဒိုနီးရှားအသင်းက နှစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့ကာ မြန်မာအသင်းအနေဖြင့် တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည့်အတွက် လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။



အာဆီယံအမျိုးသမီး ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့သည် အုပ်စုပွဲစဉ်၌ တွေ့ဆုံခဲ့ရာတွင်လည်း အင်ဒိုနီးရှားအသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သကဲ့သို့ ယခု တတိယနေရာလုပွဲစဉ်တွင်လည်း အင်ဒိုနီးရှားအသင်းကပင် လေးဂိုး တစ်ဂိုးဖြင့် ထပ်မံအနိုင်ရရှိခဲ့ပြီး တတိယဆုဆွတ်ခူးနိုင်ခဲ့သည်။

STA

# Billie Jean King Cup တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို အီတလီအသင်းဆွတ်ခူး



မာလာဂါ နိုဝင်ဘာ ၂၁

စပိန်နိုင်ငံ မာလာဂါမြို့တွင် ကျင်းပခဲ့သည့် Billie Jean King Cup တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ် အဖြစ် အီတလီအသင်းနှင့် ဆလိုဗက်ကီးယားအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ အီတလီအသင်းက (၂-၀)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အီတလီအသင်း အနေဖြင့် Billie Jean King Cup တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ငါးကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ဆလိုဗက်ကီးယား အသင်းအနေဖြင့်လည်း သက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ် ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့သည့် မှတ်တမ်းတစ်ရပ်ကို ရရှိခဲ့သည်။

အီတလီအသင်း အနေဖြင့် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ အီတလီတင်းနစ်မယ် ပါအိုလီနီက အဓိကဦးဆောင်သွားခဲ့ခြင်းဖြစ်သည်။

ပါအိုလီနီအနေဖြင့် ယခုနှစ် တင်းနစ်ရာသီအတွင်း စွမ်းဆောင်ရည်ကောင်းများ ပြသထားနိုင်ခဲ့သလို ကစားသမားဘဝ၏ အကောင်းဆုံးသောရာသီတစ်ခုကို ဖြတ်သန်းနိုင်ခဲ့ခြင်းဖြစ်သည်။

ပါအိုလီနီက "အခုလို နိုင်ငံအသင်းနဲ့ အောင်မြင်မှုကိုဆွတ်ခူးခဲ့တာဟာ ကျွန်မအတွက် မယုံကြည်နိုင်လောက်အောင် ကောင်းတဲ့ အောင်မြင်မှုတစ်ခုပါ။ ဒီအောင်မြင်မှုဟာ ဘယ်လောက်ထိ ဂုဏ်ယူစရာ ကောင်းတယ်ဆိုတာကို ဘယ်လိုစကားလုံးမျိုးနဲ့ ဖော်ပြရမလဲဆိုတာကို မစဉ်းစားတတ်တော့ဘူး။ အီတလီအသင်းသားတွေအားလုံး ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ကြိုးစားခဲ့တယ်။ အီတလီအသင်းအနေနဲ့ Billie Jean King Cup ဆုဖလားကို မယူနိုင်တာကြာပြီ။ ၂၀၂၃ ခုနှစ်တုန်းက ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့ပြီး ရှုံးနိမ့်ခဲ့ရတယ်။ ဒီနှစ်မှာတော့ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ပြီး ချန်ပီယံဆုကိုပါ ဆွတ်ခူးနိုင်ခဲ့ပါပြီ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# မန်စီးတီးအသင်းက ဟာလန်းကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်ကြိုးပမ်း

မန်ချက်စတာ နိုဝင်ဘာ ၂၁

မန်စီးတီးအသင်းက အသင်းနည်းပြဂွါဒီယိုလာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီးနောက် အသင်းမှ အဓိကတိုက်စစ်ကစားသမား ဟာလန်းကိုလည်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် အတွက် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

မန်စီးတီး အသင်းသည် ဟာလန်းကို ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် သန်း ၆၀ ပေးချေကာ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး လက်ရှိ စာချုပ်သက်တမ်းမှာ ၂၀၂၇ ခုနှစ်ထိ ကျန်ရှိနေသေးသော်လည်း အဓိကကစားသမား တစ်ဦးကို အသင်းတွင် ရေရှည်ထိန်းသိမ်းထားလိုသည့်အတွက် နောက်ထပ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကြိုးပမ်းနေခြင်း ဖြစ်သည်။

လက်ရှိ ဟာလန်းသည် မန်စီးတီးအသင်းတွင် တစ်ပတ် လုပ်ခ စတာလင်ပေါင် ၃၇၅၀၀၀ ရရှိနေသူဖြစ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လုပ်ခလစာအများဆုံး ကစားသမား တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

မန်စီးတီးအသင်းက ဟာလန်းကို နောက်ထပ်လေးနှစ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းနေကာ လေးနှစ်အတွက် လုပ်ခလစာ စတာလင်ပေါင် သန်း ၁၀၀ ခန့်ထိ ပေးချေသွားရမည် ဖြစ်သည်။

လက်ရှိတွင် မန်စီးတီးအသင်း အနေဖြင့် အသင်းဘဏ္ဍာရေး စည်းမျဉ်းနှင့်ပတ်သက်ပြီး အမှုရင်ဆိုင်နေရသော်လည်း ဟာလန်းကို လက်မလွှတ်လိုသောကြောင့် လေးနှစ်စာချုပ်အတွက် လုပ်ခလစာနှင့် အပိုဆုကြေးများ အပါအဝင် စတာလင်ပေါင် သန်း ၁၀၀ ဖြင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကြိုးပမ်းနေခြင်း ဖြစ်သည်။

မန်စီးတီးအသင်းက ဟာလန်းအပြင် အသင်းမှ အဓိကကွင်းလယ် ကစားသမား တစ်ဦးဖြစ်သည့် ရိုဒရီကိုလည်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ကြိုးပမ်းလျက် ရှိနေကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)၏ပွဲစဉ်များကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်ထိ ရန်ကုန်၊ ပုသိမ်နှင့် တောင်ကြီးမြို့တို့တွင် ကျင်းပသွားမည်

ရန်ကုန် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄) ပွဲစဉ်များကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်ထိ ရန်ကုန်မြို့၊ ပုသိမ်မြို့နှင့် တောင်ကြီးမြို့တို့တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

နေရှင်နယ်လိဂ် ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင် အသင်း၏ နိုင်ငံတကာ ခြေစမ်းပွဲစဉ်များကြောင့် ရက်သတ္တပတ် ခေတ္တ ရပ်နားခဲ့ရပြီးနောက် ယခုအခါ မြန်မာ့လက်ရွေးစင် အသင်း၏ နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ ပြီးဆုံးခဲ့သည့်အတွက် ပြန်လည် ကျင်းပသွားမည်ဖြစ်သည်။

နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄) ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၂၂ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစား ကွင်း၌ ဟံသာဝတီယူနိုက်တက် အသင်းနှင့် ရခိုင်ယူနိုက်တက် အသင်း၊ နိုဝင်ဘာ ၂၃ ရက် ညနေ ၃ နာရီခွဲတွင် ပုသိမ်မြို့ရှိ ကျောက်တိုင်အားကစားကွင်း၌ ဧရာဝတီ ယူနိုက်တက်အသင်း နှင့် မဟာယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ISPE အသင်းနှင့် ဒဂုံပေါ်အသင်း၊ နိုဝင်ဘာ ၂၄ ရက် ညနေ ၃ နာရီ တွင် တောင်ကြီးမြို့ရှိ ပြည်နယ် အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံ အက်ဖ်စီအသင်း၊ ညနေ ၃ နာရီ ခွဲတွင် ရန်ကုန်မြို့ရှိ YUSC အားကစားကွင်း၌ ရန်ကုန် ယူနိုက်တက်အသင်းနှင့် သစ္စာ အားမာန်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် မြဝတီ အက်ဖ်စီအသင်းတို့ ဆက်လက် ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# ယခုနှစ် Player of the Year Award နှင့် Annika Major Award ဆုကို အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော်ဒါဆွတ်ခူး

နေပယ် နိုဝင်ဘာ ၂၁



အမေရိကန်နိုင်ငံ ဖလော်ရီဒါ ပြည်နယ် နေပယ်မြို့တွင်ကျင်းပခဲ့သည့် Player of the Year Award တစ်နှစ်တာအကောင်းဆုံး အမျိုးသမီးဂေါက်သီးရိုက် ကစားသမား ဆုပေးပွဲအခမ်းအနားတွင် အမေရိကန် ဂေါက်သီးရိုက်မယ် နယ်လီကော်ဒါက ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် ဂေါက်သီးရိုက်ရာသီကို ကမ္ဘာ့အဆင့်(၁)နေရာဖြင့် အဆုံးသတ်နိုင်ခဲ့သည့် နယ်လီကော်ဒါသည် Player of the Year Award ဆုအပြင် Annika Major Award ဆုကိုပါ ဆွတ်ခူးခဲ့သည်။

နယ်လီကော်ဒါသည် ယခုနှစ် ဂေါက်သီးရိုက်ရာသီ အတွင်း ဆုဖလား ခုနစ်လုံးအထိရရှိခဲ့ပြီး ယင်းဆုဖလား ခုနစ်လုံးအနက် ဆုဖလားငါးလုံးမှာ ဂေါက်သီးရိုက်ရာသီ၏ အဓိကပြိုင်ပွဲငါးရပ်တွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုနှစ် ဂေါက်သီးရိုက်ရာသီ၏ ဒုတိယရာသီဝက်တွင် ဒဏ်ရာပြဿနာကြောင့် ကာလတစ်ခု အနားယူခဲ့ရသည့် နယ်လီကော်ဒါသည် တစ်ရာသီအတွင်း အအောင်မြင်ဆုံးသော ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့သည်။

နယ်လီကော်ဒါက "ဒီနှစ် ဂေါက်သီးရိုက် ရာသီကတော့ ကျွန်မအတွက် လုံးဝကို ထင်မှတ်မထားလောက်အောင် ကောင်းမွန်တဲ့ ရာသီတစ်ခုဖြစ်ခဲ့ပါတယ်။ အောင်မြင်မှုများစွာ ရရှိခဲ့သလို အတက်အကျတွေလဲ အရမ်းကို မြန်ဆန်ခဲ့ပါတယ်။ ကျွန်မရဲ့ နည်းပြအဖွဲ့က ကျွန်မအတွက် အကောင်းဆုံးကြိုးစားခဲ့ကြတယ်။ သူတို့ကြောင့် ကျွန်မအခုလို အံ့အားသင့်စရာ ကောင်းတဲ့ အောင်မြင်မှုတွေ ရရှိခဲ့တာပါ။ ဂေါက်သီးရိုက် ရာသီတစ်ခုရဲ့ အကောင်းဆုံး ဂေါက်သီးရိုက်မယ်ဟာ ဂေါက်သီးရိုက်မယ်တိုင်း မျှော်လင့်နေတဲ့ ဆုဖြစ်ပါတယ်။ တစ်နှစ်တာ အကောင်းဆုံး ဂေါက်သီးရိုက်မယ်ဆုအပြင် Annika Major Award ဆုကိုပါ လက်ခံရရှိခဲ့တဲ့အတွက် အရမ်းကို ဂုဏ်ယူမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၁၁) ပွဲကြိုသုံးသပ်ချက်များ

STA

**ဒေါ့မွန် Vs ဖရိုင်းဘတ်**

ကစားမည့်ရက်/အချိန် ၂၃-၁၁-၂၀၂၄ (ည ၀၉:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဒေါ့မွန် ၃ - ၀ ဖရိုင်းဘတ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| ဒေါ့မွန် - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဖရိုင်းဘတ် - | အိမ်(သရေ) | ဝေး(သရေ) | အိမ်(နိုင်) |

ပြီးခဲ့တဲ့ပွဲစဉ်က ရှုံးပွဲကြုံခဲ့တဲ့ ဒေါ့မွန်အသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာတော့ အမှားခံမှာမဟုတ်ပါဘူး။ ဖရိုင်းဘတ်အသင်းကလဲ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ အဝေးကွင်း ခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဒေါ့မွန်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဒေါ့မွန် ၂ - ၁ ဖရိုင်းဘတ်

**လေဗာကူဆင် Vs ဟိုင်ဒင်ဟိမ်း**

ကစားမည့်ရက်/အချိန် ၂၃-၁၁-၂၀၂၄ (ည ၀၉:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဟိုင်ဒင်ဟိမ်း ၁ - ၂ လေဗာကူဆင်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| လေဗာကူဆင် - | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(သရေ) |
| ဟိုင်ဒင်ဟိမ်း - | ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(ရှုံး) |

သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ လေဗာကူဆင်အသင်းဟာ အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရှာဖွေနိုင်ဖို့ ကြိုးစားလာမှာပါ။ ဟိုင်ဒင်ဟိမ်းအသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေဆိုးရွားနေလို့ အခုပွဲစဉ်မှာလဲ ရှုံးကန်ရမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမဲ့ လေဗာကူဆင်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - လေဗာကူဆင် ၂ - ၀ ဟိုင်ဒင်ဟိမ်း

# ကော်ဖီသောက်ခြင်းနှင့် ကျန်းမာရေး

ဒေါက်တာကျော်စွာထွန်း(ဆေးဝါးဗေဒ)

လူအများစုသည် ကော်ဖီကို နေ့စဉ်လိုလို နှစ်ခွက်မှ သုံးခွက်ခန့်ထိ သောက်သုံးလေ့ရှိကြသည်။ ကော်ဖီသည် စွဲလမ်းစေတတ်သော အရာတစ်မျိုးဖြစ်သော်လည်း မည်သူကမျှ ကန့်သတ်ထိန်းချုပ်ခြင်းမရှိသော စားသုံးကုန်တစ်မျိုးလည်းဖြစ်သည်။ ကော်ဖီ၏ အာနိသင်များမှာ ၎င်းတွင် ပါဝင်သည့် ကဖင်း (Caffeine) ကြောင့် ဖြစ်ရသည်။ ကဖင်းကို အပင်အမျိုးအစားပေါင်း ၆၀ ခန့်၏ အစေ့၊ အသီး၊ အရွက်တို့တွင် တွေ့ရှိရပြီး ၎င်းကို သဘာဝအင်းဆက်သတ်ဆေးအဖြစ်လည်း အသုံးချကြသည်။ ကော်ဖီ၏ သမိုင်းကို ပြန်လှန်ကြည့်ပါက အေဒီ ၈၅၀ ခန့်က အီသီယိုးပီးယားနိုင်ငံကို ပြန်သွားရမည်ဖြစ်သည်။ ထိုအချိန်က ဆိတ်မွေးသူတစ်ဦးသည် သူ၏ဆိတ်များမှာ အာရေဗီးကားအပင်မှ အသီးများကို စားသုံးပြီးနောက် မြူးထူးခုန်ပေါက်နေကြသည်ကို သတိထားမိခဲ့သည်။ သူက ထိုအသီးများကိုခူးပြီး ရွာမှ ဘာသာရေးဆရာထံ ဆက်ကပ်ရာမှ ကမ္ဘာ့ပထမဆုံး ကော်ဖီဆိုတာဖြစ်လာခဲ့သည်။

ကော်ဖီသောက်ပြီး လန်းဆန်းတက်ကြွလာခြင်းသည် ကဖင်း၏ ဦးနှောက်အပေါ် သက်ရောက်သည့် အာနိသင်ကြောင့် ဖြစ်ရကြောင်း ယခုအခါ သိရှိထားကြပြီးဖြစ်သည်။ သောက်လိုက်သည့် ကော်ဖီခွက်ထဲက ကဖင်းဓာတ်များအားလုံး သွေးထဲက တစ်ဆင့် ဦးနှောက်သို့ ရောက်ရှိရန် အချိန် ၄၅ မိနစ်ခန့်သာ လိုအပ်သည်။ ကဖင်းဓာတ်က ဦးနှောက်ထဲတွင် အာရုံကြောကြားခံပစ္စည်းတစ်မျိုးဖြစ်သော အဒီနိုဆင်း (Adenosine) ကို ပိတ်ဆို့သည်။ အဒီနိုဆင်းသည် ကျွန်ုပ်တို့ ပင်ပန်းနွမ်းနယ်လာသည့်အခါ ထွက်လာတတ်သည့် အရာတစ်မျိုးဖြစ်သည်။ ထိုအရာကို ပိတ်ဆို့လိုက်ခြင်းဖြင့် ကျွန်ုပ်တို့ကို အားအင်ပြည့်ဝခြင်း၊ လန်းဆန်းခြင်းနှင့် နိုးကြားခြင်းတို့ကို ဖြစ်စေသည်။

**အာရုံစူးစိုက်မှုကောင်းစေသည့် ကော်ဖီ**

သုတေသနများအရ ကော်ဖီတစ်ခွက်သောက်ထားသည့်လူများသည် တုံ့ပြန်မှုလျင်မြန်ပြီး နိုးကြားတက်ကြွမှု ပိုကောင်းကာ အာရုံစူးစိုက်မှုအားကောင်းပြီး ဉာဏ်ထက်မြက်လာသည်ကို တွေ့ရသည်။ စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ကိုလည်း တိုးတက်လာစေသည်ဟု တွေ့ရှိရသည်။ မကြာသေးမီက အပျော်တမ်းစက်ဘီးစီး အားကစားသမားများကို လေ့လာထားသည့် သုတေသနတွင် ကဖင်းဓာတ်ပါဝင်သော ကော်ဖီသည် အားကစားသမားများ၏ စွမ်းဆောင်ရည်ကို ၁ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်လာစေသည်ဟု ဆိုသည်။

အခြားသောအာနိသင်များလည်း ရှိသေးသည်။ ကော်ဖီသောက်ပြီးနောက် လူများသည် ပျော်ရွှင်မှုကို ပိုမိုခံစားကြရသည်ဟု ပြောဆိုကြပြီး ကော်ဖီက စိတ်ခံစားမှုကို ကာလတာရှည် ကောင်းမွန်တိုးတက်စေနိုင်သည့် အလားအလာများကိုလည်း တွေ့မြင်နေကြရသည်။ ဥပမာ-တစ်နေ့လျှင် ကဖင်းဓာတ်ပါသော ကော်ဖီသုံးခွက်မှ လေးခွက်သောက်သုံးသူများတွင် စိတ်ကျရောဂါဖြစ်ပွားမှု ပိုမိုနည်းပါးကြသလို မိမိကိုယ်ကိုသတ်သေမှုများလည်း လျော့ပါးလေ့ရှိကြောင်း သုတေသနများစွာက တွေ့ရှိနေရခြင်းမျိုးဖြစ်သည်။ သို့သော်လည်း အဆိုပါကောင်းကျိုးများကို ကဖင်းဓာတ်မပါသည့် ကော်ဖီကို သောက်သူများတွင် မတွေ့ကြရသည့်အတွက် ကဖင်းဓာတ်ကသာ ထိုကောင်းကျိုးများကို ရရှိစေကြောင်း သိနိုင်ပေသည်။ ထို့ပြင် ကဖင်းဓာတ်ပါသော ကော်ဖီသောက်သူများတွင် ပါကင်ဆန်ရောဂါဖြစ်ပွားမှုလည်း သိသိသာသာလျော့နည်းကြောင်း တွေ့ရှိကြရပြန်သည်။ ထိုသို့ စိတ်ပိုင်းနှင့် အာရုံကြောပိုင်းဆိုင်ရာ ကောင်းကျိုးများရရှိခြင်းသည် မည်သည့်အကြောင်းရင်းကြောင့်ဟု သေချာမသိရသော်လည်း ထိုအာနိသင်များမှာ ကဖင်းဓာတ်၏ ဦးနှောက်အတွင်း ဒိုပါမင်း (Dopamine) ဆိုသော အာရုံကြောကြားခံပစ္စည်းများကို များပြားလာစေခြင်းကြောင့်ဟု ပညာရှင်များက ယူဆထားကြသည်။



**ကော်ဖီနှင့် ကျန်းမာရေးကောင်းကျိုးများ**

ကော်ဖီသောက်လျှင် နှလုံးတုန်ပြီး ရင်ခုန်သံမြန်စေသည်ဆိုသော တွေ့ရှိချက်များရှိသော်လည်း မကြာသေးခင်က ထုတ်ပြန်ထားသည့် သုတေသနတစ်ခုအရ တစ်နေ့လျှင် ကော်ဖီနှစ်ခွက်၊ သုံးခွက်သောက်သူများသည် နှလုံးသွေးကြောရောဂါ၊ နှလုံးပျက်စီးခြင်းနှင့် နှလုံးစည်းချက်မမှန်ခြင်းတို့ ဖြစ်ပွားနိုင်ခြေ ပိုမိုနည်းပါးကြောင်းနှင့် ရောဂါများကြောင့် သေဆုံးမှုနှုန်းလည်း ပိုမိုနည်းပါးကြောင်း တွေ့ရှိရပြန်သည်။ ဗြိတိန်နိုင်ငံရှိ လူပေါင်း ၃၈၀၀၀၀ ကို ၁၀ နှစ်ကြာအောင် စောင့်ကြည့်လေ့လာခဲ့သည့် အဆိုပါ သုတေသနတွင် ကဖင်းဓာတ်မပါသည့် ကော်ဖီကို သောက်ကြသူများတွင်လည်း အလားတူ ကောင်းကျိုးမျိုးကို ရရှိစေကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ကော်ဖီသောက်ခြင်းကြောင့် နှလုံးနှင့် ပတ်သက်သော ကောင်းကျိုးများရရှိခြင်းမှာ ကဖင်းဓာတ်ကြောင့် မဟုတ်ဟု ကောက်ချက်ချနိုင်ပေသည်။

ကဖင်းဓာတ်က နှလုံးဆိုင်ရာ ကောင်းကျိုးများကို ပေးခြင်းမဟုတ်ပါလျှင် ဘယ်အရာတွေက ပေးစွမ်းနေပါသလဲ။ ဖြစ်နိုင်ခြေကတော့ ကော်ဖီတွင် ပါဝင်သည့် ပေါ်လီဖီနောခေါ် ဒြပ်ပေါင်းများကြောင့်ပင် ဖြစ်ပေမည်။ ပေါ်လီဖီနောများသည် အပင်များကို အင်းဆက်ပိုးမွှားများဒဏ်၊ ရာသီဥတုဒဏ်တို့မှ အကာအကွယ်ပေးနေသည့် ဒြပ်ပေါင်းများဖြစ်ကြပြီး ၎င်းတို့တွင် ဓာတ်တိုးဆန့်ကျင်သည့် အာနိသင်နှင့် ရောင်ရမ်းမှုကို လျော့ကျစေသည့် အာနိသင်များလည်းရှိသည်ဟု သတ်မှတ်ထားကြသည်။ ထို့ပြင် ကော်ဖီတွင် အူလမ်းကြောင်းအတွင်းရှိ ကောင်းသော ဗက်တီးရီးယားများကို ပွားများစေသောအမျှင်ဓာတ်များလည်း ပြည့်ဝစွာ ပါဝင်နေပေသည်။

အချို့ပညာရှင်များကတော့ ကော်ဖီ၏ ကောင်းကျိုးများနောက်ကွယ်တွင် အူလမ်းကြောင်း ဗက်တီးရီးယားများကလည်း ပါဝင်နေသည်ဟု ယုံကြည်ကြပြန်သည်။ နိုင်ငံပေါင်းစုံမှ လူပေါင်းသုံးသောင်းကျော်၏ အူလမ်းကြောင်း ဗက်တီးရီးယားများကို လေ့လာကြည့်ရာ မည်သည့် ကော်ဖီကိုမဆို သောက်သုံးကြသူများ၏ အူလမ်းကြောင်းထဲတွင် Lawsonibacter အမည်ရ ဗက်တီးရီးယားတစ်မျိုးကို တွေ့ကြရသည်။ ကော်ဖီ သောက်လေလေ အူလမ်းကြောင်းအတွင်းရှိ အဆိုပါ ဗက်တီးရီးယားပိုများလေလေ ဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုဗက်တီးရီးယားက အူလမ်းကြောင်းအတွင်း ရောက်ရှိလာသော ကော်ဖီတွင် ပါဝင်သည့် အမျှင်ဓာတ်များနှင့် ပေါ်လီဖီနောများကို ချေဖျက်လိုက်ပါက ရောင်ရမ်းမှုကို လျော့ကျစေပြီး ကိုယ်ခံအားစနစ်ကို တည်ငြိမ်စေသည့် ဓာတုပစ္စည်းများကို ထွက်လာစေသည်။ နာတာရှည်ရောင်ရမ်းမှုများသည် ဆီးချိုသွေးချိုရောဂါ၊ ဓာတ်မတည့်ခြင်း၊ အဝလွန်ခြင်းတို့နှင့်လည်း ဆက်စပ်နေသည့်အတွက် ကော်ဖီသောက်သုံးခြင်းအားဖြင့် ရောင်ရမ်းမှုများကို လျော့ပါးစေပြီး ၎င်းရောဂါများ ဖြစ်ပွားနိုင်ခြေကိုလည်း လျှော့ချပေးနိုင်သည်။

**ကဖင်းက အမြဲကောင်းသလား**

ကဖင်းဓာတ်သည် ကောင်းကျိုးရှိသော်လည်း များလွန်းလျှင် ဆိုးကျိုးများကိုလည်း ဖြစ်စေနိုင်သည်။ ယခုအခါ ကဖင်းဓာတ်ကို အချိုရည်များ၊ အားဖြည့်အချိုရည်များ၊ အားဆေးများနှင့် ဆေးဝါးများတွင်ပါ ထည့်သွင်းအသုံးပြုလာနေကြသည်။ ထိုစားသောက်ကုန်များတွင် ပါဝင်သည့် ကဖင်းဓာတ်သည် ပမာဏအမျိုးမျိုးဖြစ်ပြီး လိုအပ်သည်ထက် အလွန်များနေသည်မျိုး ရှိတတ်သည်။ ပမာဏလွန်စွာများပါက ကဖင်းဓာတ်သည် ခန္ဓာကိုယ်၏အရေးပေါ်တုံ့ပြန်မှုကိုအားပေးသောအက်ဒရီနလင်း (Adrenaline) နှင့် နော်အက်ဒရီနလင်း (Noradrenaline) ဟော်မုန်းများ ထွက်ရှိလာစေသည်။ ထိုအခါ ရင်တုန်ခြင်း၊ နှလုံးခုန်မြန်ခြင်းနှင့် သွေးတိုးခြင်းစသည်တို့ကို ဖြစ်ပေါ်စေသည်။ စိတ်လှုပ်ရှားကြောက်ရွံ့ခြင်းနှင့် ဂနာမငြိမ်ဖြစ်ခြင်းတို့ကိုလည်း ခံစားရစေနိုင်သည်။

ထို့ကြောင့်လည်း ဗြိတိန်နိုင်ငံမှ လေဘာပါတီတာဝန်ရှိသူများက ကဖင်းဓာတ်ပါဝင်မှု အလွန်များသော အားဖြည့်အချိုရည်များကို ၁၆ နှစ်အောက်ကလေးများတွင် သောက်သုံးမှုပိတ်ပင်ရန် တိုက်တွန်းနေခြင်းဖြစ်သည်။ ကမ္ဘာပေါ်ရှိ ကလေးများ၏ တစ်ဝက်ခန့်မှာ အားဖြည့်အချိုရည်တစ်မျိုးမျိုးကို တစ်ပတ်လျှင် တစ်ကြိမ်တော့ သောက်သုံးကြလေ့ရှိကြောင်း အချက်အလက်များကဖော်ပြနေသည်။ ထို့ပြင် အားဖြည့်အချိုရည်များတွင် ကဖင်းဓာတ်အပြင် အခြားသော စိတ်အားတက်ကြွစေသည့် လှုံ့ဆော်ပစ္စည်းများဖြစ်ကြသော ဂွာအာရာနာ(Guarana)၊ တောရင်း (Taurine)နှင့် အယ်လ်-ကာနီတင်း(L-carnitine) တို့လည်း ပါဝင်နေကြပြန်သည်။ ထိုအရာများကလည်း သွေးတိုးခြင်း၊ နှလုံးခုန်မြန်ခြင်းနှင့် အသက်ရှူမြန်ခြင်းတို့ကို ပိုဆိုးစေသည့်အတွက် အားဖြည့်အချိုရည်သောက်ပြီးသူများတွင် နှလုံးနှင့်ပတ်သက်သောရောဂါများ ပြင်းထန်စွာ ဖြစ်ပွားခြင်းမျိုးရှိခဲ့သည်။ ထို့ကြောင့် ကဖင်းဓာတ်များအပြင် ဆေးသကြား၊ သကြားနှင့် အနံ့အရသာအတုများ ထည့်သွင်းထားသော အားဖြည့်အချိုရည်များသည် သင့်ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ တတ်နိုင်ပါက အားဖြည့်အချိုရည်များနှင့် အချိုရည်များကို ရှောင်ရှားသင့်သည်။

**ကော်ဖီကို သောက်ကြစို့**

ကော်ဖီသောက်လျှင် ရင်တုန်ပန်းတုန်ဖြစ်တတ်သည့် ကော်ဖီနှင့် မတည့်သူများမှလွဲ၍ ကျန်သူများသည် ကျန်းမာရေးကောင်းကျိုးများရရှိလိုလျှင် ကော်ဖီကို တစ်နေ့ သုံးခွက်ခန့်ထိ သောက်ပေးသင့်သည်။ ကော်ဖီစစ်စစ်ကို ဖြစ်စေ၊ ကဖင်းဓာတ်မပါသော ကော်ဖီကို ဖြစ်စေ သောက်ပေးခြင်းသည် နှလုံးရောဂါနှင့် ဆီးချိုသွေးချိုရောဂါများဖြစ်ပွားနိုင်ခြေကို လျော့ပါးစေနိုင်သည်။ သို့သော် စိတ်ကျရောဂါနှင့် ပါကင်ဆန်ရောဂါတို့ ဖြစ်ပွားမှုကိုလျော့ပါးစေလိုပါလျှင်မူ ကဖင်းဓာတ်ပါသည့် ကော်ဖီစစ်စစ်ကိုသာ သောက်သုံးသင့်သည်။ ထို့ကြောင့် လူတိုင်းလိုလို မည်သည့်နေ့ရက်တွင်မဆို ကျန်းမာရေးကောင်းကျိုးများပေးနိုင်သည့် ကော်ဖီကို သောက်သုံးသင့်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

– Caffeine: The Unfiltered Truth, New Scientist.

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ပန်းချီအနုပညာရှင် ခုနစ်ဦးပါဝင်ပြသမည့် ရောင်စုံဆေးမင် Group Art Exhibition ပုဇွန်တောင်မြို့နယ် Izana Art Gallery ၌ ပြသမည်ဖြစ်




ရန်ကုန် နိုဝင်ဘာ ၂၂

လူငယ်ပန်းချီအနုပညာရှင် ခုနစ်ဦး ပါဝင်ပြသမည့် ရောင်စုံဆေးမင် Group Art Exhibition ကို နိုဝင်ဘာ ၂၃ ရက်မှ ၂၅ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် Izana Art Gallery ၌ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ Group Art Exhibition တွင် ပါဝင်ပြသမည့် ပန်းချီ မောင်မိုးက ပြောပြ၍ သိရသည်။

ရောင်စုံဆေးမင် Group Art Exhibition တွင် Tattoo ရေးသည့် လူငယ် ပန်းချီအနုပညာရှင်များ၏ ပန်းချီလက်ရာများကို ကြည့်ရှုကြရမည်ဖြစ်ပြီး Installation Art ကိုလည်း ထည့်သွင်းပြသမည်ဖြစ်သောကြောင့် မတူညီသည့် အနုပညာလက်ရာများကို တစ်နေရာတည်း စုစုစည်းစည်း ကြည့်ရှုခံစားရမည်ဖြစ်ကြောင်း သိရသည်။

"အခုပြသမဲ့ပြပွဲမှာ Tattoo အနုပညာဖန်တီးနေတဲ့ ပန်းချီအနုပညာရှင် စုစုပေါင်းခုနစ်ယောက် ပါရှိမှာဖြစ်ပါတယ်။ ပြပွဲမှာ ရောင်းရတဲ့ ပန်းချီကားတန်ဖိုးတွေရဲ့ တစ်ဝက်တိတိကိုရေဘေးသင့်ခဲ့တဲ့အင်းလေးဒေသကိုလှူဒါန်းမှာပါ။ ဝယ်ယူစုဆောင်းပေးတဲ့ မိတ်ဆွေညီအစ်ကိုတွေအတွက်လဲ ပန်းချီ စည်သူ ထုလုပ်ထားတဲ့ မြန်မာ့ထိုးကွင်းရုပ်တုကလေးတစ်ရုပ်ကို မဲဖောက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပန်းချီ မောင်မိုးက ပြောပြသည်။

ရောင်စုံဆေးမင် Group Art Exhibition တွင် ပန်းချီ မောင်မိုး၊ မောင်ရင်ထွန်း၊ ဖိုးကျော်၊ ဖိုးဇော်၊ လပိုင်၊ စိုးမင်းဇော်၊ စည်သူတို့၏ ပန်းချီကားများကို လေ့လာကြည့်ရှုနိုင်မည်ဖြစ်ပြီး အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၂၈ x ၂၂) လက်မ၊ (၂၄ x ၂၄) လက်မ၊ (၁၈ x ၂၄) လက်မ၊ (၁၈x ၁၈) လက်မ စသည်ဖြင့်အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာလည်း အနည်းဆုံးငွေကျပ် ငါးသိန်းမှ အမြင့်ဆုံးငွေကျပ် သိန်း ၂၀ ထိ ရှိကြောင်း သိရသည်။

ASH

# စတီဗင်စပီးဘာ့ဂ်၏ ဇာတ်ကားသစ်၌ မင်းသား ဂျို့အိုကွန်နာ ပါဝင်သရုပ်ဆောင်မည်

နယူးယောက် နိုဝင်ဘာ ၂၂

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ သိပ္ပံရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဂျို့အိုကွန်နာ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း နိုဝင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသစ်တွင် မင်းသား ဂျို့အိုကွန်နာသည် မင်းသမီး အမ်မလီဘလန့်၊ မင်းသား ကိုဖင်ဒိုမင်ဂို၊ ကောလင်းဖာ့တို့နှင့် အတူ သရုပ်ဆောင်မည်ဖြစ်သည်။

တရားဝင် ဇာတ်ကားနာမည် မကြေညာသေးသည့် အထက်ပါ သိပ္ပံရုပ်ရှင်ဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာ စတီဗင်စပီးဘာ့ဂ က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကိုအက်က တာဝန်ယူ ရေးသားပေးမည်ဖြစ်သည်။

ဒါရိုက်တာ စတီဗင်စပီးဘာ့ နှင့် ဒေးဗစ်ကိုအက်တို့သည် Jurassic Park၊ The Last World: Jurassic Park 1 Wars of the World စသည့်ဇာတ်ကားများတွင် လက်တွဲဆောင်ရွက်ခဲ့ကြဖူးသူများ ဖြစ်ကြသည်။

စတီဗင်စပီးဘာ့၏ သိပ္ပံဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် မေ ၁၅ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်က စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# တေးသံရှင် ဖြိုးပြည့်စုံ၊ အိမ့်ချစ်၊ ဂျူဝယ်တို့၏ Winter Without You တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ် Inya Lake Garden ၌ ကျင်းပမည်




ရန်ကုန် နိုဝင်ဘာ ၂၂

တေးသံရှင် ဖြိုးပြည့်စုံ၊ အိမ့်ချစ်၊ ဂျူဝယ်တို့၏ Winter Without You တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် Inya Lake Garden ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဖြိုးပြည့်စုံက ပြောပြ၍ သိရသည်။

Winter Without You တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် Inya Lake Garden ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Daily Gita Band တေးဂီတအဖွဲ့ က အကောင်းဆုံး တီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်နဲ့ ဂျူဝယ်နဲ့က တော်တော်လေး ဆုံဖြစ်ပေမဲ့ မအိမ့်ချစ်နဲ့က မဆုံဖြစ်ခဲ့ကြတာကြာပြီဆိုတော့ တစ်ချိန်က အတူဆိုခဲ့ကြတဲ့သီချင်းတွေကို အမှတ်တရ ပြန်ဆိုဖြစ်မယ် ထင်ပါတယ်။ ပရိသတ်တွေ စိတ်ကူးထားတဲ့သီချင်းတွေနဲ့ထပ်တူကျမဲ့ အမှတ်တရ ဆောင်းညတစ်ညမို့ Inya Lake Garden မှာ ဆုံကြပါစို့"ဟု တေးသံရှင် ဖြိုးပြည့်စုံက ပြောပြသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို Inya Lake Garden ၌ နိုဝင်ဘာ ၂၄ ရက် ည ၇ နာရီမှစတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# မူလ Happy Gilmore ဒါရိုက်တာ ဒင်းနစ်ဒူဂန်နဲ့ Happy Gilmore-2တွင် သရုပ်ဆောင်အဖြစ်ပါဝင်လာ

နယူးယောက် နိုဝင်ဘာ ၂၂

Netflix ၏ Happy Gilmore နောက်ဆက်တွဲဇာတ်ကားသစ်တွင် မူလ Happy Gilmore (1946) ဒါရိုက်တာ ဒင်းနစ်ဒူဂန်က သရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

Happy Gilmore-2 ဇာတ်ကားတွင် ဒါရိုက်တာ ဒင်းနစ်ဒူဂန်သည် ပရော်ဖက်ရှင်နယ်ကြေးစား ဂေါက်ရိုက်ပွဲများ စီစဉ်သူအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ဒင်းနစ်ဒူဂန်သည် မူလ Happy Gilmore တွင်လည်း အထက်ပါ ဇာတ်ကောင်နေရာမှာပင် သရုပ်ဆောင်ခဲ့ဖူးသည်။

မူလ Happy Gilmore ဇာတ်ကားမှ မင်းသား အဒမ်ဆန်းဒလားအစ်က Happy Gilmore-2 တွင် ဇာတ်ကောင် ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

Happy Gilmore-2 ဇာတ်ကားကို ဒါရိုက်တာ ကီလီနီဝါချက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Happy Gilmore ဇာတ်ကား ပြသမည့်ရက်ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO




# သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်နှင့် ဒါရိုက်တာ မီးပွားတို့လက်တွဲကာ ပဥ္စလက်မိုး ရုပ်ရှင်ဇာတ်ကား ဖန်တီးရိုက်ကူးမည်

ရန်ကုန် နိုဝင်ဘာ ၂၂

သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်နှင့် ဒါရိုက်တာ မီးပွားတို့လက်တွဲကာ ပဥ္စလက်မိုး ရုပ်ရှင်ဇာတ်ကားကို ဖန်တီးရိုက်ကူးမည်ဖြစ်ကြောင်း သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြ၍ သိရသည်။

ပဥ္စလက်မိုး ရုပ်ရှင်ဇာတ်ကားသည် နာမည်ကျော် စာရေးဆရာမ လွန်းထားထား (ဆေးတက္ကသိုလ်)၏ အောင်မြင်ထင်ရှားခဲ့သည့် ဝတ္ထုတစ်ပုဒ်ကို သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၏ Frenzo Production က ဒါရိုက်တာ မီးပွားနှင့်လက်တွဲကာ ရိုက်ကူးပုံဖော်တင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

"ပိတောက်ကတဲ့ဂီတမှာ အတွဲညီခဲ့ကြတဲ့ ဒါရိုက်တာ ဦးမီးပွားရယ်၊ Frenzo ထုတ်လုပ်ရေးရယ်၊ သရုပ်ဆောင် ပိုးမီသာရယ်၊ DP ကိုဖြိုးကျော်ရယ်၊ ကျွန်တော်ရယ် ပြီးတော့ နောက်ထပ်ပါဝင်မဲ့ သရုပ်ဆောင်တွေ၊ ပညာရှင်တွေကို ထပ်မံကြေညာသွားပါမယ်။ ကြည်နူးဆွတ်ပျံ့ဖွယ်ရာ အချစ်ကားလေးဖြစ်လာဖို့ အကောင်းဆုံး ကြိုးစားပြင်ဆင် ရိုက်ကူးသွားပါမယ်"ဟု သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြ၍ သိရသည်။

ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing attends ceremonies to mark centenary celebration of Myanmar engineering education and inauguration of Naypyitaw State Polytechnic University


Senior General Min Aung Hlaing addresses the ceremonies to mark the centenary celebration of Myanmar engineering education and the inauguration of the Naypyitaw State Polytechnic University.

**Nay Pyi Taw November 21**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the ceremonies to mark centenary celebration of Myanmar engineering education and inauguration of Naypyitaw State Polytechnic University at the university this morning..

Also present on the occasion were SAC Vice-Chairman Deputy Prime Minister Vice-Senior General Soe Win, Joint Secretary General Ye Win Oo, council members, union ministers, union-level dignitaries, the Nay Pyi Taw Council Chairman, senior Tatmadaw officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, rectors and pro-rectors from universities, engineering professionals from organizations at home and abroad, invitees, faculty members and students.

At the ceremony, SAC Vice-Chairman Deputy Prime Minister Vice-Senior General Soe Win, Union Minister for Science and Technology Dr Myo Thein Kyaw, Union Minister for Construction U Myo Thant, Chairman of Myanmar Engineering Council Dr Aung Kyaw Myat and Architect Council Chairman U Win Zaw cut the ribbon to open the centenary celebration of Myanmar Engineering Education and the Naypyitaw State Polytechnic University.

The Senior General unveiled the status to mark the centenary celebration of Myanmar Engineering Education and the signboard of the university and posed for documentary photos together with attendees.

The Senior General sprinkled scented water on the plaque of the university.

The Vice-Senior General and attendees also sprinkled scented water on the plaque of the university.

At the assembly hall of the university, the second session of the ceremony followed. The Senior General and attendees enjoyed the dances performed by new generation engineering students with the song of 100 years engineering education and the song of Welcome To NSPU to mark the centenary celebration of Myanmar Engineering Education and the opening of the university.


Senior General Min Aung Hlaing visits an exhibition booth.

Speaking on the occasion, the Senior General said that this ceremony was a significant day with auspiciousness coincided with the centenary celebration of Myanmar engineering education and the inauguration of Naypyitaw State Polytechnic University which will be a top university in the country in the modern science and technological sector.

According to the historical evidences, Myanmar's engineering and architectural techniques have been flourishing since Pyu and Bagan eras. Myanmar's architectural heritages can be seen in Pyu era's ancient Beikthanoe, Hanlin and Sri Ksetra cities. High architectural works of Myanmar are visible at Ananda,Thatbyinnyu and Dhammayan temples in Bagan era. A one-mile U Bein bridge built by clerk U Bein using teak only in Amarapura in the reign of King Bagan is a world's largest wooden bridge.

Development of engineering technology in Yadanabon era was based on establishment of coin factory, indigo factory, sugar mill, shipbuilding factory, wool factory and loom by Prince Kanaung, the younger brother of King Mindon from 1858 to 1874. Maung Shwe Oh obtained the master degree from the Central Arts University in Paris of France in 1866 in addition to the civil engineering degree. In 1867, as he submitted a paper on glass melting, he became the first-ever engineer of Myanmar because he was appointed as the glass milting officer.

*See Page 13*


Senior General Min Aung Hlaing hears report by an official.


Senior General Min Aung Hlaing views a documentary on engineering education.



Vice-Senior General Soe Win, union ministers and officials cut the ribbon to open the centenary celebration of Myanmar Engineering Education and the Naypyitaw State Polytechnic University.

*From Page 12*

In 1866, Yaw Mingyi U Bo Hlaing constructed the Yaw Mingyi Brick Monastery in Mandalay, inspired by Italian hotel designs. In 1869, he wrote the "Lipidipika Treatise" on the Myanmar telegraphic technique, and by 1870, he began installation of Myanmar telegram lines.

In 1872, a delegation led by Kinwun Mingyi visited Britain and other European countries to study Western educational systems, administration, and infrastructure development, including road and bridge construction. By 1874, the construction of the Sagaing Iron Furnace was commenced, overseen by U Myu, an iron furnace officer who had studied iron melting technology in France. The furnace was capable of producing items ranging from iron rods and plates to cannonballs and weapons.

After regaining independence, 84-MW No. 2 Lawpita Hydropower Plant was constructed in 1960 under the slogan "Let's Build Nirvana in the World" and its generation capacity was boosted to 168 MW in 1974. In the early 1970s, the universities' computer centre was established and an ICL-1902S mainframe computer was installed as the first computer in Myanmar . The computer was used during the population census in 1973.

In successive eras, Myanmar engineers and architects have emerged. Yangon city hall was designed by Myanmar architect Sithu U Tin and foreign experts by combining European and Myanmar traditional architecture.

In the 21st century, the construction of Nay Pyi Taw capital and Hluttaw buildings in Nay Pyi Taw was carried out by Myanmar architects and engineers by decorating them with Myanmar traditional culture and Myanmar architecture. Moreover, Mara Vijaya Buddha statue in the Buddha Park in Dakkhinathiri Township in Nay Pyi Taw is a Bhumiphasa Mudra marble Buddha image and it was successfully built as the world's highest and heaviest marble Buddha image by Myanmar engineers and architects by using the CNC technology. Furthermore, a 8,638-foot long cable-stayed bridge over the Bago river (Thanlyin Bridge-3) was built by Myanmar engineers and the bridge was proudly inaugurated in June, 2024.

In retrospect of the history of Myanmar engineering education, the inauguration of the faculty of engineering at Yangon University in the 1923-1924 academic year amounted to the beginning of the Myanmar engineering education. A civil engineering course was introduced in the 1924-1925 academic year and the faculty was able to produce 25 first Myanmar engineering graduates in 1928.

In 1961, the faculty was moved to the site of the current Yangon Technological University in Gyogone in Insein Township and Mandalay Institute of Technology and Defence Services Technological University in 1991 and 1994 respectively. Yangon University of Compute Science and Pyay Technological University were opened in 1996 and 1998 respectively. In 2002, Myanmar Aerospace Engineering University, the one and only one of its kind in Southeast Asia, and Myanmar Maritime University were opened in 2002.



Senior General Min Aung Hlaing visits a car exhibition booth.

So far, a total of 56 engineering universities have been opened including Naypyitaw State Polytechnic University and seven other polytechnic universities, 27 technological universities, 19 universities of computer science, one Myanmar Aerospace Engineering University and one Myanmar Maritime University to nurture engineers, architects and computer experts on whom the state can rely. Together with the inauguration of Nay Pyi Taw State Polytechnic University today, five other polytechnic universities are being inaugurated in Kengtung, Panglong, Myeik, Dawei and Maubin simultaneously today.

The term polytechnic university refers to institutions that offer science, technology, engineering, maths, applied sciences and business management courses practically not only for undergraduate students but also for postgraduate ones and have links with practical professional worksites. Polytechnic universities are opened with the aims of offering practical education for careers of students, placing emphasis on modern technology and research development, nurturing skilled technicians and graduates who are needed in worksites and creating opportunities for work experience and cooperation with industries in real world projects. Therefore, polytechnic universities are institutions that offer courses on multiple disciplines and opportunities for comprehensive research not only for undergraduates but also for postgraduates.

Government Technological College (Nay Pyi Taw) was upgraded into Nay Pyi Taw Technological University on 1 November, 2022 with the aims of nurturing increasing numbers of high-quality human resources and engineers who are necessary for the state and development of the country and contributing to socioeconomic development of regions and states and the people.

The college was inaugurated with six engineering majors in the 2022-2023 academic year and an agricultural engineering major was added in the 2023-2024 academic year. It has been upgraded into Naypyitaw State Polytechnic University, offering not only engineering courses but also computer science and computer technology courses.

Naypyitaw State Polytechnic University was established with the aim of becoming one of the country's top universities, similar to Yangon Technological University and Yangon University of Computer Studies. It was expanded to include seven engineering specialized departments, four computer science specialized departments, five other supportive departments, and a total of 16 teaching departments.

At present, seven types of engineering specializations and two types of computer specializations are offered, making a total of nine degrees. Annually, 270 engineering students and 120 computer science students are enrolled, totaling 390 students. Engineering specialization is taught for five years, and computer science specialization for four years.



The Naypyitaw State Polytechnic University.

*See Page 14*

*From Page 13*

The university is working to become a Smart University and plans to expand its specialized fields and postgraduate degree programs to match international polytechnic institutions. It also aims to conduct research benefiting the country.

The government has built Naypyitaw State Polytechnic University to provide engineering and computer science professionals needed for the nation's development. At present, the university is continuously working to improve the environment, making it more beautiful, clean, and accessible. Efforts must be made for the new generation of engineers produced by the university to become professionals capable of keeping abreast of their counterparts in the regional countries.

Throughout Myanmar's history, we honor and deeply appreciate the ancient scholars and architects who elevated the country's traditional engineering and architectural heritage, bringing pride and prestige to the nation. Furthermore, it was emphasized that in commemoration of the 100 years of engineering education in Myanmar and to ensure its continuous growth and development for centuries to come, alumni, engineering professionals, managers, teachers, and students must work hand in hand with unity and determination. This collective effort will help advance the nation's interests and benefit its progress.

Afterward, the Senior General, along with the attendees of the ceremony, watched and appreciated a documentary on the history of engineering education in Myanmar.

Following this, Dr. Myo Thein Kyaw, Union Minister for Science and Technology, presented a commemorative gift to the Senior General in honor of the centennial celebration of Myanmar's engineering education.

Afterward, the Senior General and party warmly greeted the attendees of the ceremony, including teachers, lecturers, and students.

The Senior General and the attendees enthusiastically toured the engineering history exhibition halls, technology exhibition booths, and displays presented by various ministries and organizations.

Naypyitaw State Polytechnic University was established to produce the skilled human resources in engineering and computer technology required for the nation's development projects. This transformation and expansion from Naypyitaw Technological University to Naypyitaw State Polytechnic University was made possible under the guidance of Senior General Min Aung Hlaing, Chairman of the State Administration Council Prime Minister. The university's fundamental infrastructure, including classrooms, laboratories, and workshops, was meticulously constructed under the close supervision of experienced engineers from the Ministry of Science and Technology, ensuring an environment that is both harmonious with nature and conducive to comfortable learning. The university has been equipped with adequate facilities and teaching aids, comparable to international universities, to support students during their studies. Additionally, sports grounds, recreation centers, and other facilities have been established to ensure students fully enjoy their university life. The campus is also designed with lush greenery, decorative ponds, and peaceful relaxation areas, creating a serene and refreshing environment for students.

Along with the establishment of Naypyitaw State Polytechnic University, Polytechnic Universities have also been opened in Kengtung, Panglong, Myeik, Dawei, and Maubin simultaneously. Efforts are underway to transform Naypyitaw State Polytechnic University into a Smart University, comparable to international polytechnic institutions, by expanding specialized fields and postgraduate degree programs. Furthermore, steps are being taken to conduct research beneficial to the country, ensuring continuous progress in these areas.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Kyaiklat Township ships 700,000 duck eggs to Yangon in Oct amid high demand

**Kyaiklat November 21**

Up to 700,000 duck eggs from Kyaiklat Township, Pyapon District, Ayeyawady Region, were sent to the Yangon market in October, said Daw Thuzar Myint, a livestock product trading entrepreneur from Kyaiklat Township.

This marks a significant increase compared to September, during which only 450,000 duck eggs were sold. From October 1 to 31, sales rose sharply, reaching 700,000 duck eggs.

Kyaiklat Township remains the largest supplier of duck eggs to Yangon. The November market outlook is promising, driven by higher prices due to a reduction in duck farming in the area this year, Daw Thuzar Myint explained.

People farming the ducks in the township typically raise between 1,000 to 2,000 ducks for egg production. The eggs are cleaned, carefully packaged, and shipped to the Yangon market. Raising 1,000 ducks costs between 1.8 million to 2.5 million kyats, including the initial investment in the ducks themselves.

KKL

# Local farmers complete harvest of groundnut in Katha District in 2024-25 monsoon season

**Katha November 21**

A total of 594 acres of groundnut has been harvested in Katha District of Sagaing Region, according to the statistics of Katha District Agriculture Department.

In 2024-25 monsoon season, local farmers planted 744 acres of groundnut in Katha District. They started harvest of groundnut in August and so far have harvested 594 acres of groundnut plantations. It yielded 42.38 baskets of groundnut per acre.

U Myint Soe, Head of District Agriculture Department commented: "This year, Katha District could grow 744 acres of groundnut. Now, local farmers are harvesting groundnut plantations. So far, they have harvested 594 acres of crops. Oil crops are thriving in the district. Sown acreage of groundnut is on the rise yearly."

In Katha District, Katha Township harvested 184 acres of groundnut, Htigyaing Township 32 acres and Bamauk Township, 378 acres, totalling 594.

Farmers need to use 1.5 baskets of quality seeds per acre for growing groundnut and they have to spend more than K200,000 per acre for quality seeds of groundnut, labour charge, fertilizers and pesticides. The crop can yield more than 40 baskets per acre.

This year, officials of the relevant Township Agriculture Department help local farmers nurture groundnut plants for thriving, prevent pests and weed crop plantation for increased per-acre yield.

206

# Merchants from Kyonpyaw Township sell green gram to Yangon market



A green gram plantation.

**Kyonpyaw November 21**

Local merchants from Kyonpyaw Township of Ayeyawady Region sent 72,000 bags of green gram of 16 pyis to Yangon market in October, said Daw Zar Chi, the owner of pulses and beans trading in Kyonpyaw Township.

The township supplied 50,000 bags of green gram to Yangon market in September, compared to 72,000 bags in October. Merchants from Kyonpyaw Township purchase green gram from local farmers and send it to Yangon market.

Daw Zar Chi explained: "Merchants sold remaining stocks of beans to Yangon market last month. Those merchants sell paddy and beans from the township to Yangon market. Due to high demand, those included in the production change of green gram can earn increased incomes with job opportunities."

At present, 16-pyi bag of green gram fetches K115,000 in Yangon market. Due to high demand of the beans, merchants and farmers including freight workers and truck drivers are convenient in their livelihoods.

Kyaw Kyaw Lin

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ပြင်သစ်ထုတ်ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးစနစ်များပူးတွဲဝယ်ယူမှု အတည်ပြုခဲ့



ဥရောပသမဂ္ဂ(EU) အဖွဲ့ဝင်နိုင်ငံများသည် ဥရောပတိုက်ကာကွယ်ရေး အဆင့်မြှင့်တင်ရေးအစီအစဉ် (EDIRPA) မှ တစ်ဆင့် ၎င်းတို့၏လုံခြုံရေးအတွက် ပြင်သစ်ထုတ် MISTRAL ပခုံးထမ်း လေကြောင်းရန်ကာကွယ်ရေးစနစ်များ ပူးတွဲဝယ်ယူမှုကို အတည်ပြုလိုက်ကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤအစီအစဉ်တွင် စီမံကိန်းများစွာ ပါဝင်မည်ဖြစ်ပြီး ၎င်းတို့ထဲမှ တစ်ခုဖြစ်သော MISTRAL ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးစနစ်ကို ဥရောပသမဂ္ဂ အဖွဲ့ဝင် ကိုးနိုင်ငံဖြစ်သည့် ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ဆိုက်ပရက်စ်၊ အက်စ်တိုးနီးယား၊ စပိန်၊ ဟန်ဂေရီ၊ ဆလိုဗေးနီးယား၊ ရိုမေးနီးယားနှင့် ဒိန်းမတ်နိုင်ငံတို့၏ စုပေါင်း လေကြောင်းရန်ကာကွယ်ရေးစွမ်းရည် မြှင့်တင်ရန်အတွက် အဓိကလက်နက်စနစ်တစ်ခုအဖြစ် ရွေးချယ်ထားကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ ကာကွယ်ရေးကုမ္ပဏီ MBDA က တီထွင်ထုတ်လုပ်ထားသော MISTRAL ပခုံးထမ်း လေကြောင်းရန်ကာကွယ်ရေးစနစ်သည် တောင်ပံပုံသေ တပ်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ဒရုန်းများနှင့် ခရုဇ်ဒုံးကျည်များအပါအဝင် လေကြောင်းခြိမ်းခြောက်မှု အမျိုးမျိုးကို တိုက်ခိုက်ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားသည့် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးပခုံးထမ်းဒုံးကျည်စနစ် (MANPADS) ဖြစ်သည်။ ၎င်း၏ ယုံကြည်စိတ်ချရမှုနှင့် ဘက်စုံစွမ်းဆောင်နိုင်မှုကြောင့် ရေပန်းစားသော MISTRAL လက်နက်စနစ်ကို နိုင်ငံတကာတပ်မတော် အများအပြားက တပ်ဖြန့်အသုံးပြုလျက်ရှိပြီး ခေတ်မီ တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးအတွက် အခြေခံကျသောလက်နက်စနစ်လည်းဖြစ်သည်။

MISTRAL ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးစနစ်တွင် အဆင့်မြှင့်အနီအောက်ရောင်ခြည် လမ်းညွှန်ထိန်းကျောင်းမှုစနစ် အသုံးပြုထားပြီး ဆိုးရွားသော ရာသီဥတုအခြေအနေများကြား အပူထုတ်လွှင့်မှုနည်းပါးသောပစ်မှတ်များကိုပင် တိကျမှုမြင့်မားစွာ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ MISTRAL ပခုံးထမ်း လေကြောင်းရန် ကာကွယ်ရေးစနစ်ကို တစ်ကိုယ်ရေသယ်နိုင်သော ဒုံးပစ်လောင်ချာများ၊ ယာဉ်တင်စနစ်များ၊ ရေတပ်သင်္ဘောများနှင့် အခြားလေကြောင်းရန် ကာကွယ်ရေးကွန်ရက်များ အပါအဝင် ပလက်ဖောင်းအမျိုးမျိုးမှ တပ်ဆင်ပစ်လွှတ် ဖြန့်ကြက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

MISTRAL ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးစနစ်တွင် အဆင့်မြှင့်တင်ထားသော MISTRAL 3 သည် လက်ရှိအဆင့်မြင့်ဆုံးဗားရှင်းဖြစ်သည်။ MISTRAL 3 ဒုံးကျည်တွင် အကွာအဝေး၊ လမ်းညွှန်ထိန်းကျောင်းမှုစနစ်များနှင့် အီလက်ထရွန်နစ်တန်ပြန်မှုစနစ်များ အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။

EDIRPA အစီအစဉ်အောက်ရှိ MISTRAL ပခုံးထမ်း လေကြောင်းရန်ကာကွယ်ရေးစနစ်စီမံကိန်းကို အတည်ပြုလိုက်ခြင်းသည် ဥရောပသမဂ္ဂ(EU)အဖွဲ့ဝင်နိုင်ငံများကြား စုပေါင်းလုံခြုံရေးနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ကြိုးပမ်းလာမှုလည်းဖြစ်သည်။ အဆိုပါပဏာမလုပ်ဆောင်ချက်သည် စံချိန်စံညွှန်းမီ လက်နက်စနစ်များ ဝယ်ယူဖြည့်တင်းရေးနှင့် အဖွဲ့ဝင်နိုင်ငံများကြား အပြန်အလှန်လုပ်ဆောင်နိုင်မှုကို သေချာစေခြင်းဖြင့် ခေတ်မီဝေဟင်ခြိမ်းခြောက်မှု၊ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်ကာ ဥရောပကာကွယ်ရေးစက်မှုလုပ်ငန်းကို အားကောင်းစေရန် ရည်ရွယ်သည်။

MISTRAL ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးစနစ်များ ပူးတွဲဝယ်ယူရေးတွင် ပါဝင်နေသည့် ကိုးနိုင်ငံ၏ တပ်မတော်များအနေဖြင့် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ဆိုင်ရာ နည်းပညာများမှ အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ပြီး ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးစိန်ခေါ်မှုများကို တုံ့ပြန်ရန် အသင့်ဖြစ်မှုနှင့် ကာကွယ်နိုင်မှုစွမ်းရည်များ မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။ ဤသို့ပူးပေါင်းဆောင်ရွက်မှုသည် ဥရောပသမဂ္ဂ၏ဘေးကင်းရေးနှင့် အချုပ်အခြာအာဏာကို အာမခံရန်အတွက် အဖွဲ့ဝင်နိုင်ငံများကြား မျှဝေထားသော ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါမှုကို ဖော်ညွှန်းပြသနေခြင်းဖြစ်ကြောင်း သိရသည်။

European Commission Approves Joint Procurement of MISTRAL Air Defense Systems to Bolster EU Security ကို ဘာသာပြန်ဆိုထားပါသည်။

## ဂျာမနီက ယူကရိန်းနိုင်ငံသို့ HX-2 Karma တိုက်ခိုက်ရေးဒရုန်းအစင်း ၄၀၀၀ ပေးပို့သွားမည်

ဂျာမနီနိုင်ငံသည် ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေး စွမ်းဆောင်ရည်များကို သိသာထင်ရှားစွာ တိုးမြှင့်စေရန်အတွက် ယူကရိန်းနိုင်ငံသို့ HX-2 Karma Loitering Munitions(တိုက်ခိုက်ရေးဒရုန်း) အစင်း ၄၀၀၀ ပေးပို့သွားမည်ဖြစ်ကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီကာကွယ်ရေးဝန်ကြီး Boris Pistorius က ဥရောပကာကွယ်ရေး နည်းပညာကုမ္ပဏီ Helsing က ထုတ်လုပ်သည့် HX-2 Karma တိုက်ခိုက်ရေးဒရုန်းများဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဤပြောကြားချက်သည် ရုရှားနှင့် ယူကရိန်း ပဋိပက္ခကြားတွင် ဂျာမနီသည် ယူကရိန်းကို စစ်ရေးအရ ပံ့ပိုးကူညီမှု၏ အဓိကနိုင်ငံတစ်နိုင်ငံ ဖြစ်နေသည်ကို မီးမောင်းထိုးပြလျက်ရှိကြောင်း သိရသည်။

HX-2 Karma ဒရုန်းသည် ရှုပ်ထွေးသော တိုက်ခိုက်ရေးပတ်ဝန်းကျင်အခြေအနေများတွင် တိကျမှုနှင့်လိုက်လျောညီထွေဖြစ်စွာ အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် မျိုးဆက်သစ် Loitering Munition တိုက်ခိုက်ရေးဒရုန်း အမျိုးအစားဖြစ်သည်။ Helsing ကုမ္ပဏီ၏ အဆိုအရ တိုက်ခိုက်ရေးဒရုန်းသည် Global Navigation Satellite Systems (GNSS) ပြတ်တောက်နေသည့် သို့မဟုတ် မရရှိနိုင်သည့်နေရာများတွင်ပင် ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်ပြီး ခေတ်မီအီလက်ထရွန်နစ်စစ်ပွဲများတွင် တန်ပြန်လုပ်ဆောင်နိုင်မည့်အရေးပါသောစွမ်းရည်များ ပါဝင်လာကြောင်း သိရသည်။

HX-2 Karma တိုက်ခိုက်ရေးဒရုန်းများ၏ ပထမအသုတ်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ပို့ဆောင်ရန် စီစဉ်ထားပြီး နောက်ဆက်တွဲပို့ဆောင်မှုများကို ပုံမှန်အတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ဤသို့ အဆင့်ဆင့်ချဉ်းကပ်လုပ်ဆောင်နည်းသည် ယူကရိန်းတပ်ဖွဲ့များကို တည်ငြိမ်စွာပံ့ပိုးနိုင်စေရန်၊ ပေါင်းစည်းအသုံးချနိုင်စေရန်နှင့် ဒရုန်းနှင့်ပတ်သက်၍ လေ့ကျင့်သင်တန်းပေးနိုင်စေရန် အချိန်ရစေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်ရေးဒရုန်း အစင်း ၄၀၀၀ ထိ လွှဲပြောင်းပေးအပ်ခြင်းသည် အဆင့်မြင့် စစ်ဘက်နည်းပညာဖြင့် ယူကရိန်းကို ပံ့ပိုးရန် ဂျာမနီ၏ ကတိကဝတ်ကို ဖော်ညွှန်းနေခြင်းလည်း ဖြစ်သည်။ ထို့ပြင် လက်တွေ့စစ်မြေပြင်ဖြန့်ကြက်အသုံးပြုနိုင်မှုသည် ဈေးကွက်ပရိမိုးရှင်းမြှင့်တင်ရန်နှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများ စဉ်ဆက်မပြတ် အဆင့်မြှင့်တင်နိုင်ရန်အတွက် လက်မလွှတ်သင့်သော အခွင့်အရေးကောင်းတစ်ရပ်လည်းဖြစ်သည်။ ယူကရိန်းတွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် HX-2 Karma တိုက်ခိုက်ရေးဒရုန်းများကို လွှဲပြောင်းပေးအပ်ခြင်းသည် စစ်မြေပြင်တွင် အတိုင်းအတာတစ်ခုထိ သက်ရောက်မှုများရှိလာနိုင်သည်။ ဂျာမနီထုတ်တိုက်ခိုက်ရေးဒရုန်းများသည် စစ်ပွဲ၏ အနာဂတ်ကိုပုံဖော်ရာတွင် တိကျလမ်းညွှန်၊ အလိုအလျောက်လုပ်ဆောင်နိုင်သောစစ်လက်နက်များ၏အခန်းကဏ္ဍကို အလေးပေးဖော်ပြနေသည့်အပြင် ယူကရိန်းစစ်ဘက်၏ နည်းဗျူဟာမြောက်စွမ်းရည်များကို မြှင့်တင်နိုင်လိမ့်မည်ဖြစ်ပြီး ယခုနှစ် ဒီဇင်ဘာလတွင် ပထမဆုံးအကြိမ် ပို့ဆောင်ပေးနိုင်မှုများမှသည် နောက်ထပ် ပုံမှန်ပို့ဆောင်ပေးသွားရန် မျှော်မှန်းသည်ဟု သိရသည်။

Breaking News: Germany Confirms Delivery of 4,000 HX-2 Karma Loitering Munitions to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။




မင်းမျိုး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးနှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က မြန်မာနိုင်ငံအင်ဂျင်နီယာ ပညာရေးနှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် အမှတ်တရလက်ဆောင် ပစ္စည်းကို ဂါရဝပြု ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။

**ရှေ့ဖုံးမှအဆက်**

ဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်တို့က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးနှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ်ရုပ်တုနှင့် Naypyitaw State Polytechnic University ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို တက္ကသိုလ်စုဝေးခန်းမ၌ ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးနှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မျိုးဆက်သစ်အင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူများ၏ မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် "အင်ဂျင်နီယာနှစ် ၁၀၀" သီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်မှု၊ ''Welcome To NSPU'' သီချင်းဖြင့် သရုပ်ပြဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့်အခမ်းအနားသည် မြန်မာနိုင်ငံ၏ အင်ဂျင်နီယာပညာရေးနှစ်(၁၀၀)ပြည့် မြောက်သော အချိန်ဖြစ်သည့်အပြင် အဆင့်မြင့်သိပ္ပံဖြင့် နည်းပညာကဏ္ဍတွင် ထူးခြားဆန်းသစ်စေမည့် နိုင်ငံ့ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်လာစေမည့် Naypyitaw State Polytechnic University ကို နိုင်ငံ၏မြို့တော် နေပြည်တော်ပြည်ထောင်စုနယ်မြေတွင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်ဝသည့် နေ့ထူးနေ့မြတ်အခမ်းအနားဖြစ်ကြောင်း။

မြန်မာ့အင်ဂျင်နီယာနှင့်ဗိသုကာပညာရပ်များသည် ပျူခေတ်၊ ပုဂံခေတ်မှစပြီး ထွန်းကားခဲ့သည်ကို သမိုင်းအထောက်အထားမှတ်တမ်းများအရတွေ့ရှိရကြောင်း၊ ပျူခေတ်မြန်မာ့ဗိသုကာအမွေအနှစ်လက်ရာများကို ဗိဿနိုးမြို့ဟောင်း၊ဟန်လင်းမြို့ဟောင်းနှင့် သရေခေတ္တရာမြို့ဟောင်းတို့တွင် အထင်အရှားတွေ့ရှိရကြောင်း၊ ပုဂံခေတ်တွင် တည်ထားခဲ့သည့် အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ ဓမ္မရံကြီးဘုရားများတွင်ရှိသည့် ဗိသုကာလက်ရာများသည် မြန်မာတို့၏






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အခမ်းအနားတက်ရောက်လာကြသူများက မျိုးဆက်သစ်အင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူများ၏ သရုပ်ပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။

**နိုင်ငံတော်ကတည်ဆောက်ပေးလိုက်သည့်** Naypyitaw State Polytechnic University **ကို ယခုထက် ပိုမိုဥပမိရုပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပစေရေး၊ တက္ကသိုလ်မှမွေးထုတ်ပေးလိုက်သည့် မျိုးဆက်သစ် အင်ဂျင်နီယာပညာရှင်များသည် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရှင်များဖြစ်လာစေရေး အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်. . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်ဂျင်နီယာသမိုင်းပြခန်းများ၊ နည်းပညာဆိုင်ရာပြခန်းများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြသထားသောပြခန်းများကို စိတ်ဝင်တစားလှည့်လည်ကြည့်ရှုစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်ဂျင်နီယာသမိုင်းပြခန်းများ၊ နည်းပညာဆိုင်ရာပြခန်းများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြသထားသောပြခန်းများကို စိတ်ဝင်တစားလှည့်လည်ကြည့်ရှုစဉ်။

ဗိသုကာပညာရပ်အဆင့်အတန်းမြင့်မားမှုကို အထင်အရှားဖော်ပြနေကြောင်း၊ ထို့ပြင် ပုဂံမင်းလက်ထက် အမရပူရမြို့စာရေးဦးပိန် တည်ဆောက်ခဲ့သည့် တစ်မိုင်နီးပါးရှည်လျားသောဦးပိန်တံတားသည် ကျွန်းသစ်ကိုသာ အသုံးပြုထားသည့် ကမ္ဘာ့အရှည်ဆုံးသစ်သားတံတားတစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရာ တည်ရှိနေကြောင်း။

ရတနာပုံခေတ်တွင် အင်ဂျင်နီယာပညာများ ဖွံ့ဖြိုးတိုးတက်ရာ၌ ၁၈၅၈ ခုနှစ်မှ ၁၈၇၄ ခုနှစ်အတွင်း မင်းတုန်းမင်း၏ညီတော်ကနောင်မင်းသားကြီးက ဒင်္ဂါးစက်ရုံ၊မဲနယ်စက်ရုံ၊သကြားစက်ရုံ၊သင်္ဘောစက်ရုံ၊ ဝါဂွမ်းစက်ရုံ၊ ရက်ကန်းစက်ရုံစသည့် ရတနာပုံခေတ်စက်ရုံများကို တည်ထောင်ခဲ့ကြောင်း၊ ၁၈၆၆ ခုနှစ်မှာ မောင်ရွှေအိုးက ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင်ရှိသည့် ဗဟိုဝိဇ္ဇာတက္ကသိုလ်မှ သိပ္ပံပညာမဟာဝိဇ္ဇာဘွဲ့အပြင် မြို့ပြအင်ဂျင်နီယာဘွဲ့ကိုရရှိခဲ့ကြောင်း၊ ၁၈၆၇ ခုနှစ်တွင် ဖန်ချက်ပညာဆိုင်ရာစာတမ်းကို ဆက်သွင်းခဲ့သဖြင့် ဖန်ချက်ဝန်အဖြစ်ခန့်အပ်ခံရသည့် မြန်မာ့ပထမဦးဆုံးသော အင်ဂျင်နီယာလည်းဖြစ်ကြောင်း၊၁၈၆၆ခုနှစ်တွင် ယောမင်းကြီးဦးဘိုးလှိုင်သည် အီတလီနိုင်ငံ၏ဟိုတယ် ဒီဇိုင်းကိုအခြေခံပြီး ယောမင်းကြီး အုတ်ကျောင်းကို မန္တလေးမြို့တွင်တည်ဆောက်နိုင်ခဲ့ကြောင်း၊ ၁၈၆၉ ခုနှစ်တွင် ယောမင်းကြီးဦးဘိုးလှိုင်က မြန်မာ့ကြေးနန်းရိုက်နည်းဆိုင်ရာ လီပိဒီပိကာကျမ်းကိုရေးသားပြုစုခဲ့ပြီး ၁၈၇၀ ပြည့်နှစ်တွင် မြန်မာ့ကြေးနန်းလိုင်းများကို စတင်သွယ်တန်းခဲ့ကြောင်း။

၁၈၇၂ ခုနှစ်တွင် ကင်းဝန်မင်းကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နှင့် အခြားဥရောပနိုင်ငံများကိုသွားရောက်ခဲ့ပြီး လမ်းနှင့်တံတားတည်ဆောက်မှုအပါအဝင် အနောက်တိုင်းပညာရေးစနစ်များ၊အုပ်ချုပ်မှုနှင့်အခြေခံအဆောက်အအုံများကိုလေ့လာခဲ့ကြောင်း၊ ၁၈၇၄ ခုနှစ်တွင် စစ်ကိုင်းသံဖိုရုံကို အုတ်မြစ်ချစတင်ဆောက်လုပ်နိုင်ခဲ့ပြီး ပြင်သစ်တွင်သံချက်ပညာသင်ယူခဲ့သည့် သံချက်ဝန်မင်းဦးမြူက ကြီးကြပ်ပြီး သံပွတ်လုံးမှအစသံပြား၊သံလုံး၊ သံမြောင်းများ၊ လက်နက်များပြုလုပ်နိုင်ခဲ့ကြောင်း။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၆၀ ပြည့်နှစ်တွင် **“လျှပ်စစ်မီးဖြင့်လောကနိဗ္ဗာန်တည်ဆောက်အံ့”**ကြွေးကြော်သံဖြင့် ၈၄ မဂ္ဂါဝပ်ရှိသည့် ဘီလူးချောင်းအမှတ်(၂) လောပိတရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ၁၆၈ မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ၁၉၇၀ ပြည့်နှစ်အစောပိုင်းတွင် တက္ကသိုလ်များ ကွန်ပျူတာစင်တာကိုတည်ထောင်ခဲ့ပြီး ICL–1902S Mainframe အမျိုးအစားကွန်ပျူတာစက်ကြီးတစ်လုံးကို ပထမဆုံးကွန်ပျူတာအဖြစ် တပ်ဆင်ခဲ့ပြီး ၁၉၇၃ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် အသုံးပြုခဲ့ကြောင်း။

ခေတ်အဆက်ဆက်တွင် မြန်မာ့အင်ဂျင်နီယာနှင့်ဗိသုကာပညာရှင်အမြောက်အမြားပေါ်ထွန်းခဲ့ကြောင်း၊ ရန်ကုန်မြို့တော်ခန်းမကို မြန်မာ့ဗိသုကာပညာရှင် စည်သူဦးတင်က **စာမျက်နှာ ၁၈ သို့**



Naypyitaw State Polytechnic University ကို တွေ့ရစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

နိုင်ငံခြားသားပညာရှင်များနှင့်ပူးပေါင်းပြီး ဥရောပလက်ရာနှင့် မြန်မာ့ရိုးရာဗိသုကာလက်ရာတို့ပေါင်းစပ်ပြီး ဒီဇိုင်းရေးဆွဲခဲ့ကြောင်း။

ယခု ၂၁ ရာစုတွင်လည်း နေပြည်တော်မြို့တော်တည်ဆောက်ရေးနှင့် နေပြည်တော်တွင်ရှိသည့် လွှတ်တော်အဆောက်အအုံများကို မြန်မာ့ရိုးရာယဉ်ကျေးမှု၊ မြန်မာ့ဗိသုကာလက်ရာများနှင့်ခြယ်မှုန်းပြီး မြန်မာဗိသုကာပညာရှင်များ၊ မြန်မာအင်ဂျင်နီယာများက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏာသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်မှာ တည်ထားကိုးကွယ်ထားသည့် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးသည် ဘူမိဖဿမုဒြာစကျင်ကျောက်ရုပ်ပွားတော်ဖြစ်ပြီး ကမ္ဘာ့အမြင့်ဆုံးနှင့် အလေးချိန်အများဆုံးစကျင်ကျောက်ရုပ်ပွားတော်ကြီးတစ်ဆူအဖြစ် မြန်မာ့အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် CNC နည်းပညာကိုအသုံးပြုပြီး အောင်မြင်စွာတည်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် အရှည် ၈၆၃၈ ပေ ရှိသည့် Cable-Stayed တံတားအမျိုးအစား ပဲခူးမြစ်ကူး (သန်လျင်တံတား အမှတ်-၃)ကိုလည်း မြန်မာ့ အင်ဂျင်နီယာပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် တည်ဆောက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇွန်လ၌ ဂုဏ်ယူဝင့်ကြွားစွာဖွင့်လှစ်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါက ၁၉၂၃-၁၉၂၄ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ အင်ဂျင်နီယာဌာနစတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းကို မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး၏အစဟုဆိုနိုင်မည်ဖြစ်ကြောင်း၊ ၁၉၂၄-၁၉၂၅ ပညာသင်နှစ်တွင် မြို့ပြအင်ဂျင်နီယာသင်တန်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၂၈ ခုနှစ်တွင် မြန်မာ့ပထမဦးဆုံးအင်ဂျင်နီယာဘွဲ့ရ ၂၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

၁၉၆၁ ခုနှစ်တွင် ယခုလက်ရှိ အင်းစိန်မြို့နယ် ကြို့ကုန်းတွင်ရှိသည့် ရန်ကုန်နည်းပညာတက္ကသိုလ်နေရာကို ပြောင်းရွှေ့ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် မန္တလေးစက်မှုတက္ကသိုလ်၊ ၁၉၉၄ ခုနှစ်တွင် တပ်မတော်နည်းပညာတက္ကသိုလ်၊ ၁၉၉၆ ခုနှစ်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ၁၉၉၈ ခုနှစ်တွင်ပြည်နည်းပညာတက္ကသိုလ်၊ ၂၀၀၂ ခုနှစ်တွင် အရှေ့တောင်အာရှတွင် တစ်ခုတည်းသော တက္ကသိုလ်ဖြစ်သည့် မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တို့ကို တည်ထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်က အားထားရသည့်အင်ဂျင်နီယာ၊ဗိသုကာနှင့် ကွန်ပျူတာပညာရှင်များကို အရည်အချင်းပြည့်မီစွာ မွေးထုတ်ပေးနိုင်ရန်အတွက် Naypyitaw State Polytechnic University နှင့် Polytechnic University ခုနစ်ခု၊ နည်းပညာ တက္ကသိုလ် ၂၇ ခု၊ ကွန်ပျူတာတက္ကသိုလ် ၁၉ ခု၊မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် တစ်ခု၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် တစ်ခု စုစုပေါင်း အင်ဂျင်နီယာပညာရပ်သင်ကြားပို့ချပေးသည့်တက္ကသိုလ် ၅၆ ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့်Naypyitaw State Polytechnic University နှင့်အတူ Polytechnic University ငါးခုကို ကျိုင်းတုံမြို့၊ ပင်လုံမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မအူပင်မြို့တို့တွင် ယနေ့တစ်ပြိုင်နက်တည်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်ကို တစ်ပါတည်း ပြောကြားလိုကြောင်း။

Polytechnic University ဆိုသည်မှာ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာ၊ သင်္ချာပညာရပ်နှင့် အသုံးချသိပ္ပံ၊ စီးပွားရေး၊ စီမံခန့်ခွဲမှုဆိုင်ရာအဆင့်မြင့်ပညာရပ်များကို ဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများအထိ လက်တွေ့ကျကျလေ့ကျင့်သင်ကြားမှုများအပြင် လက်တွေ့လုပ်ငန်းခွင်နှင့် ချိတ်ဆက်သင်ကြားပို့ချပေးသည့် တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ ကျောင်းသားများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် လက်တွေ့ကျသည့် ပညာရေးကိုသင်ကြားပို့ချပေးခြင်း၊ ခေတ်မီနည်းပညာနှင့် သုတေသန ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်တွင် လိုအပ်သည့်ကျွမ်းကျင်ပညာရှင်များနှင့် လုပ်ငန်းလိုအပ်ချက်ကိုက်ညီပြီး ကောင်းစွာကျွမ်းကျင်တတ်မြောက်သည့် ဘွဲ့ရများမွေးထုတ်ပေးခြင်း၊စက်မှုလုပ်ငန်းများနှင့်ပူးပေါင်းဆောင်ရွက်ရသည့် Real World Project များ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းနှင့်လုပ်ငန်းခွင်အတွေ့အကြုံများရရှိနိုင်သည့် အခွင့်အလမ်းများဖန်တီးပေးခြင်း စသည့်ရည်ရွယ်ချက်များဖြင့်ပိုလီတက္ကနစ်တက္ကသိုလ်များကိုဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် Polytechnic University များသည် ဘာသာရပ်နယ်ပယ်စုံလင်စွာပေါင်းစည်းပို့ချသည့်နေရာတစ်ခုဖြစ်ပြီးဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများ၊ သုတေသနလုပ်ငန်းများကိုပါ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင်ယူနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့်အရည်အသွေးမြင့်လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရေး၊ နိုင်ငံတော်အတွက် လိုအပ်သည့် အင်ဂျင်နီယာပညာရှင်များကို ပိုမိုမွေးထုတ်လေ့ကျင့်ပေးနိုင်ရေး၊ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် နေပြည်တော် နည်းပညာတက္ကသိုလ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် အစိုးရနည်းပညာကောလိပ်(နေပြည်တော်)အဖြစ်မှ တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အင်ဂျင်နီယာအထူးပြုဘာသာရပ် ခြောက်ခုဖြင့် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စိုက်ပျိုးရေးအင်ဂျင်နီယာ အထူးပြုဘာသာရပ်ကိုပါ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် နေပြည်တော်နည်းပညာတက္ကသိုလ်ကို Naypyitaw State Polytechnic University အဖြစ် ပြောင်းလဲတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး အင်ဂျင်နီယာ အထူးပြုဘာသာရပ်များသာမက ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာဘာသာရပ်များကိုပါ တိုးချဲ့ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

Naypyitaw State Polytechnic University ကိုရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်များနည်းတူ နိုင်ငံ့ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခုဖြစ်လာစေရန်ရည်ရွယ်ပြီး တိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အင်ဂျင်နီယာအထူးပြုဘာသာရပ်ဌာန ခုနစ်ခု၊ ကွန်ပျူတာ အထူးပြုဘာသာရပ်ဌာန လေးခု၊အခြားအထောက်အကူပြုဘာသာရပ်ဌာန ငါးခု၊ သင်ကြားရေးဌာန စုစုပေါင်း ၁၆ ခုဖြင့် ပြည့်စုံအောင်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ယခုအချိန်တွင် အင်ဂျင်နီယာအထူးပြုဘွဲ့ ခုနစ်မျိုးနှင့် ကွန်ပျူတာအထူးပြုဘွဲ့နှစ်မျိုး စုစုပေါင်း ဘွဲ့ကိုးမျိုးအပ်နှင်းသွားမည်ဖြစ်ကြောင်း၊တစ်နှစ်လျှင် အင်ဂျင်နီယာအထူးပြုကျောင်းသားဦးရေ ၂၇၀၊ကွန်ပျူတာ အထူးပြုကျောင်းသားဦးရေ ၁၂၀ စုစုပေါင်းဦးရေ ၃၉၀ ခေါ်ယူသွားမှာဖြစ်ပြီး အင်ဂျင်နီယာ အထူးပြုဘာသာရပ်ကို စာသင်နှစ် ငါးနှစ်၊ ကွန်ပျူတာအထူးပြုဘာသာရပ်ကို စာသင်နှစ် လေးနှစ်စသဖြင့် သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ Naypyitaw State Polytechnic University ကို Smart University ဖြစ်လာစေရေး၊နိုင်ငံတကာပိုလီတက္ကနစ်တက္ကသိုလ်များနည်းတူ အထူးပြုနယ်ပယ်ပေါင်းစုံနှင့် ဘွဲ့လွန်ဒီဂရီသင်တန်းများကိုပါ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊နိုင်ငံ့အကျိုးပြုသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အဆင့်ဆင့်ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**နိုင်ငံတော်က တည်ဆောက်ပေးလိုက်သည့် Naypyitaw State Polytechnic Universityကို ယခုထက်ပိုမိုဥပဓိရုပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပစေရေး၊ တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် မျိုးဆက်သစ်အင်ဂျင်နီယာပညာရှင်များသည် ဒေသတွင်းနိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်သည့်ပညာရှင်များဖြစ်လာစေရေး အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း။

မြန်မာနိုင်ငံ သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာ့ရိုးရာအင်ဂျင်နီယာနှင့်ဗိသုကာအတတ်ပညာနှင့် နိုင်ငံ၏ဂုဏ်အဖုံဖုံကို မြှင့်တင်ပေးခဲ့ကြသည့် ရှေးပညာရှင်အကျော်အမော်များအားလုံး ခေတ်သစ်အင်ဂျင်နီယာပညာများနှင့်နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အင်ဂျင်နီယာပညာရှင်များအားလုံးကို အထူးပင်ဂုဏ်ပြုချီးကျူးပါကြောင်းနှင့် ကျေးဇူးဥပကာရတင်ရှိသည်ကိုပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးသမိုင်းတစ်ခေတ်တွင်ခဲ့သည့် နှစ်(၁၀၀)ပြည့်မှသည် နောင်နှစ်ပေါင်း ထောင်ချီတိုင်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်ဂျင်နီယာကျောင်းသားဟောင်းကြီးများ၊ အင်ဂျင်နီယာလုပ်ငန်းရှင်များ၊ စီမံခန့်ခွဲသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများက လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်၍ နိုင်ငံ့အကျိုးကိုဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးသမိုင်းကြောင်းဆိုင်ရာ မှတ်တမ်းတင် Documentary အား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးနှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်အခမ်းအနားတက်ရောက်လာကြသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အခမ်းအနားတက်ရောက်လာကြသူများသည် အင်ဂျင်နီယာသမိုင်းပြခန်းများ၊ နည်းပညာဆိုင်ရာပြခန်းများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြသထားသောပြခန်းများကို စိတ်ဝင်တစားဖြင့် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ Naypyitaw State Polytechnic Universityကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အင်ဂျင်နီယာနှင့် ကွန်ပျူတာနည်းပညာဆိုင်ရာပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏လမ်းညွှန်မှုဖြင့် နေပြည်တော်နည်းပညာတက္ကသိုလ်အဖြစ်မှ Naypyitaw State Polytechnic University အဖြစ် ပြောင်းလဲတိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်၏အခြေခံအဆောက်အအုံဖြစ်သည့် စာသင်ဆောင်များ၊ လက်တွေ့ခန်းများ၊အလုပ်ရုံများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင်ရှိသည့် ကျွမ်းကျင်အင်ဂျင်နီယာများကိုယ်တိုင် အနီးကပ်ကြီးကြပ်ပြီး သဘာဝနှင့် လိုက်လျောညီထွေစွာ သက်သောင့်သက်သာ ပညာသင်ယူနိုင်ရေး ကြိုးစားတည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ပရိဘောဂလိုအပ်ချက်၊ သင်ထောက်ကူပစ္စည်းလိုအပ်ချက်များကိုလည်း နိုင်ငံတကာတက္ကသိုလ်များနည်းတူ ပြည့်စုံလုံလောက်မှုရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ယူရသည့်ကာလတစ်လျှောက် အေးချမ်းပျော်ရွှင်စွာဖြင့် တက္ကသိုလ်ကျောင်းသားဘဝ၏ အနှစ်သာရကို ပြည့်ပြည့်ဝဝရရှိစေရေးအတွက်အားကစားကွင်း၊ Recreation Centre စသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက္ကသိုလ်ပတ်ဝန်းကျင်၌ စိမ်းလန်းစိုပြည်နေစေရေး သစ်ပင်ပန်းမန်များ၊ အလှရေကန်များ၊ စိတ်လက်ချမ်းသာစွာ အနားယူအပန်းဖြေနိုင်သည့်နေရာများဖြင့် ဖန်တီးတည်ဆောက်ပေးထားသည်ကိုလည်း တွေ့ရှိရကြောင်း။

ယနေ့တွင် Naypyitaw State Polytechnic University ဖွင့်လှစ်မှုနှင့်အတူ တစ်ချိန်တည်း၌ ကျိုင်းတုံမြို့၊ ပင်လုံမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မအူပင်မြို့တို့တွင်လည်း Polytechnic University များကိုဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ Naypyitaw State Polytechnic University ကို Smart Universityဖြစ်လာစေရေး၊ နိုင်ငံတကာပိုလီတက္ကနစ်တက္ကသိုလ်များနည်းတူအထူးပြုနယ်ပယ်ပေါင်းစုံနှင့် ဘွဲ့လွန်ဒီဂရီသင်တန်းများကိုပါ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊နိုင်ငံ့အကျိုးပြုသုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေး အဆင့်ဆင့်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

**အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင် ဒေါက်တာမင်းတင်မွန်(ပါရဂူမင်းနန္ဒာ)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာတိုးလှ၊ စာပေပညာရှင်ဆရာကြီး ဦးညွန့်ဆွေ(မောင်ဆွေသက်)၊ စာပေပညာရှင်ဆရာကြီး ဦးသန်းဆွေ(မောင်သန်းဆွေ-ထားဝယ်)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း)နှင့် စာပေပညာရှင်ဆရာကြီး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့ရရှိ**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်လုံးအားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်ကအသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာကြီး ဒေါက်တာမင်းတင်မွန်(ပါရဂူမင်းနန္ဒာ)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာတိုးလှ၊ စာပေပညာရှင် ဆရာကြီး ဦးညွန့်ဆွေ(မောင်ဆွေသက်)၊ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ(မောင်သန်းဆွေ-ထားဝယ်)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း)နှင့် စာပေပညာရှင် ဆရာကြီး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့ကို ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

ထိုနည်းတူ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ကြည်မင်းဝေရေးသားသည့် **စစ်သူကြီး မဟာမင်းထင်နော်ရထာ**စာအုပ်(ဖိုးဝစာပေတိုက်)၊ ဝတ္ထုတိုဆုတွင် မနှင်းဖွေးရေးသားသည့် **လောကပြတင်းမဂ္ဂဇင်းဝတ္ထုများ**စာအုပ်(လင်းလွန်းခင်စာပေတိုက်)၊ ကဗျာ(ဂန္ထဝင်)ဆုတွင် စဆနိုင်ရေးသားသည့် **အမေပေးသော ကဗျာများ**စာအုပ်(စာပေဗိမာန်)၊ စာပဒေသာဆုတွင် မြင်းမူမောင်နိုင်မိုး ရေးသားသည့် **အမေ့အပြုံးနှင့် အဖေ့မျက်ရည်**စာအုပ်(မြဝတီစာပေတိုက်)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆုတွင် ဉာဏ်လင်းတင့်ရေးသားသည့် **ပျောက်ကွယ်ခဲ့သော တော်ဝင်ကျွန်းဘုန်းကြီးကျောင်းများ**စာအုပ်(ဦးသန်းမြင့်စာပေတိုက်)၊ ကလေးစာပေဆုတွင် ပုလောစိုးနံ့သာ ရေးသားသည့် **စက္ကူလေယာဉ်ပျံကလေး ကဗျာများ**စာအုပ်(မေတ္တာရိပ်နန်းစာပေတိုက်)၊ လူငယ်စာပေဆုတွင် ကပ္ပတိန်သာစိန်ရေးသားသည့် **ဘဝခရီးသွားလူငယ်များသို့**စာအုပ် (ငွေကောင်းကင်စာအုပ်တိုက်)၊ ဘာသာပြန်(သုတ)ဆုတွင် မင်းအောင်မင်းရေးသားသည့် **မေးမှိန်လာသောအမေရိကန်ရာစုနှစ်**(ယဉ်မျိုးစာပေတိုက်)၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် ပုံချီရေးသားသည့် **ပျူနိုင်ငံတော်နှင့် အခြားသမိုင်းဆောင်းပါးများ**စာအုပ်(ပပဝင်းစာပေတိုက်)၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)ဆုတွင် ပါမောက္ခကိုကိုအောင် ရေးသားသည့် **နျူကလီးယားစွမ်းအင်နှင့် လူသားအကျိုးပြုလုပ်ငန်းများ**စာအုပ် (စွယ်စုံစာပေတိုက်)၊ သုတပဒေသာ(အသုံးချသိပ္ပံ)ဆုတွင် ဒေါက်တာတင်ထွန်းဦး ရေးသားသည့် **ဇရာကိုရင်ဆိုင်ခြင်းအနုပညာ**စာအုပ် (ဦးမျိုးဆင့်စာပေတိုက်)၊ နိုင်ငံရေးစာပေဆုတွင် နေဇင်လတ်ရေးသားသည့် **အတွေးအမြင်**စာအုပ် (မြဝတီစာပေတိုက်)၊ အင်္ဂလိပ်ဘာသာ(သုတ)ဆုတွင် Terence Tan ရေးသားသည့် **Ancient Beads and Jewellery of Myanmar** စာအုပ် (DUYA SARPAY စာပေတိုက်)၊ ရသစာတမ်း(အက်ဆေး) ဆုတွင် နေမျိုးရေးသားသည့် **မိုးဘိုင်စကုတ်**စာအုပ်(ငါတို့စာပေတိုက်)၊ ရည်ညွှန်းစာပေဆုတွင် သုတေသီမောင်မောင် ရေးသားသည့် **မဟာဂီတပေါင်းချုပ်စွယ်စုံကျမ်း**စာအုပ် (လမင်းလေးစာပေတိုက်)တို့ကို ရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ် သိန်း ၃၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၃ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက်ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျစိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅x၈)လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း)ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၆ ခုနှစ် နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၄ခုနှစ် ဒီဇင်ဘာ ၁ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့်အချိန်နှင့် နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ညိမ်းညို၏ **စာမျက်နှာတချို့**၊ ဒုတိယဆုကို ချစ်ညွန့်ကျော်၏ **ကွယ်လေးရဲ့မောင့်ခြုံထည်တန်းသွယ်လို့မိုး**၊ တတိယဆုကို မောင်စိုးထိုက်(သုံးဆယ်)၏ **ကျွန်တော်တို့သားအမိ**စာမူများကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို တက္ကသိုလ်မြမဥ္ဇူ၏ **ကိုယ့်ခြံမှာလည်းပန်းတွေပွင့်ရမယ်နှင့် အခြားဝတ္ထုတိုများ**၊ ဒုတိယဆုကို လွမ်းနိုနို(ဘော်မြေ)၏ **မေတ္တာပန်းတို့ လန်းစွင့်ဝေဖြာမြေအောက်ကမ္ဘာနှင့် ဝတ္ထုတိုပေါင်းချုပ်**၊ တတိယဆုကို ရဲမင်းစိုး၏ **မုန်တိုင်းကိုမမှု အန်တုလေသော်နှင့်အခြားဝတ္ထုတိုများ** စာမူများကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ခက်လှိုင်းကျော်၏ **စိတ်တစ်ဆင်စာကဗျာများ**၊ ဒုတိယဆုကို ရွှန်းညို(တာချီလိတ်)၏ **ရှမ်းရှေ့မြေရနံ့နှင့်ကဗျာစုများ**၊ တတိယဆုကို မောင်ချိုဝေ၏ **ယာထဲကကြေးစည်သံနှင့်လက်ရွေးစင်ကဗျာများ** စာမူများကလည်းကောင်း၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် ပထမဆုကို မြန်စာမြေသိန်းလွင်၏ **ပျို့စာဆိုဦးနိုး၏ ဘဝနှင့်စာပေ**၊ ဒုတိယဆုကို **အရှင်ရေဝတ(ရွှေကွမ်းသား)၏ သမိုင်းမော်ကွန်းရည်ညွှန်းသက်သေတွံတေးမြေ**၊ တတိယဆုကို မောင်သာ(ရှေးဟောင်းသုတေသန)၏ **ပရိုင်းမိတ်မှ ပျူသို့ ယဉ်ကျေးမှုအထောက်အထားများ** စာမူများကလည်းကောင်း၊ သုတပဒေသာ(ရိုးရိုးသိပ္ပံနှင့်အသုံးချသိပ္ပံ)ဆုတွင် ဒုတိယဆုကို ဒေါက်တာကောင်းစံ၏ **စားသုံးသူများ၏ကျန်းမာရေး၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းအောင်ဆောင်ရွက်ပေးနှင့်** တတိယဆုတွင် ဒေါက်တာချိုနိုင်(အေးချမ်းရိပ်)၏ **အလေးအနက်ထားစရာလျစ်လျူရှုခံရောဂါများ** စာမူများကလည်းကောင်း၊ စာပဒေသာဆုတွင် ပထမဆုကို အန်ကယ်ပညာ၏ **မေမေ့ဆံပင်နှင့် ဘဝလက်တစ်ကမ်းမှ စာတမ်းငယ်များ**၊ ဒုတိယဆုကို အောင်(လွန်ဆေး)၏ **ပြိုင်တူတွန်းသောအရွေ့နှင့် ဘဝတစ်ကွေ့အမှတ်တရစာစုများ**၊ တတိယဆုကို မောင်လှကျော်(ပန်းတောင်း)၏ **ရွှေဂေဟာမှူး၏ ပေးကူလမ်းပြဘဝမြေပြင်** စာမူများကလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုတွင် တတိယဆုကို သျှင်မိုးခင်(ယဉ်ကျေးမှုတက္ကသိုလ်)၏ **ပျိုလေးကြိုလှည့်ပွဲ** စာမူကလည်းကောင်း၊ ကလေးစာပေဆုတွင် ပထမဆုကို ကနောင်နိုင်နွယ်ဦး၏ **လမင်းမျက်နှာ ပန်းမျက်နှာကလေးကဗျာများ**၊ ဒုတိယဆုကို အင်းကြင်းမေ၏ **စိတ်ကောင်းနှင့်ယှဉ်ရှေးရှုနှင့်နှင့် ကလေးဝတ္ထုတိုများ**၊ တတိယဆုကို ညိမ်းညို၏ **ရင်သွေးရတနာကလေးကဗျာများ** စာမူများကလည်းကောင်း၊ လူငယ်စာပေဆုတွင် ပထမဆုကို သားညိုမောင်၏ **ကြယ်ကိုခူးဖို့ မိုးမြင့်ပျံ အကျွန့်တောင်ပံသန်သလေလေ့**၊ ဒုတိယဆုကို မောင်ညိုလွဲ့(အညာမြေ)၏ **လောကခံကြုံမဖြုံစတမ်းပေ့ါ**၊ တတိယဆုကို နောင်အုံ့လူ၏ **တောင်အရပ်မှာ မူဝံကြယ်** စာမူများကလည်းကောင်း၊ နိုင်ငံရေးစာပေဆုတွင် ပထမဆုကို ကိုတိုး(ရန်ကင်း)၏ **ဇာတိမာန်စာဆိုပုဂ္ဂိုလ်ကျော်များ**၊ ဒုတိယဆုကို မောင်မင်းထင်(မြစ်ဝကျွန်းပေါ်)၏ **လွတ်လပ်ရေးကြေညာစာတမ်းကို လေ့လာဖွင့်ဆိုချက်** စာမူများကလည်းကောင်း၊ ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို နေစိုးသော်၏ **ချစ်ပန်းမှုံ**နှင့် တတိယဆုကို မောင်ယဉ်လှိုင်း(ပျဉ်းမပြင်)၏ **မျဉ်းပြိုင်ကမ်းလက်** စာမူများကလည်းကောင်း၊ ဘာသာပြန်စာပေဆုတွင် ပထမဆုကို ဒီပံလင်း၏ **ကပ်ရောဂါဘေးကင်းစေရေး** စာမူကလည်းကောင်း၊ အင်္ဂလိပ်စာမူဆုတွင် ပထမဆုကို Researcher Maung Han ၏ **Significant Cultural Information about Pyu Ancient Cities** စာမူကလည်းကောင်း ရရှိကြသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု ၁၅ သိန်း၊ ဒုတိယဆု ၁၀ သိန်း၊ တတိယဆု ခုနစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုများကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၃ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၃ ခုနှစ် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၈၄ စောင်ကို သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျစိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅x၈)လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း)ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၆ ခုနှစ် နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့်အချိန်နှင့် နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွက် စာမူပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာမူများကို ၃၁-၁၂-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ စာပေဗိမာန်ရုံးသို့ လာရောက်ပေးပို့ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားမြို့နှင့် ဒလမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ရန်အောင်မြင်ဘုမ္မောကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ညောင်ပင်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ညောင်ပင်ကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၅၆ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်၊

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး၏ နှစ်တစ်ရာခရီး

**ကိုချင်း**

**ရန်ကုန်တက္ကသိုလ်တွင် အင်ဂျင်နီယာဌာန (Engineering Department)ကို ၁၉၂၃-၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဘွဲ့ကြိုသင်တန်းကို ၁၉၂၄-၂၅ ပညာသင်နှစ်၌အစပြုခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး၏ခရီးမှာ နှစ်တစ်ရာတိုင်ခဲ့ပြီဖြစ် . . .**

"ရန်ကုန်စက်မှုတက္ကသိုလ်အဖြစ်သို့ ထွန်းကားပေါ်ပေါက်လာရန် သက်ဆိုင်ရာတို့က နှစ်ပေါင်းများစွာ ကြိုးစားအားထုတ်လုံးပန်းခဲ့ကြရသည်။ ဤတက္ကသိုလ်ကို ၁၉၂၄ ခုနှစ်ကစ၍ ပြုစုပျိုးထောင်လာခဲ့ရာ ထိုအချိန်မှစ၍ ကျောင်းသားများသည် ပထမအကြိမ် အထက်တန်း အင်ဂျင်နီယာပညာကို သင်ခွင့်ရရှိခဲ့လေသည်။ ယခု ၁၉၇၄ ခုနှစ်ဆိုလျှင် စက်မှုတက္ကသိုလ်သည် နှစ် (၅၀) ပြည့်လေပြီ။ တိုင်းပြည်အခြေအနေတိုးတက်လာသည်နှင့်အမျှ အင်ဂျင်နီယာပညာရပ်များကိုလည်း ပိုမိုခွဲစိတ်၍ ဖောက်ချသင်ကြားသွားရန်လည်း အစီအစဉ်များရှိနေပြီဖြစ်ကြောင်း တွေ့ရသည်။

နိုင်ငံတော်အစိုးရသည် လက်မှုမှစက်မှုခေတ်သို့ဟူသော ဦးတည်ချက်နှင့်စူးစိုက်လုံးပန်းလာရာတွင် ပညာရေးအကောင်အထည်ဖော်ချက်တစ်ရပ်အဖြစ် စက်မှုတက္ကသိုလ်လည်း ပါဝင်နေပေသည်။ အင်ဂျင်နီယာများသည် တိုင်းပြည်၏ တစ်တပ်တစ်အားပင်ဖြစ်ရာ အင်ဂျင်နီယာကောင်းများအဖြစ် နိုးကြားလာမှ ကုန်ပစ္စည်းထုတ်လုပ်မှု တွင်ကျယ်လာမည်။ ထုတ်လုပ်မှုတွင်ကျယ်မှ စီးပွားတက်မည် စီးပွားတက်မှ တိုင်းပြည်သာယာဝပြောမည်။ သို့ဖြစ်ရာ အင်ဂျင်နီယာနှင့် အင်ဂျင်နီယာလုပ်ငန်းများသည် နိုင်ငံနှင့်ခေတ်၏တိုးတက်ရေးတွင် မဏ္ဍိုင်သဖွယ်ဖြစ်ကြောင်း အထူးပြောဆိုလိုပါသည်။"

**သီရိပျံချီ ဦးရုံးမို (B.Sc. (Hons.) (Rgn.), B.Sc. Eng. (Lond.), A.C.G.I., C.Eng., M.I.Mech. E., M.I.Loco. E) ပါမောက္ခချုပ်(၁၉၆၂-၇၁) ၏ စက်မှုတက္ကသိုလ် နှစ်(၅၀) ပြည့် ဥယျောဇဉ်**

ရန်ကုန်တက္ကသိုလ်တွင် အင်ဂျင်နီယာဌာန (Engineering Department) ကို ၁၉၂၃-၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဘွဲ့ကြိုသင်တန်းကို ၁၉၂၄-၂၅ ပညာသင်နှစ်၌အစပြုခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး၏ ခရီးမှာ နှစ်တစ်ရာတိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် အစိုးရစက်မှုလက်မှုပညာသင်ကျောင်း (Government Engineering School) အဖြစ် ပထမဆုံးအင်ဂျင်နီယာပညာကို ၁၈၉၅ ခုနှစ် ဧပြီလ ၁ ရက်တွင် ရန်ကုန်မြို့ လမ်းမတော်ဘူတာရုံ အနောက်ဘက်၌ဖွင့်လှစ်ခဲ့သည်။ ၁၈၉၈ ခုနှစ်တွင် အင်းစိန်ဘူတာအရှေ့ဘက်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး အစိုးရစက်မှုလက်မှုပညာသင်ကျောင်း (Government School of Engineering) ဟု ခေါ်တွင်ခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် အင်းစိန်ရွာမရှိ လက်ရှိနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး အစိုးရစက်မှုလက်မှုပညာသင်ကျောင်းနှင့် စက်မှုအထက်တန်းကျောင်း (Government School of Engineering and Technical High School) ဟု ခေါ်တွင်ခဲ့သည်။ ၁၉၁၂ ခုနှစ်မှစတင်၍ အစိုးရစက်မှုလက်မှုသိပ္ပံ (Government Technical Institute - GTI) ဟု ခေါ်တွင်ခဲ့သည်၊ ၁၉၉၈ ခုနှစ်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) ၁၂ ခု ဖွင့်လှစ်ခဲ့သည်။

ဗြိတိသျှကိုလိုနီခေတ်အတွင်း တက္ကသိုလ်အင်ဂျင်နီယာပညာရေးကို ၁၉၂၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်လက်အောက်တွင် အင်ဂျင်နီယာပညာမဟာဌာနအဖြစ် ပထမဆုံးစတင်ဖွဲ့စည်းခဲ့ပြီး ၁၉၂၄ ခုနှစ်တွင် B.Sc (Engg.) ပရိဂရမ်အဖြစ် မြို့ပြအင်ဂျင်နီယာဘာသာရပ်ကို စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဘားမားစက်မှုတက္ကသိုလ် (Burma



Institute of Technology - BIT) ဟုခေါ်တွင်သည့် အင်ဂျင်နီယာတက္ကသိုလ်တစ်ခုအဖြစ်ဖွင့်လှစ်ရန် ခွဲထုတ်ခဲ့သည်။ ထို့နောက် ၁၉၆၄ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ် (Rangoon Institute of Technology - RIT) ဟု အမည်ပြောင်းလဲခဲ့သည်။ ကြို့ကုန်းအနောက်ဘက်ရှိ ဤတက္ကသိုလ်ကို ၁၉၉၀ ပြည့်နှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ် (Yangon Institute of Technology - YIT) ဟု အမည်ပေးကာ ၁၉၉၉ ခုနှစ်တွင် ရန်ကုန်နည်းပညာတက္ကသိုလ် (Yangon Technological University - YTU) ဟု အမည်ပြောင်းလဲခဲ့သည်။ မန္တလေးစက်မှုတက္ကသိုလ် (Mandalay Institute of Technology - MIT) ကို စတင်တည်ထောင်ခဲ့သည့် ၁၉၉၁ ခုနှစ်အထိ တစ်နိုင်ငံလုံးတွင် အင်ဂျင်နီယာတက္ကသိုလ်နှစ်ခုသာရှိခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် တပ်မတော်နည်းပညာတက္ကသိုလ် (Defense Service Technological Academy) ကို ဖွင့်လှစ်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် နည်းပညာပိုင်းဆိုင်ရာ ပညာရေးစနစ်သစ်အရ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးနောက် မြန်မာနိုင်ငံတစ်ဝန်းရှိ နည်းပညာတက္ကသိုလ်အများအပြားတွင် စုစုပေါင်း ငါးနှစ်သင်ကြားရမည့် ပညာရေး (နည်းပညာဘွဲ့ နှစ်နှစ်နှင့် အင်ဂျင်နီယာဘွဲ့ တစ်နှစ်) ဖြင့် သင်ကြားခဲ့သည်။ အစိုးရစက်မှုလက်မှုသိပ္ပံများအားလုံးအနက် အချို့ကိုပိတ်ထားပြီး အချို့ကို နည်းပညာတက္ကသိုလ်သို့ အဆင့်မြှင့်တင်ခဲ့သဖြင့် တစ်နိုင်ငံလုံးတွင် အစိုးရစက်မှုလက်မှုသိပ္ပံတစ်ခုသာကျန်ရှိသည်။ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့သည် ၂၀၁၂ ခုနှစ်တွင် ခြောက်နှစ်အင်ဂျင်နီယာဘွဲ့ ဘွဲ့ကြိုပရိုဂရမ်များကို ပြန်လည်စတင်ခဲ့သည်။

မြန်မာနိုင်ငံတွင် အင်ဂျင်နီယာပညာရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသော အဆင့် (၄)ဆင့်ရှိသည်။ ၁၉၂၄ မှ ၁၉၄၀ (ဒုတိယကမ္ဘာစစ်အစ) အထိ အဆင့် (၁)၊ ၁၉၄၆ မှ ၁၉၆၁ အထိ အဆင့် (၂)၊ ၁၉၆၁ မှ ၁၉၈၈ အထိ အဆင့် (၃) နှင့် ၁၉၈၈ မှ မျက်မှောက်ခေတ်အထိ အဆင့် (၄) ဟူ၍ ဖြစ်သည်။

**အဆင့်(၁)-၁၉၂၄-၁၉၄၀**

ရန်ကုန်တက္ကသိုလ်လက်အောက်ရှိ B.O.C အင်ဂျင်နီယာကောလိပ်၌ ဌာနတစ်ခု သို့မဟုတ် အင်ဂျင်နီယာဌာနကိုတည်ထောင်ခဲ့သည်။ မြို့ပြအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာနှင့်လျှပ်စစ်အင်ဂျင်နီယာ ဘာသာရပ်များကိုသာဝင်ခွင့်ပေးခဲ့သည်။

**အဆင့်(၂) - ၁၉၄၆ မှ ၁၉၆၁**

Intermediate Science (ISc) သင်တန်းတွင် အင်္ဂလိပ်၊ မြန်မာ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့်သင်္ချာ (စစ်စစ်နှင့် အထောက်အကူပြု) ပါဝင်သည်။ အင်ဂျင်နီယာဘာသာရပ်ကိုသင်ယူရန် ကြိုတင်ပြင်ဆင်မှုနှစ်နှစ်လိုအပ်သည်။ စာမေးပွဲများတွင် အထက်ဖော်ပြပါဘာသာရပ်အားလုံးအတွက်ရေးဖြေစာမေးပွဲများအပြင် ရူပဗေဒနှင့် ဓာတုဗေဒအတွက် လက်တွေ့စမ်းသပ်မှုများကို ၁၅ ရက်မှ ၂၀ ရက်အတွင်း ဖြေဆိုရမည်ဖြစ်သည်။ အောင်မှတ်များသည် ဘာသာရပ်တစ်ခုစီအတွက် ၄၀ ရာခိုင်နှုန်းနှင့် ပေါင်းစပ်ဘာသာရပ်များအတွက် ၅၀ ရာခိုင်နှုန်းဖြစ်သည်၊ ၆၀ ရာခိုင်နှုန်းရရှိပါက တစ်ကြိမ်တည်းနဲ့အောင်မြင်ပြီး ကျရှုံးသည့်ဘာသာရပ်များအတွက် မေလ/ဇွန်လတွင် ပြုလုပ်သည့် ပြန်လည်စစ်ဆေးသည့်စာမေးပွဲများတွင် ပြန်လည်ဖြေဆိုရသည်။

အရည်အချင်းပြည့်မီသော ဆရာများ(နိုင်ငံသားနှင့်ပြည်ပ)မှ ဘာသာရပ်အမျိုးမျိုးကို သင်ကြားပေးပြီး ကျောင်းသား/ သင်ကြားရေးဆရာအချိုးသည် ၂၀း၁ ဝန်းကျင်ဖြစ်သည်။ စာသင်နှစ်သည် ဇွန်လမှ ဖေဖော်ဝါရီလအထိဖြစ်ပြီး အောက်တိုဘာလတွင် တစ်လနားသည်၊ စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့်အလုပ်ရုံများ ရှိသည့် B.O.C အင်ဂျင်နီယာကောလိပ်အနီးရှိ ပြည်နှင့်တကောင်းခန်းမတို့တွင် အင်ဂျင်နီယာကျောင်းသားများကို ထားရှိခဲ့သည်။

အခြေခံလေ့လာမှုနှစ်နှစ်ပြီးနောက် ကျောင်းသားများအတွက် ၎င်းတို့၏ သီးခြားဘာသာရပ်များအား ခွဲထုတ်ခဲ့သည်။ တစ်ပတ်လျှင် စုစုပေါင်းနာရီ ၃၀ ဝန်းကျင် အင်္ဂလိပ်ဘာသာဖြင့်သင်ကြားခဲ့သည်။ အလုပ်ရုံသင်တန်းများ၊ လက်သမား၊ ပန်းပဲ၊ ဂဟေနှင့် စက်ပိုင်းဆိုင်ရာလေ့ကျင့်ရေးများ၊ ဟောပြောပွဲနှင့် ပုံဆွဲသင်တန်းများပါဝင်ပြီး နွေရာသီအားလပ်ရက်အတွင်း အင်ဂျင်နီယာအဖွဲ့အစည်းများနှင့် လက်တွေ့လေ့ကျင့်မှုများပြုလုပ်ရသည်။ စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့် အလုပ်ရုံများအပြင် ကျောင်းသားများအတွက် ပြည့်စုံကောင်းမွန်သော စာကြည့်တိုက်ကိုလည်း ရရှိနိုင်သည်။

၁၉၅၄-၅၅ တွင် အင်ဂျင်နီယာဘာသာရပ်များ တိုးမြှင့်ရန်စီစဉ်ခဲ့ပြီး သတ္တုတွင်း၊ ဓာတု၊ သတ္တုဗေဒ၊ အထည်အလိပ်နှင့် ဗိသုကာပညာရပ်တို့ကို မိတ်ဆက်ခဲ့သည်။ အနာဂတ်တွင် ဘာသာရပ်ဆိုင်ရာ အရည်အချင်းပြည့်မီသော သင်ကြားရေးဝန်ထမ်းများကို ပြုစုပျိုးထောင်ရန်အတွက် ယူကေနှင့်အမေရိကန်သို့ မြန်မာကျောင်းသားများကိုစေလွှတ်ရန်လည်း စီစဉ်ခဲ့သည်၊ အဆောင်တိုင်းတွင် ကျောင်းသားအချင်းချင်း ကောင်းစွာသိစေရန် လူမှုရေးနှင့် စာဖတ်အသင်းရှိကြသည်။ ဤလှုပ်ရှားမှုများ၏ အကျိုးကျေးဇူးတစ်ခုမှာ ကျောင်းသားများနှင့် ဤလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည့် ဆရာများအကြားရှိရင်းနှီးမှုနှင့် နားလည်မှုတို့ဖြစ်သည်။

ရှိပြီးသား B.O.C အင်ဂျင်နီယာကောလိပ် အဆောက်အအုံတွင် အထပ်မြင့်အုပ်ချုပ်ရေး အဆောက်အအုံ (ရုံးခန်းများ၊ ဆွေးနွေးခန်းများ၊ အစည်းအဝေးခန်းများ၊ စာကြည့်တိုက်များပါရှိသော) နှင့် လိပ်ခွံကဲ့သို့ ကြေးနီအမိုးခုံး (Leik Khone) အဆောက်အအုံအသစ်များအား ထပ်မံဖြည့်သွင်းခဲ့သည်။ ထို့နောက်တွင် အရည်အချင်းပြည့်မီသော မြန်မာဆရာ၊ ဆရာမများကို သင်ကြားပို့ချပေးခဲ့သော ပြည်ပဆရာ၊ ဆရာမများအား ဖယ်ရှားပေးခဲ့ပါသည်။ ထိုအချိန်က အင်ဂျင်နီယာပညာရေးသမိုင်း၏ အချိုးအကွေ့တစ်ခုမှာ လိပ်ခုံးပရိဝုဏ်တွင် အမျိုးသမီးကျောင်းသူများ အင်ဂျင်နီယာကျောင်းသားဘဝသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

အင်ဂျင်နီယာဌာနသည် ၁၉၆၁ ခုနှစ်တွင် ကြို့ကုန်းရှိ ကျောင်းဝင်းအသစ်သို့ပြောင်းရွှေ့ခဲ့ပြီး ရန်ကုန်တက္ကသိုလ်လက်အောက်မှထွက်ခွာခဲ့သည်။ သို့သော် ပညာရေးနှင့် စီမံခန့်ခွဲရေးမူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များကို ရန်ကုန်တက္ကသိုလ်၏ ဆီးနိတ်နှင့်အုပ်ချုပ်ရေးကောင်စီ (ဘာသာရပ်အားလုံး၏ ပညာရေးအဆင့်အတန်းကို ထိန်းသိမ်းရန်နှင့်မြှင့်တင်ရန်)က ဆောင်ရွက်ခဲ့သည်။

ကြို့ကုန်းပရိဝုဏ်တွင် စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့် အလုပ်ရုံများ၊ ရုပ်ရှင်ပြစက်များ၊ စာကြည့်တိုက်များ၊ အုပ်ချုပ်ရေးနှင့် သင်ကြားရေးဝန်ထမ်းများအတွက် ရုံးခန်းများနှင့် ကျောင်းသား အဆောင်များပါရှိပါသည်။ ထို့ပြင် ဝန်ထမ်းအားလုံးအတွက် အိမ်များ၊ ထမင်းစားခန်းနှင့် မီးဖိုချောင်များ၊ ဆေးဘက်ဆိုင်ရာ ဆေးခန်းငယ်များ၊ အားကစားလှုပ်ရှားမှုများအတွက် ပွင့်လင်းသောနေရာများလည်းရှိသည်။

**အဆင့်(၃) - ၁၉၆၁ မှ ၁၉၈၈**

၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် အင်ဂျင်နီယာဌာနသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်တွင် ကိုယ်ပိုင်ပါမောက္ခချုပ်ဖြင့် ဘားမားစက်မှုတက္ကသိုလ် (Burma Institute of Technology - BIT) ဟုခေါ်သော သီးခြား လွတ်လပ်သောတက္ကသိုလ်ဖြစ်လာခဲ့သည်။ တစ်နှစ်ခန့်အကြာတွင် ရန်ကုန်စက်မှုတက္ကသိုလ် (Rangoon Institute of Technology-RIT) ဟု အမည်ပြောင်းလဲခဲ့ပြီး နိုင်ငံအနှံ့အပြား၌ နည်းပညာတက္ကသိုလ်များဖွင့်လှစ်ရန် ရည်ရွယ်ချက်ဖြင့်

**စာမျက်နှာ ၂၁ သို့**

☆ **ကျောဖုံးမှအဆက်**

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက Polytechnic University များအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲဆိုင်းဘုတ်များကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက Polytechnic University ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားများ အသီးသီးပြောကြားကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက Polytechnic University များ ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် အဆိုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက Polytechnic University များ၏ အချက်အလက်များနှင့် ကျောင်းသား၊ကျောင်းသူများ ဆောင်ရွက်ထားရှိသည့် Product Show ပြခန်းများ၊ ဘာသာရပ်ဆိုင်ရာ Project ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ၁)



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ပင်လုံမြို့ POLYTECHNIC UNIVERSITY (PANGLONG)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက မြိတ်မြို့ POLYTECHNIC UNIVERSITY (MYEIK) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။




ထားဝယ်မြို့ POLYTECHNIC UNIVERSITY (DAWEI) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကျော်ကျော်လတ်)

**စာမျက်နှာ ၂၀ မှအဆက်**

ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ရန်ကုန်စက်မှုတက္ကသိုလ်တွင် သက်ဆိုင်ရာ အုပ်ချုပ်ရေးနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များနှင့်သက်ဆိုင်သော မူဝါဒလမ်းညွှန်ချက်များကို ပေးဆောင်ရန် ပါမောက္ခချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးကောင်စီနှင့် ဆီးနိတ်တို့ပါဝင်သည်။ ပညာရေးဝန်ကြီး ဦးဆောင်သော အဆင့်မြင့်အုပ်ချုပ်ရေးကောင်စီနှင့် ဆီးနိတ်ကိုလည်းဖွဲ့စည်းခဲ့ပြီး ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်အားလုံး၏စီမံခန့်ခွဲရေးနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် အဆုံးသတ်ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။

ရန်ကုန်စက်မှုတက္ကသိုလ်သို့ ကျောင်းသားများ၏ ဝင်ခွင့်လိုအပ်ချက်ကိုလည်း ပြောင်းလဲထားပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ရမှတ်များအလိုက် ထိပ်တန်းကျောင်းသား ၅၀၀ ကို ဝင်ခွင့်လက်ခံခဲ့ပါသည်။ ရန်ကုန်စက်မှုတက္ကသိုလ်တွင် မတူညီသော ဘာသာရပ်များကို ကျောင်းသားများအား ခွဲဝေချမှတ်ပေးရာတွင် တူညီသောစံနှုန်းများကို အသုံးပြုခဲ့သည်။ ဘွဲ့ဒီဂရီရရှိရန် နှစ်အရေအတွက် ခြောက်နှစ်လိုအပ်သည်။ အင်ဂျင်နီယာဌာနများအပြင် ယခင်က ရန်ကုန်တက္ကသိုလ်ဟု လူသိများသည့် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တို့၏ အုပ်ချုပ်မှုအောက်တွင်ရှိသောဌာနများဖြစ်သည့် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ၊ အင်္ဂလိပ်နှင့် မြန်မာစာဌာနများပါဝင်သည်။ ကျောင်းသားများသည် ၎င်းတို့၏သက်ဆိုင်ရာအင်ဂျင်နီယာဘာသာရပ်များမစတင်မီ ဤဘာသာရပ်များကို နှစ်နှစ်လေ့လာသင်ကြားရမည်ဖြစ်သည်။ ကျောင်းသားများအတွက် အမှတ်ပေးစနစ်နှင့် အောင်ချက်အဆင့်ကိုလည်း ရာခိုင်နှုန်းအလိုက် အမှတ်ပေးစနစ်မှ ၅၊ ၄၊ ၃၊ ၂၊ ၁ စနစ်သို့ ပြောင်းလဲခဲ့သည်။ ဘာသာရပ်တစ်ခုစီအတွက် အောင်ချက်အဆင့်မှာ (၂)ဖြစ်ပြီး ပေါင်းစပ်ဘာသာရပ်အားလုံးအတွက်ပျမ်းမျှအောင်မှတ်မှာ ၂ ဒသမ ၅ ဖြစ်သည်။ နိုင်ငံခြားဆရာများမှ လွှဲ၍ သင်ကြားရေးကြားခံသည် မြန်မာဘာသာဖြစ်လာသည်။

ရန်ကုန်စက်မှုတက္ကသိုလ်၏ မြို့ပြ၊ စက်မှု၊ သတ္တုတွင်း၊ ဓာတုဗေဒနှင့် အထည်အလိပ်အင်ဂျင်နီယာနှင့် ဗိသုကာဌာနများတွင် နှစ်အတော်ကြာ ရှေးဆရာတစ်ယောက်ရှိခဲ့သည်။

မြို့ပြအင်ဂျင်နီယာဌာနတွင် Sanitary Engineering ဆရာများအတွက် WHO မှထောက်ပံ့ပေးထားသောကာလတို ရန်ပုံငွေရှိပြီး ကိုလံဘိုစီမံကိန်းက ပံ့ပိုးပေးထားသည့် ဓာတ်ပုံပညာကို သင်ကြားပို့ချပေးသော Mr Heathcote ဟုခေါ်သော အင်္ဂလိပ်ဆရာလည်းရှိသည်။ Structural ဓာတ်ခွဲခန်းကို ၁၉၇၀ ပြည့်နှစ်အစောပိုင်းတွင် ဂျာမန်အင်ဂျင်နီယာတစ်ဦးက တည်ထောင်ခဲ့သည်။

သင်ကြားရေးနှင့် အင်ဂျင်နီယာပညာရေးကို အဆင့်မြှင့်တင်ရန်အတွက် သင်ကြားရေး ဝန်ထမ်းများကို ထိုအချိန်ကရရှိခဲ့သော နိုင်ငံတကာအကူအညီအရ နိုင်ငံရပ်ခြားသို့စေလွှတ်ခဲ့သဖြင့် ရန်ကုန်စက်မှုတက္ကသိုလ်ရှိ သင်ကြားရေးဝန်ထမ်းများ၏ အဆင့်အတန်းကောင်းမွန်ခဲ့ပြီး ဘွဲ့လွန်ဒီဂရီများလည်း ပြီးဆုံးခဲ့သည်။ ဤကာလအတွင်း စိုက်ပျိုးရေးအင်ဂျင်နီယာနှင့်မော်တော်ယာဉ်အင်ဂျင်နီယာဘာသာရပ်များကို စက်မှုအင်ဂျင်နီယာဌာန လက်အောက်တွင် ခွဲဝေပေးခဲ့သည်။ သတ္တုတွင်းအင်ဂျင်နီယာဌာနအောက်တွင် ရေနံအင်ဂျင်နီယာနှင့် Power and Electrical Communications (နောက်ပိုင်းတွင် အီလက်ထရွန်နစ်အင်ဂျင်နီယာဟု အမည်ပြောင်း) ဟုခေါ်သော သီးခြားလမ်းကြောင်းနှစ်ခုကို လျှပ်စစ်အင်ဂျင်နီယာဌာနအောက်တွင် တည်ထောင်ခဲ့သည်။

၁၉၆၀ ပြည့်နှစ် နှောင်းပိုင်းတွင် ကျောင်းသားဦးရေ ၄၀၀၀ ခန့်ရှိပြီး သင်ကြားရေးဝန်ထမ်းစုစုပေါင်း ၂၀၀ ခန့်ရှိသောကြောင့် ကျောင်းသား/သင်ကြားရေးဝန်ထမ်းအချိုးမှာ ၂၀:၁ ခန့်သာရှိသည်။ ရန်ပုံငွေပြတ်လပ်မှုကြောင့် ဓာတ်ခွဲခန်းနှင့်အလုပ်ရုံအဆောက်အအုံအတွက် စက်အရန်နှင့် ခေတ်မီသောစက်ကိရိယာများကိုမရနိုင်တော့ဘဲ စာကြည့်တိုက်အတွက် စာအုပ်တွေလည်း မရနိုင်တော့ပါ။ ဤကာလဝန်းကျင်က အစိုးရစက်မှုလက်မှုသိပ္ပံများမှ ထူးချွန်သော ကျောင်းသားအချို့ကို လက်ခံခဲ့သည်။ မဟာအဆင့် ဘွဲ့လွန်သင်တန်းများကိုလည်း ဖွင့်လှစ်ခဲ့သည်။ နောက်ဆုံးနှစ်ကျောင်းသားများသည်လည်း စာတမ်း (Thesis) တင်သွင်းရန်လိုအပ်သည်။ တက္ကသိုလ်ကွန်ပျူတာစင်တာကို UNESCO/ UNDP ၏ အကူအညီဖြင့် သမိုင်းပရိဝုဏ်တွင် ဖွင့်လှစ်ခဲ့သည်။

ဦးရှုံးမိုသည် ၁၉၆၂ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ BIT/ RIT ၏ ပါမောက္ခချုပ်ဖြစ်ပြီး ရာထူးသက်တမ်းအတွင်း အင်ဂျင်နီယာပညာကိုတိုးတက်စေရန် အမျိုးမျိုးသော ကန့်သတ်ချက်များအောက်တွင် အကောင်းဆုံးကြိုးစားခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများ၏ သင်ရိုးညွှန်းတမ်း ပြင်ပလှုပ်ရှားမှုများသည်လည်း ယခင်ကကဲ့သို့ အပြည့်အဝလည်ပတ်နေပြီး တက္ကသိုလ်များအကြား အားကစားပြိုင်ပွဲများသည် ယခင်ကထက် ပိုမိုပြင်းထန်လာခဲ့သည်။ ဦးရှုံးမိုသည် ၁၉၇၁ ခုနှစ်တွင် အငြိမ်းစားယူခဲ့ပြီး ဒေါက်တာအောင်ကြီး ပါမောက္ခချုပ်ဖြစ်လာခဲ့သည်။

အကန့်အသတ်များစွာကြောင့် ရန်ပုံငွေပြတ်လပ်မှုဖြစ်ပေါ်ခဲ့ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးကို အဆင့်မြှင့်တင်သည့် သုတေသနပြုမှုများ၊ သင်ကြားရေးဝန်ထမ်းများအတွက် ဆက်လက်လေ့လာမှုများ၊ ဓာတ်ခွဲခန်းများ စသည်တို့ ရပ်တန့်သွားခဲ့သည်။ တစ်ခုတည်းသော ဖွံ့ဖြိုးတိုးတက်မှုသည် သင်ကြားရေးဝန်ထမ်းများနှင့် RIT ဘွဲ့ရအသစ်အချို့၏ပါဝင်မှုဖြင့် စက်မှုကုန်ထုတ်သမဝါယမအသင်း (Engineering Cooperatives) များ တည်ထောင်ခြင်းပင်ဖြစ်သည်။

**အဆင့် (၄) – ၁၉၈၈ မှ ယခုအထိ**

၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ပေါ်ပေါက်လာပြီး အင်ဂျင်နီယာလုပ်ငန်းများကို စည်းမျဉ်းနှင့်ကြပ်မတ်သည့်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်။ မျက်မှောက်ခေတ်တွင် Polytechnic University ရှစ်ခု၊ နည်းပညာတက္ကသိုလ် ၂၇ ခု၊ နည်းပညာကောလိပ်လေးခု၊ ဂျီတီအိုင် ၃၁ ခု၊ နည်းပညာအထက်တန်းကျောင်း ၃၆ ကျောင်းတို့ကို တည်ထောင်နိုင်ခဲ့သည်။ KG+12 အဆင့်သို့လည်း တိုးမြှင့်ပေးနိုင်ခဲ့ပြီဖြစ်သည်။

နှစ်တစ်ရာပြည့်အခမ်းအနားတွင် နေပြည်တော် ပေါ်လီတက္ကနစ်တက္ကသိုလ် (Naypyitaw State Polytechnic University) ကို အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ပြီး အင်ဂျင်နီယာ၊ သိပ္ပံနှင့် တက္ကသိုလ်နည်းပညာဘာသာရပ်များ ပို့ချပေးနိုင်ခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများအတွက် တက္ကသိုလ်ပရိဝုဏ်အတွင်း သင်ကြားသင်ယူစားသောက်နိုင်ရန်ကိုပါ စီစဉ်ပေးထားကြောင်း သိရှိရသည့်အတွက် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ ယခုကဲ့သို့ တိုးတက်ပြောင်းလဲမှုများ ဆောင်ရွက်ပေးခဲ့သည့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနကိုလည်း နှစ် (၁၀၀) ပြည့်အခမ်းအနားနှင့်အတူ ဂုဏ်ပြုဖော်ပြအပ်ပါသည်။ "စက်မှုတတ်မျိုး ပြည့်အကျိုး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည့်အကျိုးထမ်းဆောင်နိုင်ကြပါစေ။ ။

# မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးနှစ် ၁၀၀ ပြည့် ရာပြည့်သဘင်အခမ်းအနားအထိမ်းအမှတ် Engineering Education and Technology Forum ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် ၁၀၀ ပြည့် ရာပြည့်သဘင်အခမ်းအနားကို Naypyitaw State Polytechnic University ၌ ယနေ့နေ့လယ်ပိုင်းတွင် Engineering Education and Technology Forum ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။



အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် ၁၀၀ ပြည့် ရာပြည့်သဘင်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ တာဝန်ခံဝန်ကြီးဌာနဖြစ်သော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယက အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာဥက္ကဋ္ဌ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်(The Federation of Engineering Institutions of Asia and the Pacific-FEIAP)ဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာအောင်ကျော်မြတ်တို့က keynote speech ဖြင့် ပြောကြားကြသည်။

ဆက်လက်၍ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ် Ir. Dr Tan Yean Chinက Keynote Speech၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ပညာရေးကော်မတီ ဥက္ကဋ္ဌ Prof. Dr. Chuah Hean Teik မလေးရှားက ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားကာ Chair of Committee on Engineering for Innovative Technologies(CEIT), World Federation of Engineering Organization (WFEO)-Prof. Dr. Norlida Buniyamin, မလေးရှားက ချီးကျူးဂုဏ်ပြုစကားများကို Video Clip များဖြင့် အသီးသီးပြောကြားခဲ့သည်။

ယင်းနောက် "အင်ဂျင်နီယာပညာစွမ်းအားနဲ့ ပိုမိုတောက်ပသော မြန်မာ့အနာဂတ်ကို အတူတကွဖန်တီးတည်ဆောက်ကြပါစို့" ခေါင်းစဉ်ဖြင့် Pannel Session ကျင်းပရာ The Federation of Engineering Institutions of Asia and the Pacific- FEIAP နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်၊ မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ Engineering Education and Accreditation Committee-EEACဥက္ကဋ္ဌ ဒေါက်တာဇော်မင်းအောင်၊ နည်းပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီနှင့် Moscow Engineering physics Institute မှ Associate Professor Dr. Pliaskin Aleksandr Vladislavovichတို့က Pannel Session တွင် အသီးသီးပါဝင်ဆွေးနွေးကြသည်။

ထို့နောက် Forum Parallel Session များတွင် အနာဂတ်အင်ဂျင်နီယာပညာရေး (The Future of Engineering Education)၊ နိုင်ငံတော် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်ဂျင်နီယာများ၏အခန်းကဏ္ဍ (The Role of Engineers for Myanmar's Sustainable Development)၊ စွမ်းအင်လုံခြုံမှုအတွက် အစိမ်းရောင်စွမ်းအင်မှ ပံ့ပိုးပေးနိုင်မှု (Green Energy to Support Energy Security)၊ နောက်ဆုံးပေါ်နည်းပညာဖွံ့ဖြိုးမှုအရွေ့များ (Most Advanced Technology Trends)နှင့် ဒစ်ဂျစ်တယ်ကူးပြောင်းမှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ (Digital Transformation towards the National Development) စသည့် ခေါင်းစဉ် ငါးခုဖြင့် ကျင်းပလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ အင်ဂျင်နီယာပညာရေးအပေါ် ပိုမိုစိတ်ဝင်စားမှု အားကောင်းလာစေရန် Engineering Festival, Porject Show နှင့် Product Show များလည်း ထည့်သွင်းကျင်းပသည့်အပြင် Hackathon ပြိုင်ပွဲ၊ e-sport ပြိုင်ပွဲများ၊ Quiz အစီအစဉ်များ၊ Engineering Battle ပြိုင်ပွဲများ တစ်ပြိုင်နက်တည်းကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲ ၆၂ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၁**

၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့နံနက်ပိုင်းတွင် ကျောက်မျက်အတွဲ အမှတ်(၁)မှ အတွဲအမှတ်(၁၆၀)ထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ကျောက်မျက်အတွဲ ၆၂ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ယနေ့ရောင်းချသည့် ကျောက်မျက်အတွဲများကို အမေရိကန်ဒေါ်လာဖြင့် အခြေခံဈေးသတ်မှတ်ထားပြီး ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့်လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူရမည်ဖြစ်သည်။

ညနေပိုင်းတွင် အုပ်စု(အေနှင့် ဘီ)တို့မှ ကျောက်စိမ်းအတွဲအမှတ်(၁)မှ (၈၅၀)ထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ပြပွဲပဉ္စမနေ့တွင် ကြေညာသွားမည်ဖြစ်သည်။

ပြပွဲတွင် အုပ်စု(အေနှင့် ဘီ)တို့မှ ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ရောင်းချပေးခြင်းဖြစ်ပြီး ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များသည် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားတို့ဖြင့် ပေးချေရမည်ဖြစ်ကာ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် အုပ်စု(အေ)အတွက် နိုင်ငံခြားငွေနှင့် အုပ်စု(ဘီ)အတွက် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့် ပေးချေဝယ်ယူရမည်ဖြစ်သည်။

အလားတူ ကျပ်ငွေဖြင့် အခြေခံဈေးသတ်မှတ်ထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရောင်းချခြင်းဖြစ်သည့်အတွက် ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိပြီး ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူရမည်ဖြစ်သည်။



ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကျင်းပသည့် ၂၀၂၄ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်ထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲ ၂၈၀ အနက်မှ ပုလဲအတွဲ ၂၀၈ တွဲကိုလည်းကောင်း၊ ကျောက်မျက်အတွဲ ၁၆၀ အနက်မှ ကျောက်မျက်အတွဲ ၆၂ တွဲကိုလည်းကောင်း ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ရောင်းချပေးနိုင်ခဲ့ပြီး အုပ်စု(အေ၊ ဘီနှင့် စီ)တို့မှ ကျောက်စိမ်းအတွဲ ၄၈၀၀ ကို နိုဝင်ဘာ ၂၂ ရက်မှ ၂၇ ရက်ထိ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# "ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်"ကို ထုတ်ပြန်ထားကြောင်း အသိပေးကြေညာခြင်း

**၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်**

၁။ ပြည်တွင်းဆန်စပါးဖူလုံရေး၊ ပြည်ပသို့ စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေးနှင့် ဆန်စပါးသိုလှောင်မှုအခြေအနေများကို စနစ်တကျ စာရင်းပြုစုမှတ်ပုံတင်ထားနိုင်ရေး၊ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို ဖော်ဆောင်နိုင်ရေးတို့အတွက် ပြည်တွင်း၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ဆန်စပါးသိုလှောင်ရုံလုပ်ငန်းများအနေဖြင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်အလို့ငှာ ဆန်တန်ချိန် ၂၅ နှင့်အထက် သိုလှောင်ရုံ သို့မဟုတ် စပါးတင်း ၂၅၀၀ နှင့်အထက် သိုလှောင်ရုံတစ်မျိုးမျိုးကို ပိုင်ဆိုင်သူသည် www.myro.com.mm တွင် သတ်မှတ်ထားသည်နှင့်အညီ မှတ်ပုံတင်လျှောက်ထားရမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက **"ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်"**ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အမိန့်အမှတ်၈၂/၂၀၂၄ ဖြင့် ထုတ်ပြန်ထားသည်။

၂။ ဤအမိန့်ထုတ်ပြန်ပြီး နှစ်လပြည့်မြောက်သည့်နေ့ရက်တွင် ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူသည် မှတ်ပုံတင်ဆောင်ရွက်ခြင်း မရှိပါက အဆိုပါပုဂ္ဂိုလ်သည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခံရမည်-

(က) စာဖြင့်သတိပေးခြင်း။

(ခ) ဆန်စပါးလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ လုပ်ကိုင်ခွင့် ယာယီပိတ်သိမ်းခြင်းကို လိုအပ်လျှင် သက်ဆိုင်ရာအစိုးရဌာနက ပြုလုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ သို့ဖြစ်ပါ၍ ဆန်စပါးသိုလှောင်ရုံကို ပိုင်ဆိုင်သူများအနေဖြင့် ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်နှင့်အညီ အလေးအနက်ထား လိုက်နာဆောင်ရွက်စေရေးအတွက် အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**




## (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၁**

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲအကြိုညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဦးတို့က ဆောင်ရွက်ကြသည်။

ဦးစွာ သဘာပတိက ညီလာခံနှင့် ပတ်သက်သော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ညီလာခံတွင် တင်သွင်းမည့် အဆိုပြုချက်လေးခုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် အဆို(၁) ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီက ဦးဆောင်၍ တိုင်းရင်းဆေးပညာ သင်ကြားရေးဆိုင်ရာ အရည်အသွေး အသိအမှတ်ပြုနိုင်ရေး အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်၊ (၂) တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရေးအတွက် ဆွေးနွေးပွဲများ၊ မွမ်းမံသင်တန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ (၃) တိုင်းရင်းဆေးပညာရှင် လူ့စွမ်းအားအရင်းအမြစ်များခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ရန်၊ (၄) ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်မှုပေးရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ကျောင်းသားလူငယ်အရွယ်မှစ၍ လေးစားတန်ဖိုးထားတတ်စေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် ဖြစ်ပြီး အဆိုပြုချက်များနှင့် ပတ်သက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ပညာပေးလုပ်ငန်းများကို ထဲထဲဝင်ဝင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုကြောင်းနှင့် နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများကလည်း ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များကို အုပ်စုလေးစုခွဲကာ ညီလာခံတွင် တင်သွင်းမည့် အဆိုပြုချက်တစ်ခုချင်းစီအတွက် အုပ်စုအလိုက် ဆွေးနွေးကြကာ ညီလာခံတွင် တင်ပြဆွေးနွေးမည့် ကိုယ်စားလှယ်များကို ရွေးချယ်ကြသည်။ (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့်မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို နိုဝင်ဘာ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ကျင်းပမည်ဖြစ်ပြီး ညီလာခံတွင် ပြည်သူလူထုအကျိုးပြု အဆိုပြုချက်လေးခုကို တင်ပြကြရန် ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ညီလာခံကိုယ်စားလှယ်များကို နေပြည်တော်တစ်ဝိုက်ရှိ အမျိုးသားပရဆေးဥယျာဉ်၊ မာရဝိဇယ ရုပ်ပွားတော်တို့သို့လေ့လာရေးပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

☆ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာအတတ်ပညာ ပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

☆ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

☆ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုလွှတ်တော်ရုံး ဥပဒေပြုဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဟိန်းအား ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ထူးခြားသည့် ညအပူချိန်များ (၂၁-၁၁-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၁၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၁၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၁၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ၅-၁၁-၂၀၂၄ ရက်နေ့ ကလေးမြို့၊ မန္တလေးမြို့တို့တွင် ငွေကျပ် ၂၇.၅၇၆၅ ဘီလီယံ တန်ဖိုးရှိ ဘိန်းဖြူ ၁၅၀.၀၃ ကီလို၊ စိတ်ကြွဆေးပြား ၅.၅၁ သန်း၊ အိုက်စ် ၄၁၂ ကီလိုနှင့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၃ တန်တို့အား ကွင်းဆက်အဆင့်ဆင့် ဖော်ထုတ်ဖမ်းဆီးရမိမှု




❍ **မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့မှ**
မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်တွင်လည်းကောင်း၊ ရန်နိုင်အား မဟာအောင်မြေမြို့နယ် စကြာနွယ်စဉ်ရပ်ကွက်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် အဆိုပါမူးယစ်ဆေးဝါးများကို ကလေးမြို့တွင် လက်ခံသိုလှောင်၍ မြန်မာ- အိန္ဒိယနယ်စပ်သို့ တင်ပို့ရောင်းချသူများဖြစ်ကြသည့် လားထန်ပွီးယာကို ကလေးမြို့ တာဟန်းရပ်ကွက်နယ်မြေ(၁၀)တွင် တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းခဲ့သည့်ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းသုံးတန်နှင့်လည်းကောင်း၊ သောက်နယ်လွယ်(ခ) ပုသောက်ကို ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ(၁၃)ရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၅၁ သန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၁၂ ကီလို၊ ဘိန်းဖြူသုည ဒသမ ၄၃ ကီလိုနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ နိုဝင်ဘာ ၆ ရက်တွင် မန္တလေးမှ ကလေးမြို့သို့ မူးယစ်ဆေးဝါးများတင်ပို့ခဲ့သည့် ဝင်းဌေးအောင်ကို ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့၍၎င်းတင်ပို့ခဲ့သည့် မူးယစ်ဆေးဝါးများကို လက်ခံသိုလှောင်ထားသည့် လှမိုး(ခ)ဆန်းလွင်ကို ကလေးမြို့ လှိုင်သာယာရပ်ကွက်ရှိ ကုန်စည်ပို့ဆောင်ရေးဂိတ်တွင် ဘိန်းဖြူ ၁၃ ဒသမ ၂ ကီလိုနှင့်အတူဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများကို မန္တလေးမြို့တွင် တစ်ဆင့်ပြန်လည်ရောင်းချသူမှာ ရော်ကျိန်ရန်(ခ) အားဟွိုက်ဖြစ်ပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာတွင် ငွေကြေးလွှဲပြောင်းလက်ခံဆောင်ရွက်ပေးသူမှာ ၎င်း၏ဇနီး မအားမိန်ဖြစ်ကြောင်း သိရှိရသဖြင့် ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်ရှိ နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်နေ စိုးဝင်း၏အစီအမံဖြင့် မူးယစ်ဆေးဝါးများကို မန္တလေးတွင် လက်ခံသိုလှောင်ဖြန့်ဖြူးပို့ဆောင်ပေးသူ ရဲဇော်အောင်(ခ)အားဖကို ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်ရှိနေအိမ်၌ ဘိန်းဖြူ ၈၉ ဒသမ ၈ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၂၇ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၅၀ ဒသမ ၀၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၅၁သန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၁၂ ကီလိုနှင့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းသုံးတန်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိမူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မန္တလေးမြို့သို့သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် ကလေးမြို့တွင်သိုလှောင်၍ မြန်မာ- အိန္ဒိယနယ်စပ်တွင် တစ်ဖက်နိုင်ငံမှ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူများနှင့် ချိတ်ဆက်သယ်ဆောင်ရောင်းဝယ်ခဲ့ကြောင်းနှင့် အလားတူထိန်းချုပ်ဓာတုပစ္စည်းများ တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းခဲ့ကြသည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ဝင် ၂၁ ဦးကိုဖော်ထုတ်နိုင်ခဲ့ပြီး ဥပဒေအရအရေးယူထားရှိကာ ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# မော်လမြိုင်ကျွန်း၊ အောင်လံမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့တွင် စစ်မှုထမ်းရန် တပ်သားသစ်များအဖြစ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးနေကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းရန်တပ်သားသစ်များအဖြစ်လူငယ်ဦးရေ ၂၀ နီးပါးကို ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ပေါ်တွင် နိုဝင်ဘာ ၂၀ ရက်က ပြည်သူ့စစ်မှုထမ်းဆောင်ရန်အတွက် လူငယ် အမျိုးသား၊ အမျိုးသမီးဦးရေ ၇၀ ခန့်ကို ပေါ်တာဆွဲဖမ်းဆီးခဲ့ကြောင်း သတင်းတု၊သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာနယ်မြေလုံခြုံရေးတာဝန်ရှိသူများ၏ပြောကြားချက်အရ အဆိုပါမြို့နယ်များအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများကို မည်သည့်အကြောင်းနှင့်မျှ ဥပဒေမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်းမရှိကြောင်း၊ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့တက်ရောက်ရန်အတွက် မိမိဆန္ဒအလျောက် လာရောက်ဆန္ဒပြုသူများ အများအပြားရှိပြီး လက်ရှိတွင်ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၆)ထိ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်းပြီးသော နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းစစ်သည်များသည်လည်း တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း၊ထို့ပြင်ပြည်သူ့စစ်မှုထမ်းဆောင်ရန်အတွက် အမျိုးသမီးစစ်မှုထမ်းများကို ခေါ်ဆောင်ခြင်းမရှိသေးကြောင်း၊ လူငယ်များ၊ လမ်းသွားလမ်းလာများကိုလည်း ပေါ်တာဆွဲဖမ်းဆီးခြင်းများမရှိကြောင်းနှင့်ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အထက်ပါသတင်းများသည် ပြည်သူများ စိုးရိမ်ပူပန်မှုမြင့်တက်စေရန်နှင့် လူငယ်များ လမ်းမှားရောက်စေရန်ရည်ရွယ်ပြီး အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ဝါဒဖြန့်ထုတ်လွှင့်နေခြင်းသာဖြစ်ကြောင်း သိရှိရသည်။ (၅၀၁)




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာလူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Hmoe Htin Lin”Facebook အကောင့်နှင့် “Hmoe Htin Lin”TikTokအကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်နေ မှတ်ထင်လင်းကို ည ၆ နာရီတွင် အောင်ပင်လယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၁၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၁၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၅၀၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၁၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ကြက်သွန်နီဧက ၄၅၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၁၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ကတော့ ပုံမှန်အတိုင်းပါပဲ။ ကြက်သွန်နီတွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်အတွင်းရှိ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ကြက်သွန်နီစိုက်တောင်သူများကို ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီစိုက် တောင်သူများအနေဖြင့် ကြက်သွန်နီ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ၁၈ သိန်းခန့်ကုန်ကျပြီး တစ်ဧကအတွက်နှုန်း ပိဿာချိန် ၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စီစီဝင်းက ပြောပြ၍ သိရသည်။



ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ငါးခေါင်းပွ ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်အတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးခေါင်းပွများအပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဓနုဖြူဘက်ကနေ ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်အများဆုံး တင်ပို့ရောင်းချနေတာပါ။ပြီးခဲ့တဲ့အောက်တိုဘာလပထမပတ်လောက်ကနေ ငါးခေါင်းပွတွေ တင်ပို့အား ကောင်းလာတာပါ။ ပြည်တွင်းမှာကို ငါးခေါင်းပွက ဝယ်ယူမှု များနေပါတယ်။ ဒါကြောင့် ငါးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်"ဟု ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စီစီဝင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမို ကောင်းမွန်လာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းဖြတ်မြို့နယ် တာလကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းဖြတ် နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP)စီမံကိန်းဖြင့် တာလကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် များနှင့်အတူ တာလကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး စနစ်တကျဆောင်ရွက်ရန်မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ ဒသမ ၉ သိန်း စုစုပေါင်းငွေကျပ် ၁၆၅ ဒသမ ၉ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ် ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဇင်မာ**

## တို့နိုင်ငံကို ကာကွယ်ပါ

\- တိုင်းတစ်ပါးကို အထင်မကြီး
သွေးစည်းလို့ ညီညွတ်မယ်၊
တို့တိုင်းပြည် သာယာရေးကို
လေးစားလျက်ကွယ်၊
တန်ဖိုးထား ကြိုးစားရွယ်
တာဝန်ရယ် ဆက်ထမ်း၊
ရွှေပြည်တော် တိုးတက်ကောင်းဖို့
ပေါင်းစုလျက်လှမ်း။

\- တို့နယ်မြေ လာမချဲ့နဲ့
မြန်မာဟဲ့ သိရမည်၊
နယ်ချဲ့ရန် တိုက်ထုတ်ရှင်း
ဖြိုခွင်းကြသည်၊
မြင့်မြတ်သော နိုင်ငံပြည်
ဖြစ်စေတည် ဆန္ဒ၊
စစ်ပညာ သင်ယူမနှေး
သွေးရဲသည်ဗျ။

\- မြန်မာမှန် သတ္တိက
ကြီးကျယ်လှ ကမ္ဘာတွင်၊
သမိုင်းဝင် ဂုဏ်မညှိုး
သယ်ပိုးဖို့ပြင်၊
ရန်မှန်သမျှ ကာကွယ်အစဉ်
မြန်မာ့ရာဇဝင် ခမ်းနား၊
ရွှေပြည်တော် မျိုးဆက်သစ်တို့
ထုဆစ်စွမ်းအား။ ။

**မောင်စစ်သွေး**

# နတ်တလင်းမြို့နယ် အနောက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်တလင်း နိုဝင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနောက်စုကျေးရွာအုပ်စု အနောက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကိုအသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄ ဒသမ ၃ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အနောက်စုကျေးရွာရှိ အသေးစားစက်မှု၊ လက်မှုလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သုတ**

# နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးနိုင်မည့် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်ထိ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်သည်။ အမျိုးသားအားကစားပွဲတော်သည် နိုင်ငံတော်အဆင့်ဖြစ်သည်နှင့်အညီ ဖွင့်ပွဲအခမ်းအနားကို ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ကျင်းပနိုင်ရန်နှင့် ပြိုင်ပွဲများကျင်းပယှဉ်ပြိုင်ရာတွင်လည်း အဆင့်အတန်းမီမီ၊ အောင်အောင်မြင်မြင် ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲများ၌ အားကစားနည်းခြောက်မျိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲများတွင် အားကစားနည်း ၂၃ မျိုး ကျင်းပသွားမည်ဖြစ်သည်။

**အားကစားနှင့်ကျန်းမာရေး**

လူ့ဘဝတွင် ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်။ ကျန်းမာရေးသည် ဘဝတွင် များစွာအရေးပါလျက်ရှိသည်။ ကျန်းမာနေမှသာလျှင် အလုပ်လုပ်နိုင်မည်ဖြစ်သည်။ အားကစားသည် ကျန်းမာရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။ သာဓကအနေဖြင့် နေ့စဉ်လမ်းလျှောက်ခြင်းသည် ကျန်းမာရေးကို လွန်စွာအထောက်အကူပြုသည်။ ထို့ပြင် ဘောလုံး၊ ဘော်လီဘော၊ တင်းနစ်၊ ကြက်တောင်၊ စက်ဘီးစီး၊ ဂျူဒို၊ အလေးမ၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ လက်ဝှေ့၊ ရိုးရာလေ့၊ ပိုက်ကျော်ခြင်း၊ ဗိုဗီနမ်ကစားနည်း၊ ဘိလိယက်၊ စနူကာ၊ ပီတန်း၊ ခရစ်ကက် စသည်ဖြင့် ပြိုင်ပွဲဝင်အားကစားနည်းအားလုံးသည် ကစားသူ၏ ကျန်းမာရေးကိုပုံစံမျိုးစုံဖြင့် အထောက်အကူပြုပါသည်။

စာရေးသူတို့ငယ်စဉ်က မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အရှေ့တောင်အာရှတွင် ထိပ်တန်းမှ ရပ်တည်နိုင်ခဲ့သည်။ ကျွန်းဆွယ်ပြိုင်ပွဲများတွင်ပထမ၊ ဒုတိယ၊ တတိယအမြဲတမ်းရရှိခဲ့သည်။ ထိုစဉ်က ရပ်မြင်သံကြားရှိသည့် ရွာဦးကျောင်းဆရာတော်ထံ သွားကြည့်ရသည်။ မြန်မာဘောလုံးအသင်း အနိုင်ရရှိလျှင် အတိုင်းမသိပျော်ရွှင်ခဲ့ရပြီး မြန်မာဘောလုံးအသင်းရှုံးနိမ့်သည့်နေ့တွင် ထမင်းစားမဝင်သလို စာကျက်၍လည်းမရခဲ့ပေ။ ထိုစဉ်က မြန်မာ့လက်ရွေးစင်ဘောလုံးအားကစားသမားများ၏ ကစားဟန်များကို လက်ရှိအချိန်ထိ မှတ်မှတ်ထင်ထင်ရှိနေသည်။

စာရေးသူသည် ငယ်စဉ်က ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲတွင် ရှေ့တန်းညာတောင်ပံမှ ကစားခဲ့ဖူးသည်။ ဘောလုံးအားကစားနည်းသည် ကြံ့ခိုင်မှုအထူးလိုအပ်သည်။ စာရေးသူသည် ငယ်စဉ်က အားကစားလုပ်ခဲ့သဖြင့် ကျန်းမာကြံ့ခိုင်ပြီး အရပ်လည်း ရှည်ခဲ့သည်။

ထို့ကြောင့်ငယ်စဉ်ကတည်းက မိမိနှင့်သင့်လျော်ရာကစားနည်းတစ်မျိုး သို့မဟုတ် နှစ်မျိုးလောက်ကို စိတ်ပါဝင်စားစွာ ကစားသွားသင့်ပေသည်။ မိဘများအနေဖြင့် မိမိတို့သားသမီးများကို ငယ်စဉ်ကျောင်းသားဘဝကပင် အနည်းဆုံးအားကစားနည်းတစ်မျိုး သို့မဟုတ် နှစ်မျိုးလောက်ထိ ကစားရန်အချိန်ပေးသွားသင့်သည်။ နွေရာသီကျောင်းပိတ်ရက်များသည် ကလေးများ၏ ကျန်းမာရေးအတွက် အားကစားလုပ်ရန် အခွင့်ကောင်းအချိန်ပင်ဖြစ်သည်။

**အားပေးချီးမြှောက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေး၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိရေးအတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်းကာ ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်ဆောင်ရွက်ခဲ့၍ နိုင်ငံတကာပြိုင်ပွဲများတွင် အထိုက်အလျောက် အောင်မြင်မှုများ ပြန်လည်ရရှိလာခဲ့သည်။ အထူးသဖြင့် နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကိုလည်း ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခဲ့ရုံမက တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဟောင်းကြီးများကိုလည်း လစဉ်ထောက်ပံ့ကြေးများ၊ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးခဲ့သည်။

မြန်မာနိုင်ငံ၌ အားကစားကဏ္ဍကို မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိရာတွင် နှစ်အလိုက်၊ ရာသီအလိုက်၊ ကဏ္ဍအလိုက်အားကစားပြိုင်ပွဲအမျိုးမျိုးကို အဆက်မပြတ်ကျင်းပပေးလျက်ရှိသည်။ အားကစားအမျိုးအစားတစ်ခုချင်းအလိုက် ပြိုင်ပွဲ၊ ကျောင်းသားအားကစားပြိုင်ပွဲ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်အားကစားပြိုင်ပွဲ၊ ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲ၊ နိုင်ငံတကာပြိုင်ပွဲ စသည်ဖြင့် အားကစားပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ကျင်းပပေးလျက်ရှိရာ ထူးချွန်သောအားကစားသမားများ၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ အဆက်မပြတ်ပေါ်ထွက်ပြီး အားကစားကဏ္ဍကို မြှင့်တင်ပေးနိုင်ခဲ့သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှ ထွက်ပေါ်လာမည့်အလားအလာရှိသည့် လက်ရွေးစင်အားကစားသမားများ၊ မျိုးဆက်သစ်အားကစားသမားများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာအားကစားပြိုင်ပွဲများအတွက် ရွေးချယ်သွားမည်ဖြစ်သည်။ ထို့ကြောင့် အမှန်တကယ် အရည်အချင်းရှိသူများ၊ အားကစားနည်းအလိုက် စံနှုန်းကောင်းမွန်သူများ ထွက်ပေါ်လာရန်လိုအပ်သည်။ သို့မှသာ နိုင်ငံတကာပြိုင်ပွဲများ၌ ယှဉ်ပြိုင်သည့်အခါ အဆင့်မီမီ၊ သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်နိုင်ကြမည်ဖြစ်သည်။ ထို့ပြင် အမျိုးသားအားကစားပွဲတော်တွင် စွမ်းစွမ်းတမံပါဝင်ယှဉ်ပြိုင်မှုတွင် ဆုတံဆိပ်ဆွတ်ခူးရရှိသည့် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်ပေးအပ်ခြင်းစသောအားပေးချီးမြှင့်ခြင်းများလည်း ရရှိလာမည်ဖြစ်ရာ အားကစားသမားတိုင်းက မိမိတို့အားကစားနည်းအလိုက် ထူးချွန်အောင်၊ စံချိန်ကောင်းများရရှိအောင်၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများထိ ယှဉ်ပြိုင်နိုင်အောင် အစွမ်းကုန်ပြင်ဆင်လေ့ကျင့်သွားသင့်ပါသည်။

**အားကစားစိတ်ဓာတ်နှင့်ပါဝင်ယှဉ်ပြိုင်သင့်**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများမှ အားကစားနည်းအလိုက် အကောင်းဆုံးအားကစားသမားများဖြင့် ပွဲဝင်လာကြမည်ဖြစ်သည်။ အားကစားသမားများသည် ကျွမ်းကျင်မှု၊ ခွန်အား၊ သက်လုံ၊ နည်းစနစ်နှင့် စိတ်ဓာတ်တို့ကို မှတ်ကျောက်တင်ခံနိုင်သည်ထိ ပြင်ဆင်ကြရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အဆင့် ကျင်းပသည့် အားကစားပွဲတော်ကြီး၏ ဂုဏ်ပုဒ်နှင့်အညီ အားကစားစိတ်ဓာတ်၊ အားကစားယဉ်ကျေးမှုကိုပါ မြင့်မြင့်မားမား မြှင့်တင်သွားရန်လိုအပ်သည်။ အမျိုးသားအားကစားပွဲတော်ကြီးတွင် အားကစားသမားတိုင်း၊ အသင်းတိုင်းက အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် ရေကုန်ရေခန်းအစွမ်းကုန် ယှဉ်ပြိုင်ကြမည်ဟု ယုံကြည်မိပါသည်။

**လူငယ်များ၏ကဏ္ဍကိုမြှင့်တင်ပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် ဦးတည်ချက် ၉ ရပ်အနက် လူမှုရေးဦးတည်ချက် ၃ ရပ်တွင် ပါဝင်သည့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"နှင့် "နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ် စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး"တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် လူငယ်နှင့်အားကစားကို အတူယှဉ်တွဲ၍ မြှင့်တင်အားပေး ဆောင်ရွက်လျက်ရှိသည်။ အားကစားကဏ္ဍမှတစ်ဆင့် လူငယ်လူရွယ်ပြည်သူအားလုံး ကျန်းမာကြံ့ခိုင်ရေးသာမက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်ရေးတို့ကိုပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**❖နိုင်ငံတစ်နိုင်ငံ၏ အားကစားအောင်မြင်မှုသည် ထိုနိုင်ငံ၏ လူမှုအဆင့်အတန်းမြင့်မားမှုကို ပြသခြင်းပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတိုင်းသည် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှု မြင့်မြင့်မားမားရရှိနိုင်ရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိကြသည်။ အထူးသဖြင့် ကမ္ဘာ့ဘောလုံးပြိုင်ပွဲနှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများ လက်ခံကျင်းပခွင့်ရရှိရေးအတွက် အသည်းအသန်ကြိုးပမ်းကြခြင်းဖြစ်သည်။ ထိုသို့ ကမ္ဘာ့အဆင့်ပြိုင်ပွဲများ လက်ခံကျင်းပခွင့်ရရှိခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အဆင့်အတန်းကို ဖော်ပြနေခြင်းဖြစ်သည်။ ❖**

လူငယ်လူရွယ်များသည် တိုင်းပြည်အတွက် အဓိကစွမ်းအားစုများဖြစ်သည်။ လူငယ်များကို မြှင့်တင်ဆောင်ရွက်အားပေးခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။ အားကစားမြှင့်တင်ခြင်းသည်လည်း နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။ အားကစားကဏ္ဍအောင်မြင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသည်။ထို့အတူအားကစားကဏ္ဍတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် အခြေအနေကို ထင်ဟပ်ဖော်ပြခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူငယ်နှင့်အားကစားကဏ္ဍမြှင့်တင်ပေးရေးကို အလေးထားဆောင်ရွက်နေသည်။

**နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်**

နိုင်ငံတစ်နိုင်ငံ၏ အားကစားအောင်မြင်မှုသည် ထိုနိုင်ငံ၏ လူမှုအဆင့်အတန်းမြင့်မားမှုကို ပြသခြင်းပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတိုင်းသည် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုမြင့်မြင့်မားမားရရှိနိုင်ရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိကြသည်။ အထူးသဖြင့် ကမ္ဘာ့ဘောလုံးပြိုင်ပွဲနှင့် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများ လက်ခံကျင်းပခွင့်ရရှိရေးအတွက် အသည်းအသန်ကြိုးပမ်းကြခြင်းဖြစ်သည်။ ထိုသို့ ကမ္ဘာ့အဆင့်ပြိုင်ပွဲများ လက်ခံကျင်းပခွင့်ရရှိခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အဆင့်အတန်းကို ဖော်ပြနေခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် ကျွဲကူးရေပါဆိုသလို ခရီးသွားလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

အမျိုးသားအားကစားပြိုင်ပွဲသည် အားကစားကဏ္ဍ၌ ပြိုင်ပွဲအားလုံး၏ အမြုတေဖြစ်ပေသည်။ အားကစားပြိုင်ပွဲအမျိုးအစားများ၊ ပြိုင်ပွဲဝင်အားကစားသမားအရေအတွက် အများဆုံးပါဝင်ယှဉ်ပြိုင်နိုင်သဖြင့် အမျိုးသားအားကစားပြိုင်ပွဲဟုခေါ်ဆိုခြင်းဖြစ်သည်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှတစ်ဆင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့်အားကစားသမားများ ပေါ်ထွက်လာနိုင်ပြီး နိုင်ငံတော်အဆင့်၊ အာဆီယံအဆင့်၊ နိုင်ငံတကာအဆင့် အားကစားသမားများ ပေါ်ထွက်လာနိုင်သည်။

ဆိုရလျှင် အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်းဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အားကစားကဏ္ဍမြင့်မားရေးအတွက် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာကျင်းပသွားတော့မည်ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသား အားလုံးအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

**မောင်စိန်အိ(နဘဲမြေ)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၆၁၀၈၈ ဧကထိ စိုက်ပျိုးမည်



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**မအူပင် နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၆၁၀၈၈ ဧကထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၆၁၀၈၈ ဧကကို နိုဝင်ဘာလ စတုတ္ထပတ်အတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မတ်ပဲများ လျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများ၊ ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မအူပင်မြို့နယ်မှာ မတ်ပဲ ၆၁၀၈၈ ဧကထိ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မတ်ပဲဟာ နှစ်တိုင်း စိုက်နေကျဖြစ်တဲ့အတွက် တောင်သူတွေအတွက် စိုက်ပျိုးဖို့က အခက်အခဲမရှိပါဘူး။ ပိုးမွှားအန္တရာယ်နဲ့ ပတ်သက်လို့ ဖြေရှင်းဖို့ကို သင်တန်းတွေပေးထားပြီးဖြစ်ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲက ဧကအများဆုံးဖြစ်ပါတယ်။ ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ကို စိုက်ပျိုးရေးဦးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်" ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် မတ်ပဲ ၆၁၀၈၈ ဧက အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ၊ စိုက်နည်းစနစ်မှန်ကန်စေရေး နည်းပညာပေးခြင်းများ၊ ပိုးသတ်ဆေးနှင့် အာဟာရဓာတ်ရရှိစေရန် ဆေးသုံးစွဲမှုနည်းစနစ်တကျရှိစေရေး၊အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးနည်းစနစ်များ စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကျော်ကျော်လင်း**

# တောင်တွင်းကြီးမြို့နယ် ရှမ်းကိုင်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**တောင်တွင်းကြီး နိုဝင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ရှမ်းကိုင်းကျေးရွာ၌ (VDP) စီမံကိန်းဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရှမ်းကိုင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ရှမ်းကိုင်းကျေးရွာ၌ လမ်းအရှည် ၅၄၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် တစ်သန်း စုစုပေါင်း ငွေကျပ် ၁၆ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်ထံမှ သိရသည်။ **နွဲ့ယဉ်**

# အိုက်စလန်ကျွန်းနိုင်ငံတွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားကာ မီးတောင်အန္တရာယ်သတိပေးချက် ထုတ်ပြန်ထား



**ရေးကျာဗစ်ခ် နိုဝင်ဘာ ၂၁**

အိုက်စလန် ကျွန်းနိုင်ငံရှိ Reykjanes မီးတောင်သည် နိုဝင်ဘာ ၂၀ ရက်က မီးတောင်ပေါက်ကွဲမှုဖြစ်ပွားကာ မီးတောင်အန္တရာယ်သတိပေးချက်ထုတ်ပြန်ထားကြောင်း အိုက်စလန်ကျွန်းနိုင်ငံအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

Reykjanes မီးတောင်သည် သုံးနှစ်အတွင်း ဆယ်ကြိမ်မြောက် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးတောင်ပေါက်ကွဲမှုမှာ အကြိမ်ရေ စိပ်လာကြောင်း၊ လူဦးရေ ၄၀၀၀၀၀ ခန့်သာနေထိုင်သည့် အိုက်စလန်ကျွန်းနိုင်ငံသည် မြေလျှင်ကြောပေါ်တွင် တည်ရှိသည့်နိုင်ငံဖြစ်သည့်အတွက် မြေလျှင်လှုပ်ခတ်မှုလည်း မကြာခဏဖြစ်ပေါ်နေပြီး မြေလျှင်လှုပ်ခတ်မှုများကြောင့်ပင် မီးတောင်ပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂရန်ဒါဗစ်မြို့ခံ ၄၀၀၀ ကျော်ထိ ဘေးလွတ်ရာရွှေ့ပြောင်းနေရပြီး ဂရန်ဒါဗစ်မြို့အနီးတွင် မီးတောင်အတွင်းမှထွက်ပေါ်လာသည့် မီးခိုးငွေ့များဖုံးလွှမ်းနေကြောင်းလည်း အိုက်စလန်ကျွန်းနိုင်ငံအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Reykjanes မီးတောင်ပေါက်ကွဲမှု၏ နောက်ဆက်တွဲဆိုးကျိုးများသည် လူနေရပ်များကို တိုက်ရိုက် ထိခိုက်မှုမရှိသော်လည်း မီးတောင်အတွင်းမှ ထွက်ပေါ် လာသည့် ဓာတ်ငွေ့များ လေထုနှင့်အတူ ပျံ့နှံ့နေခြင်းကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် ဗုံးအင်အားပြင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံး၊ နှစ်ဦး ဒဏ်ရာရရှိ

**ဝါရှင်တန် နိုဝင်ဘာ ၂၁**

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် နိုဝင်ဘာ ၂၀ ရက်က ဗုံးဟုအမည်ပေးထားသော အင်အားပြင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် လမ်းမပေါ်တွင် ယာဉ်ကြောပိတ်ဆို့ကာခရီးသွားလာမှု နှောင့်နှေးခဲ့ရကြောင်း၊ ထို့ပြင် မုန်တိုင်းကြောင့် လူတစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးခဲ့သူမှာ ဆီယက်တဲလ်မြို့မြောက်ဘက်ရှိ အိုးမဲ့အိမ်မဲ့စခန်းတစ်ခုတွင်နေထိုင်သော အမျိုးသမီးတစ်ဦးဖြစ်ပြီး မုန်တိုင်းကြောင့်လဲကျလာသည့် သစ်ပင်ပိကာသေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဝါရှင်တန်ပြည်နယ် မေပယ်ဗယ်လီမြို့တွင် နေထိုင်သူနှစ်ဦးလည်းသစ်ပင်ပိမိမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း မီးသတ်ဌာနတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိမှာ မုန်တိုင်းကြောင့် ဝါရှင်တန်အနောက်ပိုင်းရှိကျောင်းများကို မုန်တိုင်းမတိုက်မီ နိုဝင်ဘာ ၁၉ ရက်ကတည်းက ခေတ္တပိတ်ထားပြီး မုန်တိုင်းတိုက်ခတ်မှုအခြေအနေတည်ငြိမ်သွားပါက ကျောင်းများပြန်ဖွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

မုန်တိုင်းသည် တစ်နာရီလျှင်မိုင် ၇၀ နှုန်းဖြင့်တိုက်ခတ်ခဲ့ခြင်းကြောင့် သစ်ပင်များနှင့်ဓာတ်အားလိုင်းများလဲကျပျက်စီးခဲ့ကာ ဝါရှင်တန်ပြည်နယ် အနောက်တောင်ဘက်ရှိ အော်ရီဂွန်နှင့်မြောက်ပိုင်းကယ်လီဖိုးနီးယားပြည်နယ်ရှိ လူနေအိမ်များနှင့်စီးပွားရေးလုပ်ငန်း ခြောက်သိန်းကျော် လျှပ်စစ်မီးပြတ်တောက်ခဲ့ရကြောင်း အမေရိကန် လျှပ်စစ်ဓာတ်အားပေးရုံးမှ သိရသည်။

**Ref : Sputnik News**
**Trs : KZ**



# စပိန်နိုင်ငံတွင် ရေဘေးကြောင့် နိုင်ငံ GDP ၏ သုည ဒသမ ၂ ရာခိုင်နှုန်းထိ ပျက်စီးဆုံးရှုံးခဲ့ကြောင်း Bank of Spain က ထုတ်ပြန်

**မက်ဒရစ် နိုဝင်ဘာ ၂၁**

စပိန်နိုင်ငံ ဗလန်စီယာမြို့တွင် အောက်တိုဘာ ၂၉ ရက်က ဆိုးရွားသည့်ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်ခဲ့ရပြီး လူဦးရေ ၂၀၀ ကျော်သေဆုံး၍ အခြေခံအဆောက်အအုံနှင့် လူနေအိမ်အမြောက်အမြားပျက်စီးခဲ့ကာ Bank of Spain ၏ ခန့်မှန်းတွက်ချက်မှုအရ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့်ပမာဏမှာ နိုင်ငံ GDP ၏ သုည ဒသမ ၂ ရာခိုင်နှုန်းထိရှိခဲ့ကြောင်း Bank of Spain က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

စပိန်အစိုးရက ရေဘေးဒဏ်သင့်ဧရိယာများတွင် နေထိုင်သောဒေသခံများနှင့် အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ယူရို ၁၄ ဒသမ ၃၆ ဘီလီယံထိ အသုံးပြုမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ထားပြီး ရေဘေးအန္တရာယ်ဖြင့် မရင်ဆိုင်ခင်က စပိန်နိုင်ငံ၏ စီးပွားရေးကဏ္ဍသည် ယခုနှစ်တွင် ၂၀၂၃ ခုနှစ်ကထက် ၂ ဒသမ ၇ ရာခိုင်နှုန်းထိ တိုးတက်လာမည်ဟု ကြိုတင် ခန့်မှန်းထားရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာ ၂၉ ရက်ကနေ နိုဝင်ဘာလပထမပတ်အတွင်း ရင်ဆိုင်ခဲ့ရတဲ့ သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ခန့်မှန်းတွက်ချက်မှုအရ နိုင်ငံ GDP ရဲ့ သုည ဒသမ ၂ ရာခိုင်နှုန်းထိ ဆုံးရှုံးနစ်နာခဲ့တယ်။ သဘာဝဘေးအန္တရာယ်မတိုင်ခင် စပိန်ရဲ့ စီးပွားရေးကဏ္ဍဟာ တက်ရိပ်ပြခဲ့ပေမဲ့လဲ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများပြီး အထိနာခဲ့ရတယ်"ဟု Bank of Spain က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ရာဖေးလ်ဟာရီကိန်းမုန်တိုင်းကြောင့် ကျူးဘားနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုများခဲ့

**ဟာဗားနား နိုဝင်ဘာ ၂၁**

ကျူးဘားနိုင်ငံတွင် နိုဝင်ဘာ ၇ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့သော ရာဖေးလ်ဟာရီကိန်းမုန်တိုင်းကြောင့် ကြီးမားသောပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရပြီး အထူးသဖြင့်စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုများခဲ့ကြောင်း ကျူးဘားစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရာဖေးလ်ဟာရီကိန်းမုန်တိုင်းသည် ပြင်းအားအဆင့် ၃ ဖြင့် ကျူးဘားနိုင်ငံအတွင်းဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် ငှက်ပျောစိုက်ခင်းအများစုပျက်စီးခဲ့ရပြီး ကောက်ပဲသီးနှံစိုက်ခင်းများ၊ သရက်စိုက်ခင်း၊ ထောပတ်သီးစိုက်ခင်းများလည်း ကြီးမားသည့် ပျက်စီးမှုဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် ရိက္ခာပြဿနာ ရှိလာနိုင်ကြောင်း ကျူးဘားတောင်သူများအသင်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"မုန်တိုင်းတိုက်ခတ်ခဲ့ပြီးတဲ့နောက် ကျွန်တော့်ရဲ့ စိုက်ခင်းတွေအားလုံးနီးပါးပျက်စီးသွားခဲ့တယ်။ အခုမှ ပြန်ပြီးတော့ထွန်ယက်တာကနေပြန်စရတော့မယ်။ စိုက်ပျိုးပြီးသား စိုက်ခင်းအားလုံးနီးပါး ပျက်စီးသွားခဲ့ရတယ်"ဟု ရာဖေးလ်ဟာရီကိန်း မုန်တိုင်းကြောင့် စိုက်ခင်းများ ပျက်စီးမှုဖြင့် ရင်ဆိုင်ခဲ့ရသည့် တောင်သူကိုင်မီတိုက ပြောကြားခဲ့ကြောင်း သိရသည်။

သီးနှံများကို အသစ်ထွန်ယက်ကာ စိုက်ပျိုးမှုများပြန်လည်စတင်ရတော့မည်ဖြစ်သည့်အတွက် စိုက်ပျိုးကုန်ထွက်သီးနှံများသတ်မှတ်ကာလအတိုင်း အချိန်မီရိတ်သိမ်းနိုင်မည်မဟုတ်တော့သည့်အတွက်ကြောင့် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ကုန်ဈေးနှုန်းမြင့်တက်လာမည့်ပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# ၂၀၅၀ ပြည့်နှစ်မတိုင်မီ အသားတင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိနိုင်ဟု အင်ဒိုနီးရှားသမ္မတ ပြောကြား

**ဂျကာတာ နိုဝင်ဘာ ၂၁**

အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၅၀ ပြည့်နှစ်မတိုင်မီ အသားတင်ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိနိုင်သည်ဟု အင်ဒိုနီးရှားနိုင်ငံသမ္မတပရာဘိုဝိုက G20 အစည်းအဝေးတွင် နိုဝင်ဘာ ၁၉ ရက်ကပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ယခင်က ၂၀၅၆ ခုနှစ်မှသာ အသားတင်ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိနိုင်မည်ဟု ဆိုထားသော်လည်း သမ္မတက ၂၀၅၀ ပြည့်နှစ်မတိုင်မီ အသားတင်ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိနိုင်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် လာမည့် ၁၅ နှစ်အတွင်း ကျောက်မီးသွေးနှင့် ရုပ်ကြွင်းလောင်စာသုံး ဓာတ်အားပေးစက်ရုံများအားလုံးကို လုံးဝပိတ်သွားနိုင်ရေး စီစဉ်ထားကြောင်း သမ္မတပရာဘိုဝိုက ကတိပြုပြောကြားခဲ့သည်။

ကာဗွန်ထုတ်လွှတ်မှု ဖြတ်တောက်နိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံသည် လာမည့် ၁၅ နှစ်အတွင်း ၇၅ ဂီဂါဝပ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်သော ပြန်လည်ပြည့်ဖြိုးမြဲ ဓာတ်အားပေးစက်ရုံ တည်ဆောက်မည်ဖြစ်ပြီး အဆိုပါစက်ရုံသည် နေရောင်ခြည်ကို အဓိကသုံး၍လျှပ်စစ်ထုတ်လုပ်မည်ဖြစ်သည်ဟု အင်ဒိုနီးရှားနိုင်ငံသံတမန်က နိုဝင်ဘာ ၁၁ ရက်ကတည်းက စတင်ကျင်းပနေသော COP29 ရာသီဥတု ထိပ်သီးအစည်းအဝေး၌ ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့အကြီးဆုံးဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်သည့် နိုင်ငံဖြစ်ပြီး ကမ္ဘာ့တတိယအကြီးဆုံး မိုးသစ်တောများ ပိုင်ဆိုင်ကာ အဆိုပါ သစ်တောများမှရရှိသည့် ထင်းများမှထုတ်သောကျောက်မီးသွေးကို အဓိကတင်ပို့ရောင်းချနေသောနိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

M L

# စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အရန်ကစားသမားစုဖွဲ့မှုကောင်းတဲ့ ဘုန်းမောက်အသင်း၊ အေစီမီလန်အသင်း၊ ဘက်တစ်အသင်းတို့ကို အားပေးရမှာပါ




လာမဲ့စနေနေ့ညမှာ အမှတ်ပေးပြိုင်ပွဲတွေ ပြန်လည်ကစားမှာဖြစ်လို့ အကြိတ်အနယ်ရှိတဲ့ ပွဲစဉ်တွေကို အားပေးရမှာဖြစ်ပါတယ်။ ကြားရက်က နိုင်ငံအသင်းပြိုင်ပွဲတွေရှိခဲ့တာကြောင့် ဒဏ်ရာရပွဲပန်းမှုတွေရှိပေမဲ့ အဓိက ကစားသမားအများစုကတော့ ကလပ်အသင်းတွေက စေလွှတ်ခဲ့ခြင်းမရှိတာကြောင့် အနားရခဲ့တာကို တွေ့ရမှာပါ။ ဆောင်းရာသီကာလမှာ ကစားသမားတွေ ဒဏ်ရာရပွဲပန်းမှုများပြားလာတာကြောင့် အရန်ကစားသမားစုဖွဲ့မှုကောင်းတဲ့အသင်းတွေက ရလဒ်ကောင်းကို ထိန်းသိမ်းနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် စနေနေ့ညကစားမဲ့ ပွဲစဉ်တွေမှာလဲ တိုက်စစ်ပိုင်းထက်မြက်နေပြီး အရန်ကစားသမားစုဖွဲ့မှုကောင်းတဲ့အသင်းတွေကိုပဲ အားပေးရမှာပါ။

### ဘုန်းမောက်အသင်းကို အားပေးရမှာပါ

စနေနေ့ညကစားမဲ့ ပရီးမီးယားလိဂ် ပွဲစဉ်(၁၂) မှာ အကြိုက်တွေ့မိတာကတော့ ဘုန်းမောက်အသင်းနဲ့ ဘရိုက်တန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘုန်းမောက်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့သလို နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲဆက်မှာလဲ ဆောက်သမ်တန်၊ အာဆင်နယ်နဲ့ မန်စီးတီးအသင်းတို့ကို နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ ဆိုလန်ကီနေရာကို အစားထိုးကစားနေတဲ့ တိုက်စစ်မှူး အီဗန်နယ်ဆန်ကလဲ ခြေစွမ်းပြသနေတာကြောင့် ဘုန်းမောက်အသင်းတိုက်စစ်ပိုင်း ထက်မြက်နေတာဖြစ်ပါတယ်။ အမှတ်ပေးပွဲ ၁၁ ပွဲအပြီးမှာတော့ လေးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၅ မှတ်စုဆောင်းနိုင်ခဲ့လို့ အဆင့်(၁၂) မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ နည်းပြအီရာအိုလာကတော့ ၄-၂-၃-၁ ကစားကွက်ကို အထိုင်ချကစားနေသလို ဒီကစားကွက်မှာ တောင်ပံကစားသမားတွေဖြစ်တဲ့ ကလွိုက်ဘက်နဲ့ ဆီမီညိုတို့က တိုးအားကောင်းတာကြောင့် အထောင်တိုက်စစ်က အီဗန်နယ်ဆန် နေရာလွတ်ရခဲ့ပြီး နောက်ဆုံးသုံးပွဲဆက် ဂိုးသွင်းနိုင်ခဲ့တာကိုသတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ ဒဏ်ရာရကစားသမားများနေလို့ ခံစစ်ပိုင်းကျဆင်းနေတဲ့ ဘရိုက်တန်အသင်းဟာ ဘုန်းမောက်တိုက်စစ်ကို ထိန်းချုပ်ဖို့ခက်ခဲမှာဖြစ်ပါတယ်။

ဘရိုက်တန်အသင်းဟာ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာ မန်စီးတီးအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကြောင့် ယုံကြည်မှုပိုင်း အားကောင်းနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၉ မှတ်ရခဲ့ပြီး အဆင့်(၆) နေရာမှာရောက်ရှိနေတာဖြစ်ပါတယ်။ နောက်ဆုံးအဝေးကွင်းသုံးပွဲဆက်မှာတော့ နယူးကာဆယ်ကို အနိုင်ရခဲ့ပေမဲ့ တိုက်စစ်ကောင်းတဲ့ ချဲလ်ဆီးနဲ့ လီဗာပူးအသင်းတို့ကို ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ နည်းပြသစ် ဟာဇီလာကတော့ နည်းစနစ်ပိုင်းကောင်းတဲ့ နည်းပြဖြစ်ပေမဲ့ အသင်းရဲ့ ဒဏ်ရာရကစားသမားများပြားနေမှုကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ တိုက်စစ်မှူး ဝဲလ်ဘက်က ၄-၄-၂ ကစားကွက်မှာ သွင်းဂိုးခြောက်ဂိုးထိ သွင်းယူခြေစွမ်းပြခဲ့ပေမဲ့ နောက်ဆုံးအဝေးကွင်း လေးပွဲဆက်မှာတော့ တစ်ဂိုးသာ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ အခုပွဲမှာတော့ ခံစစ်ကစားသမားတွေဖြစ်တဲ့ ဝက်ဘ်စတာ၊ လူးဝစ်ဒန့်၊ လမ်ပါတေး၊ ကွင်းလယ်က မင်တက်ခ်၊ ကာဒီအိုဂလူ၊ မင်နာ၊ ဆိုလီမက်တို့ ဒဏ်ရာရနေတာကြောင့် တိုက်စစ်ကစားပုံကောင်းတဲ့ ဘုန်းမောက်အသင်းကို ပွဲချိန်ပြည့် ယှဉ်ကစားဖို့မဖြစ်နိုင်လို့ အိမ်ရှင်အသင်းကိုပဲ အားပေးရမှာပါ။

**ဘုန်းမောက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လက်စတာ | ၁ | - | ၀ | ဘုန်းမောက် |
| ဘုန်းမောက် | ၂ | - | ၀ | အာဆင်နယ် |
| အေဗီလာ | ၁ | - | ၁ | ဘုန်းမောက် |
| ဘုန်းမောက် | ၂ | - | ၁ | မန်စီးတီး |
| ဘရန့်ဖို့ဒ် | ၃ | - | ၂ | ဘုန်းမောက် |

**ဘရိုက်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၀ | - | ၁ | ဘရိုက်တန် |
| ဘရိုက်တန် | ၂ | - | ၂ | ဝုဖ် |
| ဘရိုက်တန် | ၂ | - | ၃ | လီဗာပူး |
| လီဗာပူး | ၂ | - | ၁ | ဘရိုက်တန် |
| ဘရိုက်တန် | ၂ | - | ၁ | မန်စီးတီး |

### အေစီမီလန်အသင်းကို ရွေးချယ်ရမှာပါ

အီတလီစီးရီးအေပွဲစဉ် (၁၃) မှာ အကြိုက်တွေ့မိတာကတော့ အေစီမီလန်နဲ့ ဂျူဗင်တပ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အေစီမီလန်အသင်းဟာ နောက်ဆုံးငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်ရရှိခဲ့ပြီး တိုက်စစ်က ၁၀ ဂိုးထိသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲမှာ နာပိုလီအသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ပြီးနောက်ပိုင်း တိုက်စစ်ကစားပုံ မြှင့်တင်နိုင်ခဲ့တာကြောင့် ရီးရဲလ်မက်ဒရစ်လို အသင်းကြီးကို ချန်ပီယံလိဂ်ပြိုင်ပွဲမှာ သုံးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ လီအို၊ ပူလီဆစ်၊ ချူကွယ်ဇီ၊ မိုရာတာတို့ဦးဆောင်နေတဲ့တိုက်စစ်ကစားပုံက အသင်းကြီးတွေတောင် ထိန်းချုပ်ရခက်နေချိန်မှာ ဘရီမာ၊ ကာဘယ်တို့လို အဓိက ကစားသမားတွေ ဒဏ်ရာရနေတဲ့ ဂျူဗင်တပ်ခံစစ်ပိုင်းက ပွဲချိန်ပြည့်တားဆီးနိုင်မှာ မဟုတ်ပါဘူး။ လက်ရှိမှာ နည်းပြဖွန်စီကာက ၄-၂-၃-၁ ကစားကွက်နဲ့ တိုက်စစ်အသားပေးကစားနေတာကြောင့် တိုက်စစ်ပိုင်း အပြစ်ပြောစရာမရှိပေမဲ့ ခံစစ်ပိုင်းမှာတော့ လိုအပ်ချက်ရှိနေသေးလို့ ခံစစ်ပိုင်းလိုအပ်ချက်ကို ပြင်ဆင်နိုင်မယ်ဆို အခုပွဲစဉ်မှာ ရလဒ်ကောင်းမှာသေချာပါတယ်။

ဂျူဗင်တပ်အသင်းဟာ နည်းပြမော့တာလက်ထက်မှာ ခံစစ်ပိုင်းကောင်းလာပေမဲ့ တိုက်စစ်ပိုင်းမှာတော့ လိုအပ်ချက်ရှိခဲ့တာကြောင့် မထင်မှတ်တဲ့ပွဲတွေမှာ ရမှတ်ဆုံးရှုံးခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ၁၂ ပွဲကစားခဲ့ရာမှာ ခြောက်ပွဲနိုင်၊ ခြောက်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့ပြီး ရှုံးပွဲမရှိခဲ့ပေမဲ့ ပါးမား၊ ကက်ဂလီယာရီ၊ အမ်ပိုလီတို့လို အသင်းငယ်တွေကို သရေရလဒ်သာ ကစားနိုင်ခဲ့တဲ့ တိုက်စစ်ပိုင်းက အားရစရာမရှိပါဘူး။ လက်ရှိမှာလဲ တိုက်စစ်က ဗလာဟိုဗစ်၊ မီလစ်၊ ဂွန်ဇာလက်ဇ်တို့လို အဓိက ကစားသမားကောင်းတွေ ဒဏ်ရာကြောင့် ပါဝင်နိုင်မှာ မဟုတ်လို့ အေစီမီလန်အသင်းကို ဂိုးရဖို့ခက်နိုင်သလို ခံစစ်ကလဲ ဗဟိုခံစစ်ကစားသမား ဘရီမာ၊ ကာဘယ်တို့နေရာမှာ ဖြည့်ကစားနိုင်မဲ့ ကစားသမားကောင်းမရှိသေးတာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်း သုံးပွဲမှာလဲ အင်တာမီလန်ကို လေးဂိုးစီသရေ၊ အူဒီးနီးစ်ကို နှစ်ဂိုးနဲ့ အနိုင်၊ လိုင်လီအသင်းကို တစ်ဂိုးစီသရေ ရလဒ်ထွက်ပေါ်ခဲ့တာကိုကြည့်ရင် တိုက်စစ်ကောင်းတဲ့အသင်းတွေကို ပေးဂိုးများနေတာကို တွေ့ရမှာပါ။ လက်ရှိ အကျော့ပေးမှုမှာလဲ အိမ်ရှင်အေစီမီလန်က သရေရလဒ်ဆို ထက်ဝက်လောက်ပျော့ခွင့်ရမဲ့အခြေအနေဖြစ်တာကြောင့် အိမ်ရှင်အသင်းမရှုံးနိုင်တဲ့ အကျော့ပေးမှုဖြစ်လို့ အေစီမီလန်အသင်းကို ရွေးချယ်ရမှာပါ။

**အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေစီမီလန် | ၃ | - | ၁ | ကလက်ဘရုဂျက် |
| အေစီမီလန် | ၀ | - | ၂ | နာပိုလီ |
| မွန်ဇာ | ၀ | - | ၁ | အေစီမီလန် |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၃ | အေစီမီလန် |
| ကက်ဂလီယာရီ | ၃ | - | ၃ | အေစီမီလန် |

**ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၄ | - | ၄ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၂ | - | ၂ | ပါးမား |
| အူဒီးနီးစ် | ၀ | - | ၂ | ဂျူဗင်တပ် |
| လိုင်လီ | ၁ | - | ၁ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၂ | - | ၀ | တိုရီနို |

### ဘက်တစ်အသင်းနဲ့ လက်တွဲရမှာပါ

လာလီဂါပွဲစဉ် (၁၄) မှာအကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဗလင်စီယာအသင်းနဲ့ ဘက်တစ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှုမှာလဲ ဘက်တစ်အသင်းက ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ ဗလင်စီယာအသင်းဟာ အမှတ်ပေးပွဲ ၁၁ ပွဲအပြီးမှာ တစ်ပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်နဲ့ နိုင်ပွဲတစ်ပွဲသာရခဲ့တာကြောင့် အမှတ်ပေးဇယား အောက်ဆုံးမှာရောက်ရှိနေပြီး အဆိုးရွားဆုံးဘောလုံးရာသီနဲ့ ရင်ဆိုင်နေရတာကို တွေ့ရမှာပါ။ သူတို့အသင်းနည်းပြကတော့ ပြိုင်ပွဲတိုင်းကို ရမှတ်ရှာဖွေနိုင်ဖို့ ခံစစ်အသားပေး ကစားပေမဲ့ကစားသမားတွေရဲ့ တစ်ယောက်ချင်းစွမ်းဆောင်ရည်က ခြေစွမ်းပိုင်းကောင်းတဲ့ အသင်းတွေနဲ့ဆို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ပေးဂိုးများနေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ဂီတာဖေးနဲ့ပွဲမှာ ဦးဆောင်ဂိုး အရင်သွင်းယူနိုင်ခဲ့ပေမဲ့ ပွဲပြီးဆုံးခါနီးမှာ ခံစစ်ပိုင်းကျဆင်းခဲ့တာကြောင့် ချေပဂိုးပေးလိုက်ရပြီး သရေတစ်မှတ်သာရခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ ကစားသမားလေးယောက်ထိ ဒဏ်ရာရနေတာကြောင့် ကစားကွက်ပိုင်း အားနည်းသွားမှာဖြစ်ပါတယ်။

ဘက်တစ်အသင်းဟာ အခုရာသီမှာ ကစားသမားကောင်းတွေ ဖြည့်တင်းနိုင်ခြင်းမရှိပေမဲ့ အသင်းက ခြေစွမ်းပြကစားသမားတွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာကြောင့် ခြေစွမ်းပိုင်းကျဆင်းသွားတာမရှိပါဘူး။ လက်ရှိအမှတ်ပေးပွဲ ၁၃ ပွဲကစားအပြီးမှာ ငါးပွဲနိုင်၊ ငါးပွဲသရေ၊ သုံးပွဲရှုံးရလဒ်ကြောင့် ရမှတ် ၂၀ နဲ့ အမှတ်ပေးဇယား အဆင့်(၇) နေရာမှာရောက်ရှိနေတာကို တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာလဲ သုံးပွဲနိုင်၊ နှစ်ပွဲသရေနဲ့ ရှုံးပွဲမရှိခဲ့ဘဲ အေတီကို၊ ဘီလ်ဘာအို၊ ဆဲလ်တာဗီဂိုတို့လို အသင်းတွေကို ဂိုးသွင်းယူနိုင်ပြီး ရလဒ်ကောင်းခဲ့တာကို သတိပြုရမှာပါ။ လက်ရှိတိုက်စစ်ပိုင်းကလဲ နောက်ဆုံးငါးပွဲမှာ သွင်းဂိုး ၁၁ ဂိုးထိ သွင်းနိုင်ခဲ့တာကြောင့် ဗလင်စီယာလို ခြေစွမ်းပိုင်းကျဆင်းနေတဲ့ အသင်း ရလဒ်ကောင်းဖို့တော့ ရုန်းကန်ရမှာပါ။ လက်ရှိဘက်တစ်အသင်းမှာ ဒဏ်ရာရကစားသမားနှစ်ယောက်ရှိပေမဲ့ ကစားသမားစုဖွဲ့မှုက ဗလင်စီယာထက်သာနေတာဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုသုံးကြိမ်မှာလဲ ဘက်တစ်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့ အသာရခဲ့လို့အဘက်ဘက်ကသာလွန်နေတဲ့ဘက်တစ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၀ | - | ၀ | အိုဆာဆူနာ |
| ဆိုစီဒက် | ၃ | - | ၀ | ဗလင်စီယာ |
| လီဂါနက်စ် | ၀ | - | ၀ | ဗလင်စီယာ |
| ဗလင်စီယာ | ၂ | - | ၃ | လက်ပါးမက် |
| ဂီတာဖေး | ၁ | - | ၁ | ဗလင်စီယာ |

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၁ | - | ၀ | အေတီကို |
| ဂျီရိုရာ | ၁ | - | ၆ | ဘက်တစ် |
| ဘီလ်ဘာအို | ၁ | - | ၁ | ဘက်တစ် |
| ဘက်တစ် | ၂ | - | ၁ | စီဂျလီ |
| ဘက်တစ် | ၂ | - | ၂ | ဆဲလ်တာဗီဂို |




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း။ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဗ္ဗာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၂၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၁၂၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၈၄၁၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကုလားပဲ ၁၂၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း ကုလားပဲ ၂၈၄၁၃ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၂၇၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ကုလားပဲစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကုလားပဲစိုက်ပျိုးရာတွင် သီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် နည်းပညာများကို ပံ့ပိုးကူညီပေးနေပြီး သီးနှံများ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရန် အသိပညာပေးလျက်ရှိကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်ထံမှ သိရသည်။ (၂၀၆)

# ပခုက္ကူမြို့နယ် ရှားပင်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပခုက္ကူ နိုဝင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှားပင်ကိုင်းကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းချက်များ၊ ကျေးလက်နေ ပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက စီမံကိန်းစက်ဝန်း ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရှားပင်ကိုင်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၃၂ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၁၀ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၄ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို ရန်ပုံငွေကျပ် ၄၇ ဒသမ ၇သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ကိုညို

❖ **လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဩဂုတ် ၆ ရက်တွင် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ကျိုင်းတုံမြို့၊ ပင်လုံမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မအူပင်မြို့တို့၌ Polytechnic University ဖွင့်ပွဲများ ကျင်းပပြုလုပ်




နေပြည်တော် နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ထားဝယ်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တို့၌ Polytechnic University ဖွင့်ပွဲများကို ယနေ့တွင် ကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

တြိဂံဒေသတိုင်းစစ်ဌာနချုပ်
တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်
တာဝန်ရှိသူတစ်ဦးက
ကျိုင်းတုံမြို့ POLYTECHNIC UNIVERSITY
(KYAING TONG) ကို
စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

## စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ငွေကျပ် ၂၇ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူကီလို ၁၅၀ ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ငါးသန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၁၂ ကီလိုနှင့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းသုံးတန်တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၁

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၅ ရက် နံနက် ၅ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျီကုန်းကျေးရွာ လမ်းဆုံတွင် ကလေးဝမှ ကလေးဘက်သို့ စိန်လွင် မောင်းနှင်ပြီး ချစ်စန်းကို လိုက်ပါလာသည့် FUSO ၁၂ ဘီးယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ကုန်ပစ္စည်းများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဘိန်းဖြူ ၅၀ ဒသမ ၆ ကီလိုသိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့တွင် မန္တလေးမှ ကလေးမြို့သို့ မူးယစ်ဆေးဝါးများ တင်ပို့ရောင်းချခဲ့ကြသည့် မြင့်နိုင်ဦး(ခ)မောင်စိုးနှင့် ဇော်ဝင်းထွန်း (ခ) နိုင်ဝင်းထွန်း (ခ) နားကားတို့ကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်ရှိ နေအိမ်တွင်လည်းကောင်း၊ ဘရန်မွန်း(ခ)ဇော်တန်အားရ

စာမျက်နှာ ၂၄ ကော်လံ ၁ ❍


